# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday 17 May 2018 ၉၂၈၉


# နိုင်ငံအတွက် အရေးပါသည့် သဘာဝအရင်းအမြစ် ကမ်းရိုးတန်းသယံဇာတများ ပျက်စီးယိုယွင်းမှုမရှိစေရေး ဆောင်ရွက်ကြရန်လို

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၆

**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။**



**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကား ပြောကြားစဉ်။**

အစည်းအဝေးတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးမှာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၁၉ ဦးပါဝင်ကာ လုပ်ငန်းတာဝန် ၁၀ ရပ်ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီခြောက်ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများနှင့် ခရိုင်အဆင့်ကော်မတီများကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသုံးကြိမ်တွင် အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၂၃ ချက် ချမှတ်ခဲ့ကာ ဆောင်ရွက်ပြီးစီးမှု ရှစ်ချက်ရှိပြီး ဆောင်ရွက်ဆဲ ၁၅ ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများထဲမှ အချိန်တိုတိုနှင့် ပြီးမြောက်ရမည့်လုပ်ငန်းများကို နောက်လာမည့် အစည်းအဝေးမတိုင်မီ ပြီးမြောက်အောင်နှင့် ရေရှည်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကို အချိန်ကာလသတ်မှတ်ပြီး ပြီးစီးအောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသသည် ၂၈၃၂ ကီလိုမီတာခန့်ရှည်လျားကာ ကမ်းဦးရေတိမ်ပိုင်း ရေပြင်အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၂၃၀၀၀၀ ခန့်ကျယ်ဝန်းပြီး ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်း၊ လတာပြင်၊ မြစ်ဝနှင့် သဲသောင်ကမ်းခြေဂေဟစနစ်များ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် အဆိုတင်သွင်း**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

**ကျေးလက်နေ တောင်သူလယ်သမားများအား အသိပညာ၊ နည်းပညာများ အထောက်အပံ့အကူအညီပေးပြီး GAP နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်း**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇




ကြေးမုံ

## အပြုသဘောဆောင်သည့်နည်းလမ်းဖြင့် ဖြေရှင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧပြီ ၂၈ ရက်မှ ၃၀ ရက် နံနက်အထိနှင့် မြန်မာနိုင်ငံသို့ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ လာရောက်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မေ ၁၄ ရက်က တံခါးဖွင့်ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ပြည်နယ် အရေးကိစ္စနှင့် စပ်လျဉ်း၍ ပကတိဖြစ်စဉ်အမှန်များနှင့် မြန်မာနိုင်ငံ၏ သဘောထား ရပ်တည်ချက်များကို ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။

တံခါးဖွင့်ရှင်းလင်းပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက ရခိုင်ပြည်နယ် ဖြစ်စဉ်နှင့်ပတ်သက်၍ ပြဿနာအရင်းအမြစ်အမှန်နှင့် မြန်မာနိုင်ငံရပ်တည်မှုအား ရှင်းလင်းပြောကြားခဲ့သည်ကို မှတ်သားရသည်။ လက်ရှိကြုံတွေ့နေရသည့်ပြဿနာမှာ ARSA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေးစခန်း ၃၀ ကို တိုက်ခိုက်ခဲ့ခြင်းကြောင့်သာ ဖြစ်သည်။ ယမန်နှစ် ဩဂုတ် ၂၈ ရက်က မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ မြိုတိုင်းရင်းသား ခုနစ်ဦး သတ်ဖြတ်ခံခဲ့ရခြင်း၊ နေအိမ် ၂၆၂၅ လုံး မီးရှို့ခံရခြင်းများနှင့် တစ်ဆက်တည်း စက်တင်ဘာ ၂၈ ရက်တွင် ရဲဘော်ကျကျေးရွာ အနောက်မြောက်ဘက်တွင် ပြန်ပေးဆွဲခြင်းခံခဲ့ရသူ လူဦးရေ ၁၀၀ အနက် သတ်ဖြတ်ခြင်းခံရသူ ၄၅ ဦး၏ ရုပ်အလောင်းများ တူးဖော်တွေ့ရှိခြင်း စသည်တို့သည် ARSA အကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်သော လူမဆန်သည့်လုပ်ရပ်များပင် ဖြစ်သည်။

အဆိုပါ တုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်များအား ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ရခိုင်၊ မြို၊ မရမာကြီးနှင့် ဟိန္ဒူလူမျိုး ၂၀ ခန့်က မေ ၁ ရက်တွင် မောင်တောမြို့သို့ ရောက်ရှိခဲ့သည့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ထုတ်ဖော်ပြောကြားရန် စောင့်ဆိုင်းခဲ့သော်လည်း အချိန်အကန့်အသတ်ကြောင့် ရခိုင်လူမျိုးနှင့် ဟိန္ဒူဘာသာဝင် အမျိုးသမီးနှစ်ဦးတို့သာ ပြောကြားခွင့်ရခဲ့သည်။ ရခိုင်လူမျိုးများ၏ ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်များမှာ မမှန်မကန်ပြောကြားမှုများဖြင့် ဖုံးလွှမ်းခဲ့သည်။ ပဋိပက္ခ၏အရင်းအမြစ်နှင့် အပြစ်မဲ့ ဟိန္ဒူ၊ ရခိုင်နှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခံရမှုများကို အနောက်မီဒီယာများက မသိကျိုးကျွန်ပြုနေကြသည်။ မွတ်စလင်အသိုင်းအဝိုင်းတို့သာ နှိပ်စက်ခံ သားကောင်ဖြစ်နေရကြောင်းကို ဇာတ်နာအောင် ဖန်တီးမှုများ တရစပ်ဖော်ပြနေကြပြီး ပကတိအမှန်တရားများမှာ မျက်ကွယ်ပြုခြင်း ခံခဲ့ရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ပကတိအခြေအနေမှန်များကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ပိုမိုနားလည်သိရှိစေရန်အတွက် လက်ခံစီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် အမှန်တရားများမှာ အရာမရောက်ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် တာဝန်ခံမှုရှိစွာဖြင့် မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကိုမျှ အကာအကွယ်ပေးမည်မဟုတ်ကြောင်း ထပ်တလဲလဲ ပြောကြားခဲ့ပြီးဖြစ်သည်။ အထောက်အထားတင်ပြနိုင်သည့် စွပ်စွဲချက်များကို တရားဥပဒေနှင့်အညီ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားထားပြီးဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အကြမ်းဖက်မှုကို ရှုတ်ချကြောင်းနှင့် လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးပါက လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို အရေးယူရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မမှန်မကန်စွပ်စွဲမှုများ၊ အမှန်တရားကို မျက်ကွယ်ပြုနေမှုများသည် ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ချေ။ ခွဲခြားဆက်ဆံမှုများနှင့် တစ်ဖက်သတ် ပံ့ပိုးကူညီမှုများသည် ဒေသတွင်းအသိုက်အဝန်းများအကြား အမုန်းတရားနှင့် ပိုမိုကင်းကွာမှုများနှင့် တင်းမာမှုများကိုသာ မြင့်တက်စေမည်ကို သတိချပ်သင့်သည်။ အလွန်ရှုပ်ထွေးပြီး နိုင်ငံရေးအရ ထိခိုက်လွယ်သည့် ရခိုင်ပြည်နယ်အရေးပြဿနာကို မျှတမှုရှိပြီး အပြုသဘောဆောင်သည့် နည်းလမ်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြေလျှင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မေ ၁၆**

မြေလျှင် ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခု ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် လွန်စွာအရေးကြီးကြောင်း၊ မြေလျှင်ကဲ့သို့ ကြိုတင်ခန့်မှန်း၍မရဘဲ လူအများထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များတွင် ထိခိုက်ဒဏ်ရရှိသူများအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် မလိုလားအပ်သော ဆိုးကျိုးများ၊ သေဆုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကဏ္ဍအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်တိုးမြှင့်ရေးလုပ်ငန်းများဖြစ်သည့် လေ့ကျင့်သင်ကြားခြင်း၊ ကျန်းမာရေးဌာနအဆောက်အအုံများ ဘေးအန္တရာယ်ဒဏ်ခံနိုင်ရည်ရှိစေရန် ဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်သိုလှောင်ထားရှိခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နှီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုချက်များရယူ၍ ယခင်ရှိခဲ့သော လမ်းညွှန်ချက်များနှင့် စီမံချက်များကို ပြုပြင်ရေးဆွဲရမည်ဖြစ်ပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်စဉ် အခြေအနေများအတွက် အသင့်အနေအထားရှိပြီး ဘေးအန္တရာယ်ဒဏ်ခံနိုင်ရည်စွမ်းရှိသော ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ယခုအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ဆွေးနွေးမှုရလဒ်များကို လက်တွေ့ဆောင်ရွက်သောလုပ်ငန်းများတွင် အသုံးချခြင်းအားဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရည်ရွယ်ချက်များကိုလည်း ပိုမိုပြည့်မီစေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေးနှင့် ကူးစက်) ဒေါက်တာသန်းထွန်းအောင်က ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမော်မော်ဦးက ဘေးအန္တရာယ်ကြောင့် ဆေးရုံများ ထိခိုက်ပျက်စီးမှု အခြေအနေတွင် အရေးပေါ် ရွှေ့ပြောင်းမှုအစီအစဉ်၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး အရေးပေါ် ဆေးကုသမှုဌာနမှ ပါမောက္ခ ဒေါက်တာခိုင်ရွှေဝါက အရေးပေါ် အခြေအနေများတွင် ပြုစုကုသရေးစီမံချက်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) အရေးပေါ်ဆေးကုသမှုဌာနမှ ဒေါက်တာသန်းလတ်အောင်က ဖြစ်စဉ် ဖြစ်ပွားရာနေရာတွင် အရေးပေါ်ဆေးကုသမှုနှင့် အရေးပေါ်လူနာ လွှဲပြောင်းကုသမှုတို့ကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြေလျှင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ဝိုင်းဖွဲ့ဆွေးနွေးမှုအစီအစဉ်ကို ပြုလုပ်သည်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲ အစီအစဉ်ကို လူအများ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားခြင်းအား အခင်းဖြစ်ပွားရာနေရာတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများ၊ ဆေးရုံများတွင် ဘေးအန္တရာယ်ဒဏ်ခံ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိမှု လုပ်ငန်းများ၊ ဆေးရုံ အဆောက်အအုံများ ထိခိုက်ပျက်စီးသွားသည့် အခြေအနေများတွင် လူနာများ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် အခြားအရေးကြီး စာရွက်စာတမ်းများအား အရေးပေါ် ရွှေ့ပြောင်းမှုလုပ်ငန်းများ၊ ဘေးအန္တရာယ်များတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဌာနတွင်း၊ ဌာနပြင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ စီမံကွပ်ကဲမှုစင်တာ စီမံခန့်ခွဲမှုလုပ်ငန်းများ စသည်တို့ကို အဖွဲ့များခွဲ၍ ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး ရရှိလာသော ဆွေးနွေးမှုရလဒ်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းအဖွဲ့က ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ညောင်တုန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သံကြိုးကျေးရွာအုပ်စု ရေပြင်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းအပ်နှံပွဲကို မေ ၁၅ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွှန့်ညွှန့်ငွေ၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းအဖွဲ့မှ ARTIC စီမံကိန်းဒါရိုက်တာ ဦးစေတနာနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းအဖွဲ့ ARTIC မန်နေဂျင်းဒါရိုက်တာ ဦးစေတနာက နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ARTIC မန်နေဂျင်း ဒါရိုက်တာက အခြေခံပညာဦးစီးဌာန ညောင်တုန်းမြို့နယ် ပညာရေးမှူး ဒေါ်ညွှန့်ညွှန့်ငွေးထံ နှစ်ထပ်ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ အမှတ်တရအလံများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းတွင်းကွန်ကရစ်လမ်းခင်းရန်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးညီညီမိုးက လက်ခံရယူသည်။ အဆိုပါ ရေပြင်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၇၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေရှိပြီး နှစ်ထပ်၊ သွပ်မိုး၊ အုတ်ကာဖြစ်ကာ ကုန်ကျလှူဒါန်းငွေ တန်ဖိုးမှာ ကျပ်သိန်း ၈၇၀ ခန့်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၆**

ရန်ကုန်(ရွှေဈေး) ၉၃၅၅၀၀ - ၉၃၅၅၀၀ မန္တလေး(ရွှေဈေး) ၉၃၅၅၀၀ - ၉၃၅၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၆၀/၈၆၅ ကျပ်၊ | ၉၀၅/၉၂၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၅/၈၇၅ ကျပ်၊ | ၉၆၅/၉၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၈၈၀ ကျပ်၊ | ၉၁၅/၉၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၉.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၄၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃.၀၆၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၆.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၀၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၂.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၇.၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ **ရှေ့ဖုံးမှ**

တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဂေဟစနစ်များသည် ကမ်းရိုးတန်းဒေသ စနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်နိုင်ရန်အတွက် ကိုယ်စီကိုယ်ငလုပ်ငန်းများ ဆောင်ရွက်နေကြပါကြောင်း၊ သီးခြားစနစ်တစ်ခုထိခိုက်ပျက်စီးသည်နှင့် စနစ်ကြီးတစ်ခုလုံးအပေါ်တွင် အကျိုးသက်ရောက်နိုင်ပါကြောင်း၊ ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန်အတွက် လုပ်ငန်းမဆောင်ရွက်ခင်ကတည်းက ကမ်းရိုးတန်းဂေဟစနစ်များအပေါ် ထိခိုက်နိုင်မှုဆန်းစစ်ခြင်းနှင့် ဆန်းစစ်ရရှိမှုအပေါ် အခြေခံပြီး စနစ်တကျ ဘက်စုံစီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယင်းအပြင် ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ထိခိုက်မှုမရှိအောင် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ၊ ဒေသခံများနှင့်ပူးပေါင်းကာ ဂေဟစနစ်များ မပျက်စီးရေး၊ ပင်လယ်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားစေလိုပါကြောင်း။

### နောင်သားစဉ်မြေးဆက်အတွက်

ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို အကျိုးရှိထိရောက်စွာနှင့် ရေရှည်အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် **“ပေါင်းစည်းဆောင်ရွက်ခြင်းကြောင့် ရရှိလာသည့်စွမ်းအား”** နှင့်အတူ မိမိတို့နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို လက်ရှိနိုင်ငံသားတို့အတွက်သာမက နောင်သားစဉ်မြေးဆက်အတွက်ပါ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်မည့် စနစ်တစ်ရပ်ကို မိမိတို့ တည်ထောင်ထားခဲ့နိုင်အောင် လုပ်ဆောင်ခြင်းလည်း ဖြစ်ပါကြောင်း။

### ဂေဟစနစ်များ

မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်နှစ်ခု၌ရှိသော ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ခန့် နေထိုင်လျက်ရှိပြီး တစ်နည်းမဟုတ်တစ်နည်း ပင်လယ်ကမ်းရိုးတန်းဒေသ ဂေဟစနစ်များက ရရှိသည့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပေါ်တွင် မှီခိုရှင်သန်ရပ်တည်နေကြရပါကြောင်း၊ ကမ်းရိုးတန်းသယံဇာတများကို ရေရှည်တည်တံ့စေသော စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ စနစ်တကျမရှိပါက သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် အရေးပါသည့် ဂေဟစနစ်များ အတိုင်းအတာတစ်ခုအထိ ပျက်စီးယိုယွင်းလာနိုင်ပြီး ထိုဂေဟစနစ်များကရရှိနေသော ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်း ဂေဟစနစ်များသည် လူတို့၏ နေ့စဉ်စားဝတ်နေရေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးတို့အတွက် သဘာဝအလျောက်တည်ရှိနေသော အခြေခံအဆောက်အအုံများ ဖြစ်ကြပါကြောင်း၊ ထိုအခြေခံအဆောက်အအုံများကို လူတို့က တန်ဖိုးထားထိန်းသိမ်းကာကွယ်လျှင် ၎င်းတို့ထံမှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပိုမိုရရှိနိုင်ပြီး ကမ်းရိုးတန်းဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

### နိုးကြားသည့် အသိ

၁၉၈၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (World Charter for Nature) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြေညာစာတမ်းတွင် **“မိခင်သဘာဝကို လေးစားပါ၊ ကမ္ဘာပေါ်မှာ အပင်နှင့် တိရစ္ဆာန်တို့ မျိုးရိုးဗီဇစုံလင်စွာ တည်ရှိမှုကို ထိခိုက်ပျက်စီးမှုမရှိစေရန်ဆောင်ရွက်ပါ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပါ၊ သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးပါ၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရန်ဆောင်ရွက်ပါ”** စသည့် တိုက်တွန်းချက်များကို တွေ့ရသည့်အတွက် လွန်ခဲ့သော ၃၅ နှစ်ခန့်ကစပြီး သဘာဝဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန် နိုးကြားသည့် အသိ ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် **“ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်သည့်အုပ်စု”** နှင့် **“ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအုပ်စု”** တို့အကြား အငြင်းပွားစရာများလည်း ရှိနေပါကြောင်း၊ အမှန်တကယ်တွင် **“ဖွံ့ဖြိုးရေး”** နှင့် **“ထိန်းသိမ်းရေး”** တို့သည် လူသားများအတွက် နှစ်မျိုးလုံး လိုအပ်နေသောကြောင့် တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ဘက်သွားကြမည့်အစား အချင်းချင်းညှိနှိုင်းပြီး အတူတူလက်တွဲဆောင်ရွက်ကြမည်ဆိုပါက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင်သုံးရပ်စလုံးကို အလေးထားသည့် **“ဖွံ့ဖြိုးရေးပန်းတိုင်”** ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကော်မတီများအနေဖြင့် ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးလာစေရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်သည့်အခါတွင် **“ဆွေးနွေးညှိနှိုင်းရေးနည်း”** ဖြင့် ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

### ကမ်းရိုးတန်းသယံဇာတများ

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝအရင်းအမြစ်သည် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် လူသားအရင်းအမြစ်၊ ကုန်ထုတ်လုပ်မှုအရင်းအမြစ်၊ လူမှုရေး အရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်တို့သည် သဘာဝအရင်းအမြစ်အပေါ်တွင် မှီတည်ပြီး ဖွံ့ဖြိုးတိုးတက်ကြပါကြောင်း၊ ကမ်းရိုးတန်းသယံဇာတများသည် မိမိတို့နိုင်ငံအတွက်အရေးပါသည့် သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည့်အတွက် ထိုသယံဇာတများ ပျက်စီးယိုယွင်းမှုမရှိစေရေးကို အခြေခံစဉ်းစားပြီး အချင်းချင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပင်လယ်ကမ်းရိုးတန်းဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံက ကတိကဝတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သော ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၊ ပဲရစ်သဘောတူညီချက်နှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတများနှင့်ဆိုင်သည့် ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရာရောက်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးနိုင်ရေး ပြောကြားသည်။

ထို့နောက် Marine Spatial Planning ဆိုင်ရာ အသိပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက တတိယအကြိမ်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်မှုများကို ရှင်းလင်းတင်ပြသည်။

### အခက်အခဲများ တင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒေါက်တာအောင်သူ၊ တွဲဖက်အတွင်းရေးမှူး(၂) ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မေ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ဒေါက်တာခင်ဇော်၊ ဦးဝင်းခန့်နှင့် ဦးတင်မောင်ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ် နိုင်မင်းကျော်တို့က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ တရားမဝင် ငါးဖမ်းခြင်းနှင့် စည်းကမ်းမဲ့ ငါးဖမ်းရေယာဉ်များအား စစ်ဆေးအရေးယူမှုအခြေအနေ၊ ဒီရေတောများ ပြုစုထိန်းသိမ်းစောင့်ရှောက်နေမှုအခြေအနေ၊ ဒီရေတောစိုက်ခင်းများ တည်ထောင်နေမှုအခြေအနေ၊ တည်ထောင်ခွင့်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**


## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် မေ ၁၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံ အစိုးရတို့အကြား ချေးငွေဆိုင်ရာကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ရန်ကုန်မြို့ပတ်ရထားလမ်းများအား ပို၍အဆင်ပြေစေရေး အရှေ့-အနောက်နှင့် တောင်-မြောက် မီးရထားလမ်းသစ် ဖောက်လုပ်နိုင်ရန်အတွက် JICA မှ Feasibility Study ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ရန်ကုန်မြို့ရှိ ကျိုက္ကဆံ စီမံကိန်းအား G to G စီမံကိန်းအဖြစ် ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အမေရိကန်သမ္မတနှင့်ပြုလုပ်မည့် ထိပ်သီးဆွေးနွေးပွဲကို ဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယား ခြိမ်းခြောက်



**ဆိုးလ် မေ ၁၆**

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူလက်နက်တိုက်ကို တစ်ဖက်သတ် စွန့်လွှတ်ရန် အမေရိကန်ပြည်ထောင်စုက တွန်းအားပေးလာပါက မကြာမီပြုလုပ်ရန် စီစဉ်ထားသည့် သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့၏ ထိပ်သီးဆွေးနွေးပွဲကို ဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယားက ယနေ့တွင် ခြိမ်းခြောက်လိုက်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်နေမှုကြောင့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတို့မှ အဆင့်မြင့်တာဝန်ရှိသူများ ယနေ့တွင် ပြုလုပ်မည့် တွေ့ဆုံဆွေးနွေးပွဲကို မြောက်ကိုရီးယားဘက်မှ ဖျက်သိမ်းခဲ့သည်။ ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ရိုင်းပျမှုနှင့် ကောက်ကျစ်စဉ်းလဲသည့် ရန်စလှုံ့ဆော်မှုဖြစ်ကြောင်း မြောက်ကိုရီးယားက ပြစ်တင်ရှုတ်ချခဲ့သည်။

လွန်ခဲ့သည့်လများအတွင်းက ကိုရီးယားကျွန်းဆွယ်အတွင်း သံတမန်ရေးနည်းအရ ရုတ်ခြည်းပင် ပြန်လည်သင့်မြတ်မှုဆီသို့ ဦးတည်လာခဲ့ပြီးနောက် ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြောက်ကိုရီးယားက ယခင်အတိုင်း ဝေဖန်ရှုတ်ချခြင်းဖြစ်သည်။

အကယ်၍ အမေရိကန်ပြည်ထောင်စုက မိမိတို့အား ထောင့်ကျဉ်းအတွင်းသို့ အင်အားသုံးမောင်းထုတ်ရန် ကြိုးပမ်းပြီး မိမိတို့၏ အဏုမြူလက်နက်များကို တစ်ဖက်သတ် စွန့်လွှတ်စေမည်ဆိုပါက မိမိတို့အနေဖြင့်လည်း ယင်းသို့သော တွေ့ဆုံဆွေးနွေးခြင်းအပေါ် စိတ်ဝင်စားမှု ရှည်ရှည်ဝေးဝေးရှိလိမ့်မည် မဟုတ်ကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ကျေ့ဂွမ်၏ ကြေညာချက်ကို မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။ **အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံ ရဲဌာနချုပ်တစ်ခုအား အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်း

**ဂျကာတာ မေ ၁၆**

အင်ဒိုနီးရှားနိုင်ငံ ရဲဌာနချုပ်တစ်ခုအား အကြမ်းဖက်သမားလေးဦးက ဆာမူရိုင်းဓားရှည်များ ကိုင်ဆောင်ကာ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရဲအရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

အဆိုပါအကြမ်းဖက်မှုသည် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းပေါ်ရှိ ပီကန်ဘာရုမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဓားရှည်များ ကိုင်ဆောင်လာသော အကြမ်းဖက်သမားလေးဦးသည် ရဲဌာနချုပ်၏ တံခါးဝကို မီနီဗင်ကားဖြင့် ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး ရဲအရာရှိများကို စတင်တိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးအရာရှိများက ဆိုသည်။ အကြမ်းဖက်သမားလေးဦးကို လုံခြုံရေးအရာရှိများက သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခုခံခဲ့ရာ ၎င်းတို့လေးဦးလည်း သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်သည် အိုင်အက်စ်စစ်သွေးကြွများ အသေခံဗုံးခွဲမှုများ နိုင်ငံတစ်ဝန်း ပြုလုပ်ခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော ရက်အနည်းငယ်က အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များသည် အင်ဒိုနီးရှားနိုင်ငံ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဂျာဗားကျွန်း ဆူရဗာရာမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းနှင့် ရဲစခန်းတစ်ခုကိုလည်း အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သည်။

ရဲအရာရှိများအား လုပ်ပိုင်ခွင့်အာဏာပိုမိုရရှိစေရန် အဆိုပြုသည့် လုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် ဥပဒေအရာရှိများက ကြိုးပမ်းလျက်ရှိစဉ် နိုင်ငံအတွင်း အဆိုပါ အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းကြောင့် ဥပဒေပြဋ္ဌာန်းရန် ပိုမိုဖိအားပေးရာရောက်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**





# နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်ရေး ဂျပန်လွှတ်တော်က ဥပဒေသစ်ပြဋ္ဌာန်း

**တိုကျို မေ ၁၆**

ဂျပန်နိုင်ငံ၌ ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှုကို မြှင့်တင်အားပေးမည့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ နိုင်ငံရေးတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု နည်းပါးနေဆဲဖြစ်သော ဂျပန်နိုင်ငံ၌ အမျိုးသားနှင့် အမျိုးသမီး သာတူညီမျှမှုရှိရေးအတွက် ယင်းဥပဒေမှာ အရေးကြီးလှကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ပါလီမန်က ယနေ့တွင် အတည်ပြုပေးသော ဥပဒေသစ်အရ နိုင်ငံရေးပါတီများသည် အမျိုးသားကိုယ်စားလှယ်လောင်းများနှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများဦးရေကို တတ်နိုင်သမျှ အညီအမျှဖြစ်စေရေးအတွက် အလေးထားကြရန် တိုက်တွန်းထားပြီး အမျိုးသားနှင့် အမျိုးသမီး သာတူညီမျှမှုရှိရေးအတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းထားသည်။

သို့ရာတွင် အထက်ဖော်ပြပါအတိုင်း လုပ်ဆောင်နိုင်ခြင်း မရှိသော နိုင်ငံရေးပါတီများအား အရေးယူအပြစ်ပေးရန် လည်းကောင်း၊ အထက်ဖော်ပြပါအတိုင်း လုပ်ဆောင်လာစေရေးအတွက် နိုင်ငံရေးပါတီများအား မက်လုံးပေးရန်လည်းကောင်း ယင်းဥပဒေတွင် ဖော်ပြထားခြင်း မရှိပေ။

အလုပ်သမားအင်အားစု ပိုမိုနည်းပါးလာသည့် အခြေအနေမှ ကျော်လွှားလွန်မြောက်နိုင်ရေးအတွက် ကြိုးပမ်းနေစဉ်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က နိုင်ငံတော်၏လုပ်သားအင်အားစုတွင် အမျိုးသမီးဦးရေ တိုးလာရန် ရည်ရွယ်သည့်မူဝါဒသစ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

သို့ရာတွင် ပါလီမန်ရှိ အောက်လွှတ်တော်အမတ် ၄၆၅ ဦးအနက် ၄၇ ဦးသာလျှင် အမျိုးသမီးများဖြစ်ကြကြောင်း၊ အစိုးရအဖွဲ့အတွင်း အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မှုအရ အဆင့်အတန်း သတ်မှတ်ရလျှင် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ဂန်ဘီယာနိုင်ငံတို့၏ နောက်ဘက်တွင် ရှိနေကြောင်း ပါလီမန်ချင်းဆက်ဆံရေးသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၌ လာမည့်နှစ် ဧပြီလတွင် ဒေသဆိုင်ရာရွေးကောက်ပွဲများ ကျင်းပရန်လည်းကောင်း၊ ဇူလိုင်လတွင် အထက်လွှတ်တော်ရွေးကောက်ပွဲ ကျင်းပရန်လည်းကောင်း စီစဉ်ထားသည်။ **အေအက်ဖ်ပီ**

# ခရိုင်းမီးယားဒေသကို ရုရှားနှင့် ဆက်သွယ်နိုင်မည့် တံတားဖွင့်လှစ်မှု အမေရိကန် ရှုတ်ချ

**ဝါရှင်တန် မေ ၁၆**

ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံနှင့်ဆက်သွယ်ပေးမည့် တံတားတစ်စင်းကို သမ္မတ ဗလာဒီမာ ပူတင်က ဖွင့်လှစ်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဌာနက ယနေ့တွင် ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ခရိုင်းမီးယားဒေသနှင့် ဆက်သွယ်နိုင်မည့်တံတားတစ်စင်းကို ရုရှားနိုင်ငံတည်ဆောက်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်လိုသည့် သဘောသကန်ကို အထင်အရှားဖော်ပြနေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟယ်သာနော်ယစ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ခရိုင်းမီးယားကျွန်းဆွယ်ဒေသကို ရုရှားအစိုးရက ၂၀၁၄ ခုနှစ်တွင် ယင်း၏ပိုင်နက်နယ်မြေအဖြစ် သွတ်သွင်းခဲ့သည်။

ရုရှားနိုင်ငံတောင်ပိုင်း တာမန်ကျွန်းဆွယ်နှင့် ဆက်သွယ်နိုင်သည့် ကာ့ချ်ရေလက်ကြားတံတားကို သမ္မတ ဗလာဒီမာပူတင်က ထရပ်ကားတစ်စီးဖြင့် မောင်းနှင်ဝင်ရောက်ခဲ့ပြီးနောက် အမေရိကန်က အထက်ပါအတိုင်း ပြစ်တင်ရှုတ်ချလိုက်ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**



# ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် အဆိုတင်သွင်း

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ သိန်းနီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက **မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများ အားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆုံးဖြတ်လိုက်သည်။

ဆက်လက်၍ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း (၆)ခုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်စောင် တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပခုက္ကူ မဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်း ဖောက်လုပ်ရန်အတွက် သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်ခဲ့သော မြေယာများနှင့် ပတ်သက်၍ ယနေ့အချိန်ထိ လေယာဉ်ကွင်းသစ်တည်ဆောက်ခြင်းမရှိသေးသဖြင့် မည်သည့်ကာလတွင် တည်ဆောက်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မူလ လေယာဉ်ကွင်းဟောင်းသည် ပြေးလမ်း ပေ ၃၆၀၀၊ အကျယ် ပေ ၉၀ မြေကြီးကွင်းဖြစ်ပြီး တွင်အော်တာ လေယာဉ်ငယ်များသာ ဆင်းနိုင်ခြင်း၊ လူနေအိမ်ခြေများ တိုးချဲ့လာသဖြင့် ပြေးလမ်းနှင့် လေဆိပ်ကို တိုးချဲ့မရနိုင်ခြင်း၊ ရေရှည်ကာလတွင် အသုံးပြု၍ မရနိုင်သောကြောင့် လေယာဉ်ကွင်းနေရာအသစ်ကိုရှာခဲ့သည်ဟု သိရပါကြောင်း၊ လေယာဉ်ကွင်းအသစ်ကို ပခုက္ကူမြို့၏ မြောက်ဘက် လေးမိုင်ခန့်နှင့် ပခုက္ကူ-ရေစကြို ကားလမ်းအနောက်ဘက်၊ ပန်းတိုင်းချုံကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်တွင် အသင့်တော်ဆုံးဖြစ်သည့်မြေနေရာတွင် လေယာဉ်ပြေးလမ်း အလျားပေ ၈၅၀၀၊ အကျယ် ပေ ၁၀၀ နှင့် ပေ(၃၀၀×၃၀၀) ရှိသည့် လေယာဉ်ရပ်နားနေရာကိုလည်း ဆောက်လုပ်ခဲ့ပါကြောင်း၊ ပြေးလမ်းအမျိုးအစားမှာ နိုင်လွန်ကတ္တရာဖြစ်ပါကြောင်း၊ ပြေးလမ်းခံနိုင်ရည်အားမှာ တစ်သိန်းငါးသောင်းကျော်ဖြစ်ပါကြောင်း၊ လေဆိပ်အဆောက်အအုံမှာ ပေ(၁၈၀×၆၀)ရှိသည့် တစ်ထပ်သံကူကွန်ကရစ် ဖြစ်ပါကြောင်း၊ လေဆိပ်လေကြောင်းထိန်းမျှော်စင်နှင့်လေကြောင်း ဆက်သွယ်ရေးကိရိယာလည်းရှိပါကြောင်း၊ လေယာဉ်အဆင်းအတက်ပြုလုပ်ရန်အတွက် ဝန်ထမ်းများလည်း ခန့်ထားပါကြောင်း၊ ထိုလေယာဉ်ကွင်းထဲသို့ တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်၊ ဘဏ်လေယာဉ် စသည့် လေယာဉ်များသည် တစ်နှစ်လျှင် အကြိမ် ၂၀ ခန့် ဆင်းသက်ပါကြောင်း။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

လေယာဉ်ကွင်းကို မည်သည့်အချိန်တွင် စတင်မည်နှင့် စပ်လျဉ်း၍ National Transport Master Plan ကို ဂျပန်နိုင်ငံအစိုးရ JICA အကူအညီဖြင့် ပြုလုပ်ခဲ့ပါကြောင်း၊ Nippon Koei Co.,Ltd. အကြံပေးကုမ္ပဏီနှင့် လေယာဉ်ကွင်းများ၏ ဦးစားပေးအစီအစဉ်ကို ပြုလုပ်ပါကြောင်း၊ လေယာဉ်ကွင်းအတွက် ဆောက်လုပ်ရမည့် အဆောက်အအုံများအတွက် တွက်ချက်ထားပါကြောင်း၊ မည်သည့်အချိန်တွင် ဆောက်လုပ်မည်နှင့် စပ်လျဉ်း၍ ဘတ်ဂျက်အစီအစဉ်အရ ဖလမ်းလေယာဉ်ကွင်းကိုသာ ဆောက်လုပ်မည်ဖြစ်ပါကြောင်း၊ ကျန်သည့်လေယာဉ်ကွင်းများကို အကူအညီများဖြင့် ဆောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရာတွင်လည်း အလားအလာအရှိဆုံး ဟဲဟိုး၊ မော်လမြိုင်၊ ကော့သောင်းလေဆိပ်များကို PPP ဖြင့် ခေါ်ထားပါကြောင်း၊ ပခုက္ကူလေယာဉ်ကွင်းကို အသုံးပြုရာတွင် ညောင်ဦးမှတစ်ဆင့်သွားရပါကြောင်း၊ ညောင်ဦးတွင် ဆင်းမည့် ခရီးသည်တချို့တွင် ပခုက္ကူခရီးသည်များ လာသည်ကိုလည်း သိရှိရပါကြောင်း၊ သို့သော်လည်း ပခုက္ကူလေယာဉ်ကွင်းသည် ဦးစားပေးအစီအစဉ်တွင် မပါသေးပါကြောင်း၊ ညောင်ဦးသည် လေယာဉ်အသေးသာ ဆင်းသက်၍ရပါကြောင်း၊ ဤလေယာဉ်ကွင်းကို နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများပေါ်တွင် မူတည်၍ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းကို ဆောက်လုပ်ပြီးသော်လည်း လေယာဉ်မလာလျှင် အားလုံးအတွက် နစ်နာမည်ဖြစ်သောကြောင့် မိမိအနေဖြင့် နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်ပြီးမှသာ လေယာဉ်ကွင်းများကို တိုးချဲ့သွားမည်ဖြစ်သည့်အတွက် မည်သည့်အချိန်ဆိုသည်ကို မပြောနိုင်သေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေ-ပင်လောင်း ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးပေးအပ်ရန် အစီအစဉ်ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ဆင်သေ-ပင်လောင်း ရထားလမ်းဖောက်လုပ်ရာတွင် တပ်ကုန်းမြို့ထဲတွင် သိမ်းဆည်းမြေ ၂၃၁ ဒသမ ၇၅ ဧကပါရှိသွားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွယ်လွယ်ကူကူပေးလိုက်၍ မရပါကြောင်း၊ မည်သူများ၏ မည်သည့်နေရာ ပါသွားသည်ဆိုသည်ကို မြေယာက အဆင့်ဆင့်စိစစ်ရပါကြောင်း၊ လျော်ကြေးငွေမည်မျှပေးရမည်ဆိုသည်ကိုလည်း သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် ဧက၊ သတ်မှတ်ထားသည့် သူကို သတ်မှတ်ထားသော လျော်ကြေးနှုန်းထားနှင့် ပေးရမည်ဖြစ်ပါကြောင်း။

၂၃၁ ဒသမ ၇၅ ဧကထဲတွင် ၁၂၀ ဒသမ ၀၈ ဧကကို ၂၀၁၅ ခုနှစ်တွင် လျော်ကြေးငွေ ၁၈၃ ဒသမ ၄၉၇၈ သန်းကို ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်နေသည်မှာ ၁၁၄ ဒသမ ၆၇ ဧက ဖြစ်ပါကြောင်း၊ တပ်ကုန်းမြို့နယ်အတွင်းတွင် လျော်ကြေးငွေပေးရန် ကျန်ရှိသည့် တောင်သူ ၁၃၄ ဦး၏ လယ်ဧကမှာ ၅၂ ဒသမ ၉၉ ဖြစ်ပြီး ယာမြေမှာ ၅၈ ဒသမ ၆၈ ဧက ဖြစ်ပါကြောင်း၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ စိစစ်ပြီး ဥတ္တရခရိုင်၊ နေပြည်တော်ကောင်စီ အဆင့်ဆင့်တင်ပြသည့်အခါ နေပြည်တော်ကောင်စီ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်း တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၂၉ ရက်က တင်ပြသည်ကိုလည်း တွေ့ရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာ ခြောက်လဘတ်ဂျက်ထဲတွင် မမီတော့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ထဲတွင် မပါခဲ့လျှင် ဗဟိုကောင်စီမှ မည်သူ့ကို မည်သည့်နှုန်းဖြင့် မည်သို့ပေးလိုက်သည်ကို ဘတ်ဂျက်ထဲတွင် တောင်းရမည်ဖြစ်ပါကြောင်း၊ အချိန်မမီခဲ့လျှင် ဖြည့်စွက်တွင် ဆက်လက်တောင်းခံရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နစ်နာသောတောင်သူများအတွက် လျော်ကြေးငွေရရှိရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **ချင်းတွင်းမြစ်ကြောင်း အန္တရာယ်ကင်းရှင်း၍ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ခန္တီးမှ ချင်းတွင်းဝအထိ အလျား ၈၁၇ ကီလိုမီတာတွင် ပြုပြင်ရန် မလိုသော အပိုင်းမှာ ၄၈၅ ကီလိုမီတာဖြစ်ပြီး ပြုပြင်ပြီးအပိုင်းမှာ ကီလိုမီတာ ၄၀ နှင့် ထပ်မံပြုပြင်ရမည့်အပိုင်းမှာ ၂၉၂ ကီလိုမီတာဖြစ်ပါကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းရေးနည်းလမ်းများဖြစ်သည့် မြစ်ကြမ်းပြင်ထိန်းသိမ်းခြင်းနည်းလမ်း၊ မြစ်ရေအမြင့်ထိန်းသိမ်းခြင်းနည်းလမ်းနှင့် မြစ်ရေထုထည်ထိန်းသိမ်းခြင်းနည်းလမ်းစသည့် နည်းလမ်းသုံးမျိုးအနက် ဒုတိယနည်းလမ်းနှစ်မျိုးမှာ ကုန်ကျစရိတ်မြင့်မားသဖြင့် ကုန်ကျစရိတ်သက်သာသည့် မြစ်ကြမ်းပြင်ထိန်းသိမ်းရေးနည်းလမ်းဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သုံးနှစ်တွင် ဟုမ္မလင်း-မော်လိုက်တွင် ၁၃ နေရာပြုပြင်ရမည်ဖြစ်သော်လည်း ငါးနေရာသာ ပြုပြင်မည်ဖြစ်ပါကြောင်း၊ မော်လိုက်-မုံရွာတွင် ၁၁ နေရာ ပြုပြင်ရမည်ဖြစ်သော်လည်း ကိုးနေရာသာ ပြုပြင်မည်ဖြစ်ပါကြောင်း၊ မုံရွာ-ချင်းတွင်းဝတွင် ငါးနေရာ ပြုပြင်မည်ဟု လျာထားပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်စဉ်ဆောင်ရွက်မည်ဆိုသည့် အစီအမံများ ရှိပါကြောင်း၊ ဆောင်ရွက်လျက်လည်းရှိပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဇန်းမောက် မဲဆန္ဒနယ်မှ ဦးကျော်စိုး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက **မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအဘက်ဘက်တွင် လူ့စွမ်းအား၊ ကုန်ထုတ်စွမ်းအားများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာ၌ နည်းပညာများ၏ အထောက်အကူ ရယူဆောင်ရွက်ခြင်းသည် ထိရောက်ပြီး အလွန်အရေးကြီးပါကြောင်း၊ e-Government အပါအဝင် ICT နည်းပညာစနစ်များဖြစ်သည့် Mobile Payment များကို အမှန်တကယ်လက်ခံကျင့်သုံးသွားနိုင်လျှင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှ လျင်မြန်စွာရုန်းထွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် အစိုးရ၏ ယန္တရားများကို ပိုမို၍ မြန်ဆန်ချောမွေ့စွာ လည်ပတ်စေပြီး တစ်ချိန်တည်းတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ပိုမို၍ ထိရောက်လွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ ပွင့်လင်းမြင်သာမှု၊ ကျွမ်းကျင်မှု၊ အကျိုးသက်ရောက်မှုတို့ကို မြှင့်တင်ပေးနိုင်ရန် ICT နည်းပညာဖြင့် အပြည့်အဝအကောင်အထည်ဖော်ဆောင် ပေးနိုင်ပါကြောင်း၊ Mobile Payment စနစ်ကြောင့် အချိန်နှင့်ငွေကြေးကုန်ကျမှုသက်သာခြင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိလာစေခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို စီမံခန့်ခွဲပေးနိုင်ခြင်း၊ လူကြောင့်ဖြစ်သည့်အမှားများ မသမာမှုများကို လျှော့ချနိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေနိုင်ခြင်း၊ စာရွက်စာတမ်းများစွာ ကိုင်တွယ်ထိန်းသိမ်းရမှု၊ သိမ်းဆည်းရမှု၊ ရှာဖွေရမှုဒုက္ခများကို လျှော့ချနိုင်ခြင်းအပြင် အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံနိုင်မှု ပိုမိုကောင်းမွန်လာစေခြင်း၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ထွန်းစေခြင်း၊ နိုင်ငံတော်၏ ယန္တရားစနစ်များ ပိုမိုမြန်ဆန်လာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း။

အိုင်တီနည်းပညာဖြစ်သည့် Mobile Payment ကို ကျယ်ပြန့်စွာ အသုံးပြုခြင်းအားဖြင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အသစ်များကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းသစ်များကို ရရှိစေနိုင်ခြင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍအား အထောက်အကူပြုလာစေနိုင်ခြင်း၊ လူမှုဘဝများ ပိုမိုအဆင်ပြေချောမွေ့စေခြင်း၊ ဆင်းရဲမွဲတေမှု လျော့ကျစေခြင်းစသည့် အကျိုးကျေးဇူးများစွာကို မလွဲမသွေရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့သော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**သရက် မေ ၁၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှစက်တင်ဘာလအထိ) ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသော ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် မကျီးရုံကျေးရွာ မြေသားရေကန်အား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာတို့သည် မေ ၁၃ ရက် နံနက်က ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်အတူတွေ့ဆုံ၍ ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ စစ်သားကျေးရွာ မြေသားရေကန်၊ ပေါက်ဖြူကျေးရွာ မြေသားရေကန်တို့ကို ကွင်းဆင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများကို တိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# လွတ်လပ်စွာစူးစမ်းဆင်ခြင်ခြင်းနှင့် ကာလာမသုတ်အနှစ်ချုပ်

ဓမ္မသုတေသီတစ်ဦး

ယနေ့ခေတ်ကို သတင်းအချက်အလက်နည်းပညာခေတ် (IT ခေတ်)ဟု ခေါ်ဆိုကြသည်။ ကွန်ပျူတာခေတ်၊ သတင်းခေတ်၊ ပညာခေတ်ဟုလည်း ဆိုကြသည်။ ကမ္ဘာကြီးတွင် ကျောက်ခေတ်မှ စက်မှုတော်လှန်ရေးအထိ ကုန်လွန်ခဲ့ပြီးနောက် ယနေ့မျက်မှောက်ကာလ သတင်းခေတ်ကို ရောက်ရှိခဲ့သည်။ ယနေ့ သတင်းခေတ်ကုန်လွန်သည့်အခါ မည်သည့်ခေတ်ကို ရောက်ရှိကြမည်နည်း။ ကမ္ဘာတစ်ဝန်း ပင့်ကူအိမ်ကွန်ရက်သဖွယ် ဖြန့်ကြက်လျက်ရှိသည့် World Wide Web ကို တွင်ကျယ်စွာ အသုံးချလာကြပြီးနောက် ခေတ်သစ်တစ်ခုဆီသို့ ဦးတည်ချင်းနင်းဝင်ရောက်လာနေပြီ ဖြစ်သည်။

မည်သို့ပင် နည်းပညာများတိုးတက်လာသည်ဖြစ်စေ များလှစွာသော သတင်းအချက်အလက်များအပေါ် မှီခိုလွန်းက မည်သို့ဖြစ်လာမည်နည်း။ နိုင်ငံတကာမှသုတေသီများက စဉ်းစားဆင်ခြင်ကြည့်ကြသည်။ သတင်းအချက်အလက်များအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာစူးစမ်းမှုပြုရသဖြင့် ဆုံးဖြတ်ချက်များ နှေးကွေးလေးလံတုံ့ဆိုင်းလာနိုင်သည်။ အချက်အလက်များ လွယ်ကူစွာရရှိသဖြင့် ပင်ကိုဉာဏ်ရည် ဉာဏ်သွေးများ ပျင်းရိညံ့ဖျင်းလာနိုင်သည်။ သတင်းအချက်အလက်ကို လွယ်ကူလျင်မြန်စွာ ရရှိသော်လည်း သိရှိနားလည်ဆင်ခြင်မှုအရည်အသွေး အားနည်းလာနိုင်သည်။ အပေါ်ယံ အသိအမြင်သည် ကြီးမားသောအန္တရာယ်ကို ဖြစ်စေနိုင်သည်။ ရရှိသည့်သတင်းအချက်အလက်များကို မစူးစမ်း မဆင်ခြင်ဘဲ အကြွင်းမဲ့ယုံကြည်လက်ခံပါက မှားယွင်းသော အဆုံးအဖြတ်နှင့် လုပ်ဆောင်ချက်များ ဖြစ်ပေါ်စေနိုင်သည်ဟု ယူဆကြသည်။

**လေ့လာစူးစမ်းဆင်ခြင်မှုသည် အဓိက**

ခေတ်တွေမည်သို့ ပြောင်းလာစေကာမူ၊ မြောက်မြားစွာသော သတင်းအချက်အလက်များ အလွယ်တကူရယူအသုံးပြုနိုင်စေကာမူ မှန်ကန်အကျိုးရှိသော ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်ရန်မှာ လူ၏စဉ်းစားတွေးခေါ်မှုနှင့် ဆင်ခြင်တုံတရားသည်သာ အဓိကဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ အတွေးအခေါ်ပညာရှင်များက နည်းလမ်းအမျိုးမျိုးဖြင့် ရရှိသည့်သတင်းအချက်အလက်များအပေါ် လေ့လာစူးစမ်းဆင်ခြင်ခြင်းနှင့်စပ်လျဉ်းပြီး အားလုံးလေးစားလိုက်နာ ကျင့်သုံးကြသည့်လမ်းစဉ်သို့မဟုတ် ဥပဒေသတစ်ရပ်ရှိသည်။ ယင်းသည်ကား ဗုဒ္ဓမြတ်စွာ၏ သံသယမှ လွတ်မြောက်ရေး၊ တစ်နည်းအားဖြင့် ယုံမှားသံသယနှင့် စူးစမ်းမေးမြန်းခြင်း (Doubt and Investigate) လက်တွေ့ကျင့်စဉ်ဖြစ်သည်။ ဗုဒ္ဓ၏ လွတ်လပ်စွာ စူးစမ်းမေးမြန်းခြင်း ဥပဒေသ (Buddha’s Charter of Free Inquiry) ဟု ခေါ်ဆိုကြသည့် ကာလာမသုတ် တရားတော်ကို အနှစ်ချုပ်တင်ပြပါမည်။

**ကာလာမသုတ်အနှစ်ချုပ်**

ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သည့် အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊ ကေသမုတ္တိ သုတ္တန်တရားတော် ဆိုသည်မှာ မြတ်စွာဘုရားသခင် ကောသလတိုင်းအတွင်း ဒေသစာရီကြွတော်မူရာ ကာလာမမျိုးနွယ်တို့ နေထိုင်ကြသည့် ကေသမုတ္တ (ကေသပုတ္တ) နိဂုံးရွာသို့ ရောက်ရှိသည့်အခါ ကာလာမလူမျိုးတို့၏ မေးမြန်းလျှောက်ထားချက်အရ ဟောကြားသော တရားတော်ဖြစ်သည်။ ကေသမုတ္တမြို့တွင် ဟောကြားသောတရားဖြစ်၍ ကေသမုတ္တိသုတ္တန်ဟု ပါဠိတော်တွင် သတ်မှတ်ဖော်ပြသော်လည်း ကေသမုတ္တနိဂုံးရွာနေ ကာလာမမျိုးတို့အား ဟောကြားသော တရားဖြစ်၍ ကာလာမသုတ်ဟုလည်း ခေါ်ဆိုကြသည်။

ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ကြားသိထားကြသော ကေသမုတ္တ နိဂုံးရွာသား ကာလာမမျိုးတို့က ဘုရားရှင်ထံ ချဉ်းကပ်ကြပြီး ကေသမုတ္တ နိဂုံးသို့ ရောက်လာကြသော အချို့သော ရဟန်းပုဏ္ဏား (သမဏ ဗြဟ္မဏ) တို့သည် မိမိအယူဝါဒကိုသာ အမွှမ်းတင်ထွန်းပစေတတ်ကြ၍ သူတစ်ပါး၏အယူဝါဒကို မထီမဲ့မြင်ပြု၊ ထိပါးရှုတ်ချချေဖျက်တတ်ကြ၏။ အခြားအခြားရောက်လာကြသော ရဟန်းပုဏ္ဏားတို့သည်လည်း အလားတူပင် ကိုယ့်ဝါဒအကောင်း၊ သူ့ဝါဒအဆိုး ပြောဆို ကြသည်။ ထို ရဟန်းပုဏ္ဏားများတွင် မည်သူ့စကားမှန်၍ မည်သူ့စကားမှားသည်ဟု ဝေခွဲမရ၊ ယုံမှားတွေးတောခြင်းဖြစ်ရပါသည်ဟု လျှောက်ထားကြသည်။

ထိုအခါ မြတ်ဗုဒ္ဓက “သင်တို့ယုံမှားခြင်းငှာသင့်သည်သာ၊ မဆုံးဖြတ်နိုင်ခြင်းငှာသင့်သည်သာ၊ ယုံမှားသင့်ရာမှာ ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်းဖြစ်သည်” ဟုဆိုပြီး လွတ်လပ်စွာ လေ့လာစူးစမ်း ဆင်ခြင်အပ်သည့် အောက်ပါအခြေခံအကြောင်းအရင်း အချက် ၁၀ ချက်ကို ဆက်လက်မိန့်ကြားတော်မူသည်-

(၁) တစ်ဆင့်စကား ပြောသံကြားကာမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၂) ရှေးအစဉ်အဆက်၊ ထုံးတမ်းစဉ်လာမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၃) ဤသို့ဖြစ်သည်ဟု ကောလာဟလမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၄) စာပေကျမ်းဂန်နှင့် ညီညွတ်သည်မျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၅) တွေးတောကြံဆ စိတ်အထင်မျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၆) အနုမာနသဘောနည်းမှီ ကောက်ယူယုတ္တိတန်ကာမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၇) အကြောင်းခြင်းရာကို ဆင်ခြင်ကြံဆကာမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၈) ကြိုတင်မှန်းဆထားသော အယူအဆနှင့် သဘောတူညီကာမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၉) ယုံမှတ်ထိုက်ရုံမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်၊
(၁၀) လေးစားကြည်ညိုအပ်သော ဆရာအရှင်၏စကားမျှဖြင့် မှန်သည်ဟု မမှတ်ယူလင့်။

**ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိအောင်လုပ်ရမှာ**

မြတ်ဗုဒ္ဓက ဆက်လက်၍ “ဤတရားများကား အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ ပညာရှိများ ကဲ့ရဲ့တတ်သော တရားတို့တည်း။ ဤတရားတို့ကို ပြည့်စုံစေအပ်၊ ဆောက်တည်အပ်လျှင် စီးပွားမဲ့ဆင်းရဲဖို့ရာ ဖြစ်ကြ၏ဟု ကိုယ်တိုင်သိသောအခါ၌ ပယ်စွန့်ကြရာ၏”ဟု မိန့်တော်မူသည်။

မြတ်ဗုဒ္ဓက “တပ်မက်ခြင်းလောဘ၊ အမျက်ထွက်ခြင်းဒေါသ၊ တွေဝေခြင်းမောဟတို့ကြောင့် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ သူ့သားမယားကို သွားလာခြင်း၊ မမှန်စကားကို ပြောဆိုခြင်းတို့ကိုပြုသည်။ တစ်ပါးသူကိုလည်း ထိုအတိုင်းပြုစေသည်။ ယင်းသို့ ပြုသောအကြောင်းတို့သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ဆင်းရဲခြင်းကို ဖြစ်နိုင်သည် မဟုတ်ပါလော” ဟု မေးတော်မူရာ ကာလာမတို့က “ဖြစ်နိုင်ပါသည်ဘုရား” ဟု ဖြေဆိုကြသည်။

မြတ်ဗုဒ္ဓက “ဤတရားများကား ကုသိုလ်တရား၊ အပြစ်မရှိသောတရား၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း။ ဤတရားတို့ကို ပြည့်စုံစေအပ်၊ ဆောက်တည်အပ်လျှင် စီးပွားချမ်းသာဖို့ရာဖြစ်ကြ၏ဟု ကိုယ်တိုင်သိသောအခါ၌ ပြည့်စုံအောင်နေကြရာ၏” ဟု မိန့်တော်မူသည်။

မြတ်ဗုဒ္ဓက “မတပ်မက်ခြင်းအလောဘ၊ အမျက်မထွက်ခြင်းအဒေါသ၊ မတွေဝေခြင်း အမောဟတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာကို ဖြစ်နိုင်သည် မဟုတ်ပါလော” ဟု မေးတော်မူရာ ကာလာမတို့က “ဖြစ်နိုင်ပါသည်ဘုရား” ဟု ဖြေဆိုကြသည်။

**ဗြဟ္မစိုရ်တရားနှင့်အညီ နေကြရမည်**

မြတ်ဗုဒ္ဓက ကာလာမတို့အား ကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာစဉ်းစားတွေးခေါ်စေ၍ အမှန်တရားကို လမ်းညွှန်ဖော်ပြပြီးနောက် “အရိယာတို့မည်သည် မက်မောမှု အဘိဇ္ဈာ၊ ပျက်စီးစေလိုမှု ဗျာပါဒ၊ တွေဝေမှုမောဟမရှိဘဲ ဆင်ခြင်မှုနှင့် အသိတရားတို့နှင့်ပြည့်စုံကာ အများအကျိုးကို လိုလားသောမေတ္တာစိတ်ဖြင့် အရပ် ၁၀ မျက်နှာ ပျံ့နှံ့စေ၍နေ၏။ သနားခြင်းကရုဏာ၊ ဝမ်းမြောက်ခြင်းမုဒိတာ၊ သတ္တဝါအားလုံး မိမိပြုသည့်ကံအတိုင်းသာဖြစ်ကြရသည် ဟု ဆင်ခြင်သည့် ဥပေက္ခာစိတ်ဖြင့် နေ၏။

“ဤသို့ (ဗြဟ္မစိုရ်တရားနှင့်အညီ ဆောက်တည်နေထိုင်ခြင်းဖြင့်) ဘေးရန်ကြောင့်ကြကင်း၍ စင်ကြယ်သောစိတ်ရှိသည့် အရိယာတို့သည် တမလွန်လောကရှိ၍ ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးဆက် အကယ်၍ရှိခဲ့သော် သေလွန်ပြီးနောက် နတ်ပြည်သို့ရောက်ရမည်။ တမလွန်လောကမရှိဘဲ ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးဆက် အကယ်၍မရှိလျှင်လည်း မျက်မှောက်ဘဝ၌ပင် ဘေးရန်ကြောင့်ကြကင်း၍ ဆင်းရဲမရှိ ချမ်းသာရှိသည်။ မကောင်းမှုကိုပြုခဲ့လျှင် ပြုသည်မည်အံ့၊ မကောင်းမှုဘာတစ်ခုမျှ မပြုသောသူအား အကုသိုလ်ကံသည် ဘယ်မှာဆင်းရဲကို တွေ့နိုင်စေအံ့နည်း။ မကောင်းမှုကို မပြုခြင်း၊ ပြုသည် မမည်ခြင်းဖြင့်သာလျှင် စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်ရပေ၏” ဟု မိန့်တော်မူသည်။

ကာလာမမျိုးတို့သည် မြတ်ဗုဒ္ဓ၏ ရှင်းလင်းမိန့်ကြားချက်များအပေါ် ကောင်းစွာနားလည် သိရှိကြပြီးလျှင် သရဏဂုံတည်သွားကြသည်။ ကာလာမသုတ်အနှစ်ချုပ် အနေဖြင့်ဆိုရလျှင်မူ မည်သည့်အကြောင်းကိုစွမဆို အထက်တွင် ဖော်ပြခဲ့ပြီးသော အခြေခံအကြောင်းအရင်း အချက် ၁၀ ချက်မျှဖြင့် မှန်သည်ဟု မယူဆရန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာလေ့လာစူးစမ်း စဉ်းစားဆင်ခြင် သုံးသပ်ဆုံးဖြတ်ရန်ဖြစ်ကြောင်း အဓိကဆိုလိုရင်းဖြစ်သည်။

**အကျဉ်းချုပ်ကောက်နုတ်ချက်**

ကာလာမသုတ်တော်လာ မှန်သည်ဟု တရားသေ မမှတ်ယူသင့်ကြောင်း စူးစမ်းဆင်ခြင်ဖွယ်ရာ အခြေခံအကြောင်းရင်းအချက်များကို အောက်ပါအတိုင်း အတိုကောက်မှတ်သားနိုင်သည်-

(၁) တစ်ဆင့်ပြောစကား သို့မဟုတ် တင်ပြချက်၊
(၂) ထုံးတမ်းစဉ်လာ၊
(၃) ကောလာဟလ၊
(၄) စာပေကျမ်းဂန်၊
(၅) စိတ်ကူးထင်ကြေး၊
(၆) အနုမာနအယူအဆ၊
(၇) နှိုင်းယှဉ်ဆင်ခြင်ကြံဆချက်၊
(၈) တင်ကူးမှန်းဆချက်နှင့် ကိုက်ညီခြင်း၊
(၉) ယုံမှတ်လက်ခံထိုက်ခြင်း သို့မဟုတ် ဖြစ်နိုင်ခြေရှိခြင်း၊
(၁၀) ဆရာ့စကားဖြစ်ခြင်း သို့မဟုတ် ဆရာသခင်ဖြစ်ခြင်း။

ကာလာမသုတ်တော်ကို အကျဉ်းချုပ်ကောက်နုတ်ရလျှင် စူးစမ်းဆင်ခြင်လေ့လာမှုကင်း၍ အထောက်အထားခိုင်လုံမှုမရှိသော တစ်ဦးတစ်ယောက်၏ ထင်မြင်ယူဆချက်ကို ရရှိကာမျှဖြင့် ကောင်းစွာ လုံလောက်မှုမရှိ၊ မှန်သည်ဟု တထစ်ချမယူဆနိုင်ကြောင်း ညွှန်းဆိုထားသည်။ ဤအကြောင်းအရာသည် မှန်ကန်သည်၊ ကောင်းမွန်သည်ဟု လက်ခံခြင်းမပြုမီ လိုအပ်သည့် စူးစမ်းဆင်ခြင်မှုပြုခြင်းသည် ဉာဏ်အမြော်အမြင်ရှိရာရောက်သည်။ ထို့ကြောင့် မည်သည့်အကြောင်းခြင်းရာမဆို ဆင်ခြင်တုံတရားကိုအခြေခံ၍ အကျိုးသင့် အကြောင်းသင့် နှိုင်းနှိုင်းချိန်ချိန် စေ့စေ့စပ်စပ် လေ့လာစူးစမ်းမှု ပြုကြရမည် ဖြစ်ကြောင်း သိရှိမှတ်သားရသည်။

**ဘက်စုံလေ့လာစူးစမ်းဆင်ခြင်သုံးသပ်ဆုံးဖြတ်ဆောင်ရွက်မှသာလျှင်**

ကာလာမသုတ်မှ သင်ခန်းစာထုတ်နုတ်ရရှိသည်မှာ မည်သည့်ထင်မြင်ယူဆချက် သို့မဟုတ် ယုံကြည်တွက်ဆချက်မဆို လက်တွေ့လုပ်ဆောင်ခြင်းမှ ရရှိလာသည့် အကျိုးရလဒ်ဖြင့် တိုင်းတာစမ်းသပ် မှတ်ကျောက်တင်ခံနိုင်ရမည်ဖြစ်သည်။ ထို့အပြင် အဆိုပါအကျိုးရလဒ်အပေါ် တစ်ဦးတစ်ယောက်၏ နားလည်မှုတွင် ဖြစ်နိုင်ခြေရှိသော မည်သည့်ကန့်သတ်ချက်မျိုးကိုမဆို ချေပဖြေရှင်းနိုင်ရပါမည်။ အတွေ့အကြုံအရ တတ်သိနားလည်သူတို့၏ လေ့လာဆန်းစစ်အကြံပြုချက်များကို လက်ခံနိုင်စွမ်းရှိရပါမည်။

ယနေ့ မျက်မှောက်သတင်းခေတ်ကာလတွင် ရရှိသည့်သတင်းအချက်အလက်များ၊ တင်ပြချက်များ အားလုံးအပေါ် အမှား အမှန်၊ အကောင်း အဆိုး၊ အကျိုးအပြစ်တို့ကို ဘက်စုံထောင့်စုံမှ လေ့လာစူးစမ်း ဆင်ခြင်သုံးသပ်ရန် အထူးအရေးကြီးလိုအပ်သည်။ မှန်ပါသည်၊ ကောင်းပါသည် ဟုဆိုတိုင်း အလွယ်တကူ လက်ခံယုံကြည်ရန်မသင့်ပါ။ ဘက်ပေါင်းစုံမှ တင်ပြချက်များ၊ ရရှိသည့်သတင်းအချက်အလက်များအပေါ် နှိုင်းယှဉ်လေ့လာ၍ မှန်သည်၊ မှားသည်၊ ကောင်းသည်၊ ဆိုးသည် ဆိုသည်ကို မိမိတို့ကိုယ်တိုင် ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် စူးစမ်းဆင်ခြင်သုံးသပ်ဆုံးဖြတ်ကြရပါမည်။ သို့မှသာလျှင် မှန်ကန်အကျိုးရှိသောဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဗုဒ္ဓ၏ တရားတော်နှင့်အညီ ရေးသား ဖော်ပြအပ်ပါသည်။

> အချက်အလက်များ လွယ်ကူစွာရရှိသဖြင့် ပင်ကို ဉာဏ်ရည်ဉာဏ်သွေးများ ပျင်းရိညံ့ဖျင်းလာနိုင်သည်။ သတင်းအချက်အလက်ကို လွယ်ကူလျင်မြန်စွာရရှိသော်လည်း သိရှိနားလည် ဆင်ခြင်မှု အရည်အသွေး အားနည်းလာနိုင်သည်။ အပေါ်ယံ အသိအမြင်သည် ကြီးမားသော အန္တရာယ်ကို ဖြစ်စေနိုင်သည်။ ရရှိသည့် သတင်းအချက်အလက်များကို မစူးစမ်း မဆင်ခြင်ဘဲ အကြွင်းမဲ့ ယုံကြည်လက်ခံပါက မှားယွင်းသော အဆုံးအဖြတ်နှင့် လုပ်ဆောင်ချက်များ ဖြစ်ပေါ်စေ နိုင်သည်ဟု ယူဆကြသည်။

**ရည်ညွှန်းကိုးကားချက်များ**

၁။ မန္တလေးမြို့၊ အဘယာရာမ မိုးထိကျောင်းတိုက်ဆရာတော် အရှင်ဇာဂရမထေရ် စီစဉ်ပြုစုတော်မူအပ်သော အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ (ပထမအုပ်)၊
၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ (ပြည်) စုစည်းတင်ပြသော မြတ်ဗုဒ္ဓ၏ အင်္ဂုတ္တရနိကာယ် (မြန်မာ) ကျမ်းစာ၊ ပဉ္စမပိုင်း၊
၃။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားတော်မူသော ကာလာမသုတ်အနှစ်ချုပ် ဒေသနာတရားတော်၊
၄။ ပါမောက္ခဦးမြင့်စော (ငြိမ်း) ရေးသားသော သံဝေဂယူဖွယ်ရာ မြေမြတ်မဟာ၊
၅။ Kalama Sutta (From Wikipedia, The free encyclopedia)
၆။ Kalama Sutta, The Buddha’s Charter of Free Inquiry; Translated from the Pali by Soma Thera © 1994-2013

# ကျေးလက်နေ တောင်သူလယ်သမားများအား အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး GAP နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်း

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး GAP (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်း ငါးခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ဖြစ်သော မြန်မာ့ရေထွက်ပစ္စည်းများအား အဓိကဝယ်ယူလေ့ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် EU နိုင်ငံများသို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေးတွင် လတ်တလောနှင့် လက်ရှိရင်ဆိုင်နေရသော ပိတ်ဆို့ဟန့်တားမှုများအပေါ် အလျင်အမြန် ကုစားနိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့ တင်သွင်းခွင့်ကို ၎င်းနိုင်ငံ၏ ပတ်ဝန်းကျင်၊ ရေနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာခဲ့ပါကြောင်း၊ ထိုသို့ ရပ်ဆိုင်းခြင်းသည် မြန်မာနိုင်ငံ တစ်ခုတည်းမဟုတ်ဘဲ ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေသည့် ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကိုလည်း ယာယီရပ်ဆိုင်းလိုက်ခြင်း ဖြစ်ပါကြောင်း။

ဆော်ဒီအာရေဗျနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးအဖွဲ့အစည်း (FDA)က ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် အရှေ့တောင်အာရှနိုင်ငံများမှ တင်သွင်းသည့် ရေထွက်ကုန်များတွင် ရောဂါပိုးနှစ်မျိုး ပါဝင်နေခြင်းကြောင့် ပိတ်ဆို့တားမြစ်ရခြင်း ဖြစ်သည်ကို သိရှိရပါကြောင်း၊ တားမြစ်ခြင်းသည် ယာယီတားမြစ်ခြင်းသာဖြစ်ပြီး White Tail Disease ရောဂါကြောင့် တားမြစ်ခြင်း ဖြစ်ပါကြောင်း၊ ၎င်းရောဂါ အမျိုးအစားသည် မြန်မာနိုင်ငံ၏ အချို့နေရာများတွင် ဖြစ်ပွားနေကြောင်း၊ Quarterly Aquatic Animal Disease Report ကို ကိုးကားထားသည့် OIE ၏ အစီရင်ခံစာကို အထောက်အထားပြု၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြခဲ့ခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နေရာအချို့ရှိ ပုစွန်မွေးမြူရေးကန်များတွင် White Tail Disease တွေ့ရှိခဲ့ခြင်း၊ OIE Report တွင် ဖော်ပြထားသည်နှင့် စပ်လျဉ်း၍ White Tail Disease သည် မွေးမြူရေး ရေချိုပုစွန်များတွင်သာ တွေ့ရှိရခြင်းဖြစ်ကြောင်းနှင့် ငါးများတွင် ကျရောက်သည့် ရောဂါပိုးမဟုတ်သည်ကို ဆော်ဒီအာရေဗျနိုင်ငံသံရုံးသို့ အကြောင်းပြန်ကြားခဲ့ပြီး မွေးမြူရေး ရေထွက်ပစ္စည်းများ ဆက်လက်တင်ပို့နိုင်ရေးအတွက် စဉ်းစားပေးပါရန် သံတမန်နည်းလမ်းအရ တောင်းဆိုခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ရေထွက်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့် ရရှိနိုင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ FDA ၏ သတ်မှတ်ပြဋ္ဌာန်းချက်များအား လုပ်ငန်းရှင်များက လိုက်နာနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန် မွေးမြူရေးကန်များနှင့် ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့နေသော ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံများအား ဆော်ဒီအာရေဗျနိုင်ငံ FDA ၏ ကိုယ်စားလှယ်အဖွဲ့မှ လာရောက်၍ လေ့လာစစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများအား လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံ၏ GSP အခွင့်အရေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ စတင်၍ ပြန်လည်ပေးအပ်ခဲ့သော်လည်း မြန်မာ့ရေထွက်ပစ္စည်းများကို GSP မရမီကပင် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ခဲ့ပါကြောင်း၊ အမေရိကန်ပြည်ထောင်စု National Marine Fisheries Services (NMFS)အနေဖြင့် ရေထွက်ပစ္စည်း ဖမ်းဆီးထုတ်လုပ်မှု လုပ်ငန်းများတွင် ပင်လယ်နို့တိုက်သတ္တဝါများ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် ပင်လယ်နို့တိုက်သတ္တဝါကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်လျက်ရှိပြီး ဥပဒေပါပြဋ္ဌာန်းထားသော စံနှုန်းများကို ကျော်လွန်ပြီး နို့တိုက်သတ္တဝါများ မတော်တဆ သေဆုံးခြင်း (သို့မဟုတ်) ဒဏ်ရာရခြင်းတို့ကြောင့် ဖမ်းဆီးရမိသော ငါးများကို အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းမှုကို တားမြစ်ထားပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံမှ ရေနေနို့တိုက်သတ္တဝါများ ကာကွယ်ရေးဆိုင်ရာနှင့် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် အမိန့်ကြော်ငြာစာများကို အမေရိကန်နိုင်ငံ NMFS သို့ အီးမေးလ်ဖြင့် ပေးပို့ထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် မွေးမြူရေးငါး၊ ပုစွန်၊ ကဏန်းပျော့များအား EU နိုင်ငံသို့ တင်ပို့ခွင့်ရရှိနိုင်ရေးနှင့် ပတ်သက်၍ EU နိုင်ငံများ၏ လိုအပ်ချက်အရ ၂၀၁၄ ခုနှစ်မှ စတင်၍ National Residue Monitoring Plan (NRMP) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် NRMP ကို ရေးဆွဲ၍ EU သို့ ပေးပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ဈေးနှုန်းပိုမိုရရှိနိုင်ရန် အတွက် လက်ရှိတင်ပို့လျက်ရှိသော ရေထွက်ကုန်ပစ္စည်းများအစား တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးလျက်ရှိပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကိုလည်း အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ရှိရင်းစွဲ ရေသယံဇာတ၊ ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့တွင်ရှိသည့် ငွေကြေးအင်အား၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်အပေါ်တွင် အခြေခံ၍ စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် တစ်ဝက်ချောင်းဆည် တူးမြောင်းကျောက်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ချောင်းနက်ကြီးကျေးရွာအနီး တစ်ဝက်ချောင်းပေါ်တွင် အလျားပေ ၁၀၀၊ အမြင့် ခြောက်ပေရှိ မျောရိုက်ကျောက်ဖြည့် ရေလွှဲဆည်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေနှင့်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပါကြောင်း၊ ရေလွှဲဆည်နှင့် တွဲဖက်ပြီး အလျားပေ ၁၂၀၀၀ ခန့်ရှည်လျားသည့် ရေပေးမြောင်းကို ဒေသခံတောင်သူများ အစီအစဉ်ဖြင့် ဖောက်လုပ်ပြီး မိုးစပါးစိုက်ဧက ၃၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် မိုးရာသီတွင် ရေပေးမြောင်း၏ လက်ဝဲဘက်ပေါင် ပေတိုင် ၄၀၀ မှ ၅၅၀ အထိ အလျားပေ ၁၅၀ခန့်မှာ ရေတိုက်စား၍ ကျိုးပေါက်ခဲ့သည့်အတွက် အရေးပေါ် မြေဖို့ပြုပြင်ပေးခဲ့ပါကြောင်း၊ အဆိုပါ မြောင်းအပိုင်းကို ရေရှည်ကြံ့ခိုင် ကောင်းမွန်စေရန်အတွက် မြောင်းပုံစံကျ မြေဖို့ပြုပြင်ခြင်းနှင့် ကျောက်လိုင်နင်စီခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၁၅ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၁၈ - ၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မြို့နယ်ခြား၊ နှစ်စဉ်နီးပါး မြေနုကျွန်းပြဿနာ ဖြစ်ပွားလျက်ရှိသော မြို့နယ်များ၏ နယ်နိမိတ်များကို ၁၉၀၈ ခုနှစ် အိန္ဒိယ ဂရောင်းဆာဗေး (INDIA GROUND SURVEY) မြေပုံအရသော်လည်းကောင်း၊ စစ်သုံးမြေပုံအရသော်လည်းကောင်း ပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၂ခုနှစ်၊ လယ်ယာမြေနည်းဥပဒေအပိုဒ် ၁၀၈ နှင့် အပိုဒ် ၁၀၉ ပါပြဋ္ဌာန်းထားရှိချက်များနှင့် အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေနုကျွန်းများ ခွဲဝေမှုကို လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖြေရှင်းဆောင်ရွက်ရာတွင် နယ်နိမိတ်ပိုင်းခြားမှုနှင့် သက်ဆိုင်မှု မရှိပါကြောင်းနှင့် ယင်းသို့ဖြေရှင်းဆောင်ရွက်ရန်အတွက် မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ နယ်နိမိတ်အား သီးခြားတိုင်းတာရန် မလိုအပ်ပါသဖြင့် မြေပြန်လည်တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

**ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်**တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တောဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့အကူအညီပေးပြီး GAP (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** တင်သွင်းရာတွင် တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍတစ်ခုကို အကောင်အထည်ဖော်ခြင်းအပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စားနပ်ရိက္ခာ ဖူလုံမှု၊ လုံခြုံမှုဆိုင်ရာကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ တောင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ တောင်သူများနှင့် ဌာနဆိုင်ရာအကြား ကောင်းမွန်ပွင့်လင်းသော ဆက်ဆံမှုများနှင့် လုပ်ငန်းများကို တိုးတက်စေခြင်း အပါအဝင် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာဈေးကွက်ကို ဟန်ချက်ညီညီ တိုးတက်စေခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သော မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများအကြား ပူးပေါင်းချမှတ်လာနိုင်စေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နည်းမှန်လမ်းမှန်ဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက အဏုဇီဝမြေဩဇာ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ သုံးစွဲပုံသုံးစွဲနည်းများ၊ ပိုးသတ်ဆေးသုံးစွဲပုံ သုံးစွဲနည်းများ မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ မှန်ကန်သော ထုပ်ပိုးကုန်စနစ်ဖြစ်တည်ရေး၊ ကမ္ဘာ့နိုင်ငံများသို့ ဈေးကွက်ရရှိရေးနှင့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရေးတို့ကို စီမံပေးရမည်ဖြစ်ပါကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်၍ ကမ္ဘာ့နိုင်ငံများသို့ အဆင့်မီမီ ကုန်သွယ်ဆောင်ရွက်နိုင်ရမည်ဟု ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## Mr. Basil Vasilica Constantinescu အား မြန်မာနိုင်ငံဆိုင်ရာ ရိုမေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက Mr. Basil Vasilica Constantinescu အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရိုမေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mr. Basil Vasilica Constantinescu ကို ၁၉၆၉ ခုနှစ် မေလ ၂ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံ တာကိုဗစ်စတီးမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ရိုမေးနီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံရှိ ရိုမေးနီးယားသံရုံး၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံးနှင့် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံးတို့၌ ရာထူးတာဝန် အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်တက္ကသိုလ်နှင့် သံတမန်ကျောင်းတို့တွင် ဧည့်ပါမောက္ခအဖြစ်လည်း တာဝန် ထမ်းဆောင်ခဲ့သည်။ Mr. Basil Vasilica Constantinescu သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ရိုမေးနီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် ထိုင်း၊ အင်ဒိုနီးရှား၊ ပြင်သစ်နှင့် တရုတ်ဘာသာ စကားများ တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးရှိသည်။

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန့်ဘလူမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစဉ်။

**ကျောဖုံးမှ**

လုပ်ပိုင်ခွင့်မြေနေရာ ချထားပေးခဲ့ခြင်း၊ တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းတို့အတွက် အကြောင်းအမျိုးမျိုးကြောင့် မြေသိမ်းဆည်းမှုများ ဆောင်ရွက်ခဲ့ရာ၌ လယ်ယာမြေများ ပါဝင်သွားသည့်အတွက် ပြည်သူများ နစ်နာဆုံးရှုံးမှုရှိသည်ကို တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ဆုံးရှုံးနစ်နာမှုများကို ကုစားနိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်လာသည့် သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များအား ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးနှင့်စပ်လျဉ်းပြီး မူဝါဒများ၊ စိစစ်ရန်အချက်များ၊ လုပ်ငန်းစဉ်များကို ချမှတ်ကာ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

သိမ်းဆည်းမြေဆိုင်ရာ တိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ပါဝင်သော သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄)ဖွဲ့ကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းစေပြီး စိစစ်ဆောင်ရွက်နေကြပြီဖြစ်၍ ပြည်သူများ လိုလားတောင့်တနေကြသည့် မြေသိမ်းဆည်းခံရမှု ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာ၌ တိုးတက်မှုအထိုက်အလျောက် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### လူမှုစီးပွားဘဝမြင့်မားလာရန်

စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်စေရန် လက်ကားဈေးကွက်များ၊ Contract Farming များ ဒေသအလိုက် ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများကို ဈေးကောင်းပေးသည့်တိုင်အောင် မရောင်းချဘဲ သားစဉ်မြေးမြစ် လယ်ယာကို ချစ်ခင်ရင်းနှီး လုပ်ကိုင်သွားကြရင်းဖြင့် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝမြင့်မားလာရန် အခါအခွင့်သင့်သော အချိန်ကောင်းကို ရောက်ရှိလာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု သမိုင်းကိုကြည့်ပါက ကမ္ဘာ့နံပါတ်(၁) ဆန်တင်ပို့သော နိုင်ငံအဖြစ် ရပ်တည်ခဲ့ရာမှ ခေတ်အဆက်ဆက် တဖြည်းဖြည်းလျော့ကျလာခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် တင်ပို့နိုင်ခဲ့၍ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံး စံချိန်တင် တင်ပို့နိုင်မှုအဖြစ် ပြန်လည်ရရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၈၀ ဒသမ ၅၃ သန်းရှိသည့်အနက် ဆန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၁၄၀ ရှိသည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှု၏ ၃၇ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရပါကြောင်း။

### ပြောင်းလဲသတ်မှတ်လုပ်ပိုင်ခွင့်ရကြမည်

ဒေသခံတောင်သူများကို အသိပေးပြောကြားလိုသည်မှာ ယခုကဲ့သို့ စိုက်ပျိုးမှုမရှိသေးသည့် မြေလွတ်၊ မြေရိုင်းများကိုလည်း မြေလွတ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေနှင့်အညီ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ထံသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားဆောင်ရွက်နိုင်ကြပါကြောင်း၊ ယခုကဲ့သို့ လျှောက်ထားပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်လာသည့်အချိန်တွင် လယ်ယာမြေဥပဒေအရ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်လုပ်ပိုင်ခွင့်ရကြမည် ဖြစ်ပါကြောင်း။

မြေယာပြဿနာများသည် ရှုပ်ထွေး၊ နက်နဲ၊ ကျယ်ပြန့်သည့်အတွက် မြေများနှင့်ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းအသီးသီးတွင်ရှိကြသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း စိတ်ရှည်သည်းခံဖြေရှင်း၍ စေတနာထားဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

ယခုကဲ့သို့ ပြန်လည်စွန့်လွှတ်အပ်နှံမြေများကို သက်ဆိုင်ရာတောင်သူများထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံတော်ကိုယ်စား၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကိုယ်စား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ တောင်သူများအနေဖြင့် ရရှိမြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

### ဖြေရှင်းဆောင်ရွက်မှု

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေယာကိစ္စ တိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှုနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံတို့က ကန့်ဘလူခရိုင်နှင့် ဒီပဲယင်းမြို့နယ်၊ ကသာမြို့နယ်၊ တန့်ဆည်မြို့နယ်များမှ တောင်သူများထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၃)များအား တောင်သူကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က ပြန်လည်စွန့်လွှတ်သည့် ကန့်ဘလူခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၃၄၇ ဒသမ ၁၁ ဧက၊ မုံရွာခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၁၈၆ ဒသမ ၁၃ ဧက၊ ကသာခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၆၉၂ ဒသမ ၄၄ ဧကနှင့် ရွှေဘိုခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၉၃၅ ဒသမ ၀၄ ဧကတို့ကို သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြေယာပြန်လည်လုပ်ပိုင်ခွင့်ရရှိသည့် တောင်သူများကိုယ်စား တောင်သူ ဦးတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ၅၁၆၀ ဒသမ ၇၂ ဧက

ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်မှ ဆက်လက်အသုံးပြုရန် မလိုအပ်သဖြင့် ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၃၂၉ ဧကကို တောင်သူ ၃၂ ဦး၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အမှတ်(၉၂၉)ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းမှ ပြန်လည်စွန့်လွှတ်မြေ ဧရိယာ ၇၀ ဒသမ ၀၆ ဧကကို တောင်သူ ၂၆ ဦးနှင့် ကသာခရိုင် ကသာမြို့တွင် စစ်ဘက်ရေးရာလုံခြုံရေးတပ်မှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၁ ဒသမ ၉၈ ဧကကို တောင်သူ သုံးဦး စုစုပေါင်းမြေ ၄၀၁ ဒသမ ၀၄ ဧကကို တောင်သူ ၆၁ ဦးသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)များကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အသုံးပြုရန် မရှိသည့် မြေလွတ်၊ မြေရိုင်းများကို ကန့်ဘလူခရိုင်တွင် ၃၄၇ ဒသမ ၁၁ ဧက၊ မုံရွာခရိုင်တွင် ၁၁၈၆ ဒသမ ၁၃ ဧက၊ ကသာခရိုင်တွင် ၁၆၉၂ ဒသမ ၄၄ ဧကနှင့် ရွှေဘိုခရိုင်တွင် ၁၉၃၅ ဒသမ ၀၄ ဧက စုစုပေါင်း ၅၁၆၀ ဒသမ ၇၂ ဧကကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

**သတင်းစဉ်**

**မိုးကောင်းမြို့နယ်မှ**

မေ ၁၆ ရက် နံနက်ပိုင်းက မန္တလေးမှ မြစ်ကြီးနားသို့ ခရီးသည်များ တင်ဆောင်လာသော အမှတ်(၅၅) အဆန် မီးရထားသည် မရမ်းကျေးရွာနှင့် ထိုပူးကျေးရွာရှိ မီးရထားလမ်းများ မိုင်းပေါက်ကွဲမှုကြောင့် မိုးညှင်းမြို့ မီးရထားဘူတာရုံတွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ခရီးသည်များ အဆင်ပြေစွာ ခရီးဆက်လက်သွားလာနိုင်ရန်အတွက် မိုးညှင်းမီးရထား ဘူတာရုံပိုင်ကြီးနှင့် တာဝန်ရှိသူများက ခရီးသည် ၁၁၈ ဦးအား မော်တော်ယာဉ်သုံးစီးဖြင့် မွန်းတည့် ၁၂ နာရီမှစတင်ပြီး မိမိတို့သွားလိုသည့် နေရာအရောက် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် မိုးညှင်းဘူတာသို့ ဆိုက်ရောက်မည့် အမှတ်(၄၈)အဆန် ဒုတိယအမြန်ရထားဖြင့် လိုက်ပါလာမည့် မီးရထားစီး ခရီးသည်များကိုလည်း နေရပ်သို့အရောက် ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့အဝင်၌ မီးရထားလမ်းပျက်စီးခဲ့ရာ ဟိုပင်ဘူတာတွင် မန္တလေးဘက်မှ ထွက်ခွာလာသော အမှတ် (၃၇) အဆန် မန္တလာရထားနှင့် အမှတ် (၅၇)အဆန် မြစ်ဆုံမန္တလာရထားများမှ ခရီးသွားပြည်သူ ၁၀၇ ဦးတို့ကိုလည်း နံနက် ၁၁ နာရီက ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်၊ မီးရထားမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၏ ကူညီမှုနှင့်အတူ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားသို့ အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းအဖွဲ့**

**မြန်မာ့လက်ရွေးစင်အသင်းမှ**

နိုင်မည်ဖြစ်ပြီး ပြင်ဆင်ချိန် ငါးရက်သာရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းခြင်းဖြစ်ပြီး အနီးဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် နိုဝင်ဘာလတွင် ကျင်းပမည့် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို မေ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲအတွက် နောက်ဆုံးဖွဲ့စည်းခဲ့ပြီး ယင်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုပြန်လည်ဖွဲ့စည်းမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ယင်းကစားသမားများ အများစုပါဝင်လာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုပြိုင်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲတွင်မူ ရှစ်ကြိမ်အထိ တွေ့ဆုံခဲ့သည်။ မြန်မာအသင်းနှင့် တရုတ်အသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲတွင် နောက်ဆုံးတွေ့ဆုံခဲ့ပြီး ယင်းခြေစစ်ပွဲကို ၂၀၀၇ ခုနှစ်က ကျင်းပခဲ့ကာ မြန်မာအသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် ခုနစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့ အိမ်ကွင်းပွဲတွင် လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ တရုတ်ဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၄ ခုနှစ်က မြန်မာအသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းရန် ဖိတ်ကြားခဲ့ဖူးပြီး ယင်းပွဲတွင် အိမ်ရှင် တရုတ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း။

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် NDI မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် National Democratic Institute (NDI) မှ အကြီးတန်းဌာနေကိုယ်စားလှယ် Ms.AnsZwerver နှင့် လွှတ်တော်ဆိုင်ရာ အကြီးတန်းအကြံပေး Mr. Edmond Efendijia တို့အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် NDI ၏ ဆက်လက်ဆောင်ရွက်ရန်ရှိသော လွှတ်တော်အထောက်အကူပြုရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးသောင်းကြိုင်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် BBC Media Action မှ Mr. Ed Pauker နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် BBC Media Action မှ Mr. Ed Pauker နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့အကြား MoU အသစ်ပြန်လည်လက်မှတ်ရေးထိုးရေး၊ Joint Peace Fund Programme အား မှတ်တမ်းရုပ်သံ နှစ်ခုနှင့် ဆွေးနွေးခန်း တစ်ခုစီပါဝင်သည့် အစီအစဉ်တွဲများအဖြစ် ရိုက်ကူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ARD German မှ ရုပ်သံသတင်းထောက်က တွေ့ဆုံမေးမြန်း

**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဂျာမနီနိုင်ငံအခြေစိုက် ARD German Radio & TV မှ အရှေ့တောင်အာရှ၊ သြစတြေးလျနှင့် နယူးဇီလန်ဒေသများဆိုင်ရာ ဗျူရိုအကြီးအကဲ Ms. Sandra Ratzow က ယနေ့ နံနက် ၁၀ နာရီတွင် ဒုတိယဝန်ကြီး၏ ရုံးခန်းသို့ လာရောက်ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေနှင့် မကြာသေးမီက လာရောက်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားရာတွင် မိမိတို့အနေဖြင့် ပြန်လည်လက်ခံရေးအတွက် စနစ်တကျဖြင့် အစွမ်းကုန်ကြိုးစားပြင်ဆင်ထားရှိခဲ့ပါကြောင်း၊ သို့သော် နေရပ်စွန့်ခွာသွားသူများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ စေလွှတ်နိုင်ခြင်းမရှိသေးသည့်အတွက် လာရောက်နိုင်ခြင်းမရှိသေးပါကြောင်း၊ ပြန်လည်လက်ခံရေးအစီအစဉ်အပေါ် မည်သူကမျှ နိုင်ငံရေးအကျိုးအမြတ်မထုတ်သင့်ပါကြောင်း၊ မကြာမီ မိုးရာသီရောက်ရှိလာတော့မည်ဖြစ်သဖြင့် ပြန်လည်လက်ခံရေးအစီအစဉ် အမြန်ဆုံးချောမောအောင်မြင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာ မီဒီယာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အလားတူပင် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့ရေးအတွက်လည်း နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မီဒီယာများ၏ ကူညီဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ အချို့သော နိုင်ငံတကာမီဒီယာများသည် မိမိတို့နိုင်ငံနှင့် ပတ်သက်၍ ဘက်လိုက်ရေးသားမှုများ၊ ချဲ့ကားရေးသားမှုများ၊ လိုရာဆွဲ ရေးသားမှုများရှိပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတစ်ခုခုအပေါ် အရေးကြီးသည့် မူဝါဒများချမှတ်ရာတွင် မီဒီယာများ၏ ရေးသားဖော်ပြချက်များကို အခြေခံလေ့ရှိသဖြင့် မိမိတို့အပေါ် ဆိုးကျိုးများဖြစ်ပေါ်စေပါကြောင်း၊ မီဒီယာများကို မောင်တောဒေသ၏ မြေပြင်ပကတိအခြေအနေကို ကိုယ်တိုင်သွားရောက်လေ့လာရေးသားနိုင်ရန် ခရီးစဉ်များ တတ်အားသမျှ စီစဉ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ARD German Radio & TV ကို ၁၉၅၀ ပြည့်နှစ်တွင် ထူထောင်ခဲ့ပြီး ဝန်ထမ်းအင်အား ၂၂၀၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိသည့် ကမ္ဘာ့ဒုတိယအကြီးဆုံး အများပိုင်အသံလွှင့်ဌာနကြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ယခုစာသင်နှစ်တွင် လိုက်ထရပ်ယာဉ်များအား ကျောင်းကြိုပို့ယာဉ်အဖြစ် ခွင့်မပြု

**ရန်ကုန် မေ ၁၆**

ယခုစာသင်နှစ်တွင် ကျောင်းကြိုပို့ယာဉ်များအဖြစ် မီနီဘတ်စ်နှင့် မိုက်ခရိုဘတ်စ်များကိုသာ ပြေးဆွဲခွင့်ပြုမည်ဖြစ်ပြီး လိုက်ထရပ်ယာဉ်များကို ခွင့်မပြုတော့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ပြည်ပမှ တင်သွင်းလာသော School Bus များဖြစ်စေ၊ ပြည်တွင်းရှိ မီနီဘတ်စ်၊ မိုက်ခရိုဘတ်စ်များဖြစ်စေ ကျောင်းကြိုပို့ယာဉ်အဖြစ် ပြေးဆွဲလိုပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသော ကျောင်းကြိုပို့ယာဉ် သတ်မှတ်ချက်နှင့် ညီညွတ်ရန်လိုအပ်ပြီး ကိုက်ညီပါက ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစာသင်နှစ်တွင် ကျောင်းကြိုပို့ယာဉ်များကို သတ်မှတ်စည်းကမ်းများအတိုင်း ပြေးဆွဲခွင့်ပြုမည်ဖြစ်ပြီး ညာမောင်းယာဉ်များကို တစ်နှစ်ပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ နောက်ပိုင်းတွင် သတ်မှတ်ချက်များအတိုင်း ပြေးဆွဲရမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းကြိုပို့ယာဉ်အမျိုးအစားကို ၂၀၁၇ ခုနှစ် ဩဂုတ်လက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တရားဝင် သတ်မှတ်ထုတ်ပြန်ထားခဲ့ပြီး ယာဉ်များ၏ အရှေ့နှင့် အနောက်ဘက်တွင် School Bus ဟူသော စာသားပါရှိရမည်ဖြစ်ပြီး ယာဉ်၏ ဘေးဘက်တွင် ကျောင်းအမည်နှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကို ရေးသားထားရမည်ဖြစ်သည်။ ကျောင်းကားများ အားလုံး သတ်မှတ်ဆေး အဝါရောင်ဖြစ်ရမည်ဖြစ်ပြီး ဘယ်မောင်းယာဉ်ဖြစ်ရမည်ဖြစ်ကာ ယာဉ်၏ ညာဘက်(Right Hand Side)တွင် အတက်အဆင်း တံခါးပေါက်ပါရှိရန်နှင့် လုံခြုံစိတ်ချရသော သော့စနစ်တပ်ဆင်ထားရမည်ဟု သတ်မှတ်ထားသည်။ ကျောင်းကားများသည် ခရီးသည် ၁၀ ဦးနှင့်အထက် တင်ဆောင်နိုင်သော မိုက်ခရိုဘတ်စ်၊ မီနီဘတ်စ်စသည့် ဘတ်စ်များဖြစ်ရမည်ဖြစ်ပြီး ထိုင်ခုံတိုင်းတွင် အသက်ကယ်ထိုင်ခုံခါးပတ် ပါရှိရမည်ဖြစ်ကာ ရှေးဦးသူနာပြုသေတ္တာ (First Aid Box) အပြင် ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး အနည်းဆုံး နှစ်ဘူးပါရှိရမည်ဖြစ်သည်။

ယင်းသို့ သတ်မှတ်ချက်များအပြင် အဆိုပါ ကျောင်းကြိုပို့ယာဉ်ကို မောင်းနှင်မည့်သူသည် ယာဉ်မောင်းလိုင်စင် "ယ"လိုင်စင် ရရှိပြီးသူ ဖြစ်ရမည်ဖြစ်ကာ အမြန်နှုန်းကို တစ်နာရီလျှင် ကီလိုမီတာ ၄၀ ထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရန် ကန့်သတ်ထားရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကြိုပို့ယာဉ်ကို အငှားယာဉ်(ကျောင်းကြိုပို့လုပ်ငန်းသုံးယာဉ်) အဖြစ် လုပ်ငန်းလိုင်စင် ပြုလုပ်ရမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

ယခင်နှစ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဝယ်ယူခဲ့သော ကျောင်းကားသစ် အစီး ၂၀၀ အနက် အစီး ၁၀၀ ခန့်ကို ရန်ကုန်မြို့ရှိ TTC ကျောင်းနှစ်ကျောင်းတွင် စတင်အသုံးပြုသွားမည်ဖြစ်ပြီး ကျောင်းကြိုပို့ယာဉ်များ မောင်းနှင်ရန်နှင့် ယာဉ်ကြီးကြပ်ဆောင်ရွက်မည့်သူများအား လျှောက်လွှာခေါ်ယူလျက်ရှိကြောင်း သိရသည်။ ယခင်နှစ်က အဆိုပါ ကျောင်းကြိုပို့ယာဉ်များကို ယာဉ်ကြောပိတ်ဆို့လေ့ရှိသည့် စာသင်ကျောင်း ၂၂ ကျောင်းတွင် စတင်ပြေးဆွဲသွားရန် စီစဉ်ခဲ့သော်လည်း ပြေးဆွဲနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုရီးယားနိုင်ငံ Korea Trade-Investment Promotion Agency (KOTRA), Posco Daewoo Corporation တို့မှ ကျောင်းကားအစီး ၂၀၀ ဝယ်ယူရေး သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် မေ ၁၀ ရက်က ချုပ်ဆိုခဲ့ပြီး Hyundai County Bus ၂၈ ယောက်စီး အမျိုးအစား Brand New 2017 မော်ဒယ်ဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းအားဖြင့် တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၃၆၈၄၀ ခန့်ဖြစ်ကြောင်း သိရသည်။

**ဝဝ၁**

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ဆွေးနွေး

**နေပြည်တော် မေ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသည့် ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက်လည်း အဆိုပြုစာတွဲ Nomination Dossier တင်သွင်းခဲ့သည်။




ထို့အတူ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် UNESCO၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီတလီနိုင်ငံတို့က နည်းပညာနှင့် ပစ္စည်းအထောက်အပံ့များကို ကူညီလျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဒေသတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ၊ ဒေသခံအမွေအနှစ် ချစ်မြတ်နိုးသူများ ပါဝင်၍ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လက်တွေ့ကွင်းဆင်းသုတေသနပြုခြင်း၊ Inventory စာရင်းကောက်ယူခြင်း၊ GIS မြေပုံရရှိရေး ဆောင်ရွက်ခြင်း၊ ဒေသခံများ ပူးပေါင်းပါဝင်လာနိုင်ရေးနှင့် အမွေအနှစ်ချစ်မြတ်နိုးစိတ် ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြောက်ဦးဒေသ၏ ရှေးကာလမှ ယနေ့ကာလအထိ ရေအသုံးချမှုဆိုင်ရာများ၊ ပထဝီဝင် အချက်အလက်များ၊ မြောက်ဦးဒေသ၏ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အချက်များ၊ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် အဆိုပြုစာရေးသားရေးဆိုင်ရာများ၊ ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့စေရန် ဘက်ပေါင်းစုံ ကာကွယ်ထိန်းသိမ်းနိုင်ရေးဆိုင်ရာများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ မေ ၁၃ ရက် မှ ၁၅ ရက်အထိ ကွင်းဆင်းသုတေသနပြု ဆောင်ရွက်ခဲ့ကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ အီတလီနိုင်ငံသံအမတ်ကြီး၊ အီတလီနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန(AICS)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ South East University မှ ပညာရှင်များနှင့်အတူ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကိုးသောင်းပုထိုးတော်ကြီး၊ ဝင်းမနာရးစပါးကျီ၊ ဝင်းမနာရးပိဋကတ်တိုက်နှင့် ဝင်းမနာရးတံတိုင်းတို့ကိုလည်းကောင်း၊ ဇိနမာန်အောင်ဘုရား၊ လက်ဆည်ကန်နှင့် တံတိုင်း၊ မင်္ဂလာမာန်အောင်ဘုရား၊ ရှစ်သောင်းဘုရား၊ မြောက်ဦးနန်းတော်ကုန်းနှင့် မြောက်ဦး ရှေးဟောင်းသုတေသနပြတိုက်များသို့ ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီတွင် မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် နိုင်ငံတကာအထောက်အပံ့နှင့် နည်းပညာဆိုင်ရာ အကူအညီများကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းအသုံးပြုနိုင်စေရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းရေးကိစ္စများအပြင် အီတလီနိုင်ငံ အထောက်အပံ့အကူအညီအဖြစ် ယူရိုတစ်သန်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ စတင်ကြောင်းကြေညာခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် မြေပုံရရှိရေး၊ ဇုန်နယ်နိမိတ်သတ်မှတ်ရေး၊ မြို့ပြစီမံကိန်းရေးဆွဲရေး၊ သုတေသနဆိုင်ရာလုပ်ငန်းများအပြင် လိုအပ်သည့် နည်းပညာ၊ သင်တန်း၊ ပစ္စည်းအကူအညီများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အစည်းအဝေးဆွေးနွေးချက် ရလဒ်များအတည်ပြုဆုံးဖြတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် UNESCO အပါအဝင် နိုင်ငံတကာပံ့ပိုးကူညီမှုများဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အီတလီနိုင်ငံအစိုးရ၏ အထောက်အပံ့ ယူရိုတစ်သန်းကို အီတလီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(AICS)က မြောက်ဦးဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်ရန် နည်းပညာသင်တန်းပေးခြင်း၊ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ အကူအညီပေးခြင်း၊ အခြေခံပညာကျောင်းများရှိ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းလှူဒါန်းပေးခြင်း၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာစေရေးအတွက် NGO အဖွဲ့များကို အထောက်အပံ့ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ဦးစီးပူးပေါင်းဆောင်ရွက်လျက်ရှိရာ UNESCO နှင့်အတူ ပြည်ပနိုင်ငံများရှိ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးတွင် အတွေ့အကြုံရှိသော ပညာရှင်များ၊ ကမ္ဘာ့အမွေအနှစ် ၅၃ ခုဖြင့် ကမ္ဘာတွင် ကမ္ဘာ့အမွေအနှစ် အများဆုံးရရှိထားသည့် အီတလီနိုင်ငံ၊ ကမ္ဘာ့အမွေအနှစ် ၅၂ ခုဖြင့် ဒုတိယကမ္ဘာ့အမွေအနှစ် အများဆုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က အဓိကပံ့ပိုးပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်တွင် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် အဆိုပြုစာတွဲ(မူကြမ်း)တင်သွင်းနိုင်ရေးနှင့် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဂျပန်နိုင်ငံ ကောင်စစ်ဝန်နှင့် ကမ္ဘာ့ဘဏ်မှ ဒါရိုက်တာတို့ သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဂျပန်နိုင်ငံ အဒိချိခရိုင် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Toshio Nishimura နှင့် ကမ္ဘာ့ဘဏ်မှ Director for Myanmar, Cambodia and Lao PDR, Ms. Ellen Goldstein တို့က အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဂျပန်နိုင်ငံ အဒိချိခရိုင် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Toshio Nishimura တို့ တွေ့ဆုံဆွေးနွေးစဉ်။**

မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် တွေ့ဆုံစဉ် ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတစ်ခု ပြုလုပ်မည်ဖြစ်ပြီး ဂျပန်နိုင်ငံသား လုပ်ငန်းရှင် ၁၂၀ ခန့် တက်ရောက်သွားမည့်ကိစ္စ၊ အဆိုပါ ဆွေးနွေးပွဲအပြီးတွင် လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စများ၊ ဂျပန်နိုင်ငံတွင် ခုတင် ၁၀၀ ဆံ့ သက်ကြီးစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်၍ စောင့်ရှောက်နေမှုများ၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုဘဝလုံခြုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ထိခိုက်ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးဌာနသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ယန်း ၃၃၀ သန်း ထောက်ပံ့ထားပြီး စီမံကိန်းများ ချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်နေမှု ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ကမ္ဘာ့ဘဏ်မှ Director for Myanmar, Cambodia and Lao PDR, Ms. Ellen Goldstein နှင့် တွေ့ဆုံရာတွင် ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ်အား ငွေကြေးထောက်ပံ့ရေးအစီအစဉ်ကို ရခိုင်ပြည်နယ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နိုင်ငံတော်ဘဏ္ဍာဖြင့် လည်းကောင်း၊ ချင်းပြည်နယ်တွင် LIFT ရန်ပုံငွေဖြင့် လည်းကောင်း အကောင်အထည်ဖော်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်မည့်ကိစ္စများ၊ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘဏ်အနေဖြင့် လိုအပ်သည်များ ကူညီပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေး ကော်မတီ၏ ဦးစားပေးလုပ်ငန်း သုံးခုဖြစ်သည့် နိုင်ငံသားစိစစ်ရေး၊ လွတ်လပ်စွာသွားလာခွင့်ရရှိရေးနှင့် ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းရေး ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ သဘောတူညီချက်များအရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး စီစဉ်ထားရှိမှုများ၊ ကမ္ဘာ့ဘဏ်အနေဖြင့် ရခိုင်ပြည်နယ်အတွက် ကူညီထောက်ပံ့မည့် ကိစ္စရပ်များနှင့် ၎င်းတို့မှ ရခိုင်ပြည်နယ်အတွင်း အကဲဖြတ်ဆန်းစစ်ချက် ဆောင်ရွက်မည့်ကိစ္စများကို မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြားပစ်လက်ရွေးစင်အားကစားသမားများကို ကြည့်ရှုအားပေး

**ရန်ကုန် မေ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ညွှန်ကြားရေးမှူးများသည် မေ ၁၄ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ကွင်း မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်လက်ရွေးစင်အားကစားသမား ၃၂ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် မြားပစ်အားကစားသမား ၂၁ ဦးတို့၏ ယှဉ်ပြိုင်လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အာရှတိုက်ကွမ်ဒိုပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် အာရှတိုက်ကွမ်ဒို ကကွက်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် LIENVIETPOST BANK CUP ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘော်လီဘော အားကစားအဖွဲ့ဝင်များကို တွေ့ဆုံအားပေးခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရန်နှင့် မိမိယှဉ်ပြိုင်သော အားကစားနည်းအပေါ် တိကျခိုင်မာသော စိတ်ဓာတ်များ၊ ခံယူချက်များရှိရန် လိုအပ်ကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့ချုပ်များကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အား/ကာ**



## အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲ အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်

**နေပြည်တော် မေ ၁၆**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကိုရယူ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ ရေမြေတောတောင်သဘာဝများ၊ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် တည်ဆောက်ပြသထားလျက်ရှိသည်။

ပွင့်လင်းရာသီအတွင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက် ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေစေနိုင်ရန်အတွက် မေ ၁၉ ရက် (စနေနေ့)တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာယိမ်းအကများ၊ အငြိမ့်အစီအစဉ်နှင့် ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲအား မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅) အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အတွဲ(၁၅) အမှတ်(၇)မှစ၍ အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ထုတ်ဝေလျက်ရှိရာ မေ ၁၅ ရက်ထုတ် အတွဲ(၁၅) အမှတ်(၁၀)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသကဗျာ၊ကာတွန်း၊ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မေလ ၁၅ ရက်နေ့တွင် ထွက်ရှိသည့် ဒို့ကျေးရွာ ဂျာနယ်တွင်**

- စိုက်တော့စားရတာပေါ့ ဆောင်းပါး
- မြေဩဇာအမှန်သိရန်လိုသည့် ဆောင်းပါး
- စပါးပိုမိုထုတ်လုပ်ရန် ရေသောက်ဇရိယာများ၏ အရေးပါမှု
- မိတ္ထီလာမြို့နယ်၊ မကျီးမျှော်ကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းမှ တောင်သူတို့၏ စကားသံများ
- သီလဝါစက်မှုဇုန်မြေယာကိစ္စနှင့်ပတ်သက်၍ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးနှင့် တွေ့ဆုံခြင်း
- အမြတ်အစွန်းရရှိစေနိုင်မည့် ဝက်မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ
- ကျေးလက်စီးပွားတောက်ပ မြန်မာတိုင်းရင်းကြက်မွေးမြူ
- ဆိတ်မွေးမြူခြင်းနှင့် ဆိတ်သား၏ အာဟာရဓာတ်များ
- သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး ကျေးလက်တောင်သူများနှင့်ဆွေးနွေး
- ထိုင်းလယ်ယာဖွံ့ဖြိုးတိုးတက်မှုသည် ဖိလစ်ပိုင်အတွက် စံနမူနာကောင်း တစ်ရပ်ဖြစ်လာ
- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)တောင်သူများထံသို့ ပေးအပ်ပွဲကျင်းပ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် နိုင်ငံတကာ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည်တို့ကို စုံစုံလင်လင်ဖတ်ရှုရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## အဲကွန်းပါ YBS ယာဉ်လိုင်းသစ် ကျောက်တန်း-တာမွေ ပြေးဆွဲမည်

**ရန်ကုန် မေ ၁၆**

အဲကွန်းတပ်ဆင်ထားသော YBS ယာဉ်လိုင်းသစ်ကို လာမည့် မေလကုန်တွင် ကျောက်တန်း-တာမွေ ပြေးဆွဲနိုင်ရန် ရွှေတောင်ပိုင်း အများပိုင်ယာဉ်လိုင်းကုမ္ပဏီက စီစဉ်နေကြောင်း သိရသည်။

"ဒီလကုန်ကျောင်းဖွင့်ချိန်အမီ ပြေးဆွဲနိုင်ဖို့စီစဉ်ထားတယ်၊ ယာဉ်လိုင်းပြေးဆွဲဖို့ခွင့်ပြုချက်တော့ ကျပါပြီ" ဟု ရွှေတောင်ပိုင်း အများပိုင်ယာဉ်လိုင်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်ထွန်းက ပြောကြားသည်။ ယာဉ်လိုင်းသစ်ကို ယာဉ်အစီးရေ ၅၀ ဖြင့် ပြေးဆွဲနိုင်ရန် စီစဉ်ထားပြီး ကျောက်တန်းနှင့် တာမွေယာဉ်စီးခကို အများဆုံး ကျပ် ၂၀၀ ဖြင့်သာ ပြေးဆွဲနိုင်ရန် လတ်တလောဆုံးဖြတ်ထားကြောင်း ရွှေတောင်ပိုင်းအများပိုင်ယာဉ်လိုင်းကုမ္ပဏီထံမှ မေ ၁၅ ရက်က သိရသည်။ လက်ရှိအချိန်တွင် ကျောက်တန်းမှ ရန်ကုန်မြို့တွင်းသို့ မီနီဘတ်စ်ခရီးသည်တင်ယာဉ်များဖြင့် ပြေးဆွဲနေပြီး ခရီးသွားပြည်သူများ အခက်အခဲကြုံတွေ့နေကြောင်း သိရသည်။

ကျောက်တန်းနှင့် ရန်ကုန်ကြားအကွာအဝေးမှာ ၂၂ မိုင်ခန့်ရှိပြီး နှစ်နာရီကြာ ကားစီးရသည့်အတွက် ယခု အဲကွန်းတပ်ဆင်ထားသော ဟွန်ဒိုင်းယာဉ်များဖြင့် ပြေးဆွဲနိုင်ရန် စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။

"အခု ပြေးဆွဲနေတာက မီနီဘတ်စ်ယာဉ်အသေးလေးတွေဖြစ်တဲ့အတွက် လူအင်အား အလွန်များတယ်၊ အားလုံးက အလုပ်ကိစ္စ၊ ကျောင်းကိစ္စနဲ့ သွားနေကြရတယ်၊ ခရီးစဉ်အရှည်ကြီးကို ကျပ်ကျပ်တည်းတည်းနဲ့ သွားနေရတဲ့အတွက် လက်ရှိမဖြစ်မနေလိုအပ်ချက်ဖြစ်ပါတယ်"ဟု ကျောက်တန်း မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက ပြောသည်။ ရွှေတောင်ပိုင်း အများပိုင်ယာဉ်လိုင်း ကုမ္ပဏီလက်အောက်တွင် ယာဉ်လိုင်းပေါင်း ၁၀ လိုင်း ပြေးဆွဲနေပြီး YBS ၃၂၊ YBS ၃၃ တို့မှာ ကျောက်တန်းသို့ ပြေးဆွဲနေ၍ YBS ၃၄ မှာ ခရမ်း-သုံးခွသို့ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာသစ်စီမံကိန်းတို့ နည်းပညာပေးဆွေးနွေး

**နေပြည်တော် မေ ၁၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာသစ်စီမံကိန်း (ဆယ်လ်မာအူးအွန်ဒုံစီမံကိန်းကော်မတီ) တို့ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် နည်းပညာ ဆွေးနွေးခြင်းကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျွန်းတက်ပဲ့အုပ်စု ညောင်ကုန်းကျေးရွာရှိ ကျေးရွာသစ်စီမံကိန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်က ဆယ်လ်မာအူးအွန်ဒုံစီမံကိန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဝေဝေအုန်း (စပါးသီးနှံပိုးမွှားရောဂါကာကွယ်ရေး)က သီးနှံများတွင် ရောဂါပိုးမွှားကျရောက်ချိန်နှင့် မကျရောက်မီ ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်ဟေမာန်မြင့်က ရိတ်သိမ်းချိန်လွန်နည်းပညာ အကြောင်းအရာကို လည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဦးဇော်ငြေးက စပါးအထွက်ပန်းတိုင်တင်း ၁၀၀ ထွက်ရှိရေးကို လည်းကောင်း ဆွေးနွေးခဲ့ကြရာ ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ဝင်များနှင့် စိုက်ပျိုးတောင်သူ ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## ဘတ်စကက်ဘောပြိုင်ပွဲ အလှူငွေများ ပေးအပ်

**ရန်ကုန် မေ ၁၆**

၂၀၁၈ နွေရာသီဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်ဆန်းအားကစားပြိုင်ဝင်း အားကစားခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်သည်။ ထို့နောက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာဦးစီးဌာနက ငွေကျပ် ၄၄ သိန်း၊ Sky Net ရုပ်သံလိုင်းမှ ငွေကျပ် ၉၅၁၅၀၀၀၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း REVA Co.,Ltd.က ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့် Loi San Kham က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေး Gold Power က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးစိန်သန်းက ငွေကျပ်ငါးသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်း SIMA Living Mall က ငွေကျပ် ၁၀ သိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့် Brother Co., Ltd. က ငွေကျပ် ၁၀ သိန်း၊ အမှုဆောင် ဦးမောင်မောင်တင် All State Int Co., Ltd .က ငွေကျပ် ငါးသိန်း၊ အမှုဆောင် ဦးအောင်မြင့်က ငွေကျပ် ၁၀ သိန်း၊ အမှုဆောင် ဦးထွန်းဖြူက ငွေကျပ် သုံးသိန်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြူကြူ ဒေါ်ဥမ္မာအောင်နှင့် အမှုဆောင် ဒေါ်သိန်းသိန်းအေးတို့က ငွေကျပ် တစ်သိန်းစီနှင့် စုစုပေါင်း ပြိုင်ပွဲကျင်းပစရိတ်အတွက် အလှူငွေ ၁၉၅ သိန်းနှင့် ASEAN UNIVERSITY GAMES အတွက် နည်းပြထောက်ပံ့ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်အသင်းများမှ အမျိုးသားအကြီးတန်း ၂၇ သင်း၊ အမျိုးသမီးအကြီးတန်း ရှစ်သင်း၊ အမျိုးသားအငယ်တန်း ၁၈ သင်းနှင့် အမျိုးသမီးအငယ်တန်း ၁၀ သင်း စုစုပေါင်း ၆၃ သင်းမှ ပြိုင်ပွဲဝင် အားကစားသမား ၉၅၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၂၅ ရက်အထိ အကြီးတန်းပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းအားကစားခန်းမ၌လည်းကောင်း၊ အငယ်တန်းပြိုင်ပွဲများကို ကျိုက္ကဆံဘတ်စကက်ဘောရုံ၌လည်းကောင်း နေ့စဉ် နံနက် ၈ နာရီမှ စတင်ကာ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကြေးမုံ**


## မီးဘေးသင့်မိသားစုများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဆတ်ရိုးကျမြို့သစ် အကွက်အမှတ်(၁)တွင် မေ ၁၅ ရက်က လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့၍ မီးဘေးသင့် မိသားစုများအား စစ်တွေမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထောက်ပံ့ရေးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင် နေအိမ် ၁၅ လုံး မီးလောင်ကျွမ်းခဲ့သဖြင့် နေအိမ်နှစ်လုံး ဖြိုချခဲ့ရသည်။

"ပျက်စီးဆုံးရှုံးမှုတွေကို အတည်ပြုရယူပြီး အရေးပေါ်လိုအပ်မယ့်ပစ္စည်းတွေကို အမြန်ဆုံးထောက်ပံ့ကူညီပေးနိုင်ခဲ့တဲ့အတွက် ပီတိဖြစ်မိပါတယ်၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့တဲ့ အိမ်ထောင်စု ၁၇ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ စုံကိုသွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်၊ အဲဒီကယ်ဆယ်ရေးပစ္စည်းတစ်စုံမှာ တာပေါ်လင်တစ်စ၊ ခြင်ထောင်တစ်လုံး၊ စောင်တစ်ထည်၊ မီးဖိုချောင်သုံးပစ္စည်းတစ်စုံ၊ အမျိုးသားဝတ်အကျီနဲ့ ပုဆိုးတစ်စုံ၊ အမျိုးသမီးဝတ်တစ်စုံ၊ ကလေးဝတ် နှစ်စုံ၊ တစ်လ အသုံးပြုလို့ရတဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း တစ်စုံ၊ ၁၀ လီတာဝင်သောက်ရေပုံးတစ်ပုံးနဲ့အမျိုးသမီး တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း တစ်စုံတို့ပါဝင်ပါတယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း လှူဒါန်းမှုတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်တွေမြို့နယ် ကြက်ခြေနီအသင်းခွဲမန်နေဂျာ ဦးစည်သူတိုးညွန့်က ပြောသည်။




အလားတူ မေ ၁၂ ရက် ညပိုင်းက မြေပုံမြို့နယ် ဝဘော်ကြီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၉၄ လုံးပျက်စီးဆုံးရှုံးမှုခဲ့သည်။

"ကျွန်တော်တို့ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံတွေက စစ်တွေ၊ ကျောက်ဖြူနဲ့ သံတွဲမြို့တွေမှာ ရှိပါတယ်၊ ဝဘော်ကြီးကျေးရွာမီးလောင်မှုသတင်းရရချင်း ကယ်ဆယ်ရေးပစ္စည်းတွေ အလျင်အမြန် လှူဒါန်းနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ စစ်တွေနဲ့မြေပုံက ခရီးကွာဝေးပါတယ်၊ ကယ်ဆယ်ရေးပစ္စည်းတွေ သေသေချာချာလှူဒါန်းနိုင်အောင် ပျက်စီးဆုံးရှုံးမှုတွေကို အတည်ပြုဆောင်ရွက်ပြီးပါပြီ၊ မကြာမီသွားရောက်လှူဒါန်းနိုင်တော့မှာဖြစ်ပါတယ်"ဟု ဦးစည်သူတိုးညွန့်က ဆက်လက်ပြောသည်။

**မင်းမင်းဇော်(ကလေး)၊ဓာတ်ပုံ - မောင်ဖိုးဇော်**

# ရန်ကုန်မြို့ရှိ ဆမ်ဆောင်းလျှပ်စစ်ပစ္စည်းဆိုင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗန္ဓုလပန်းခြံလမ်း (အလယ်ဘလောက်)ရှိ ဆမ်ဆောင်းလျှပ်စစ်ပစ္စည်းဆိုင်အတွင်းရှိ စတိုနှင့်အိမ်သာခန်းအပေါ်တွင် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်သည့် အကြောင်းအရင်းမှာ အဲကွန်းနှင့် လျှပ်စစ်မီးများ သွယ်တန်းထားသော ဝါယာကြိုးများပေါ်တွင် TV ပစ္စည်းအဟောင်းများ စုပုံထားရှိရာမှ လျှပ်စစ်ကြိုးတွင် ဒဏ်ဖြစ်၍ အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်ဟု မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

မီးလောင်မှုကို ရန်ကုန်မြို့တော်ဝန် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

မီးလောင်မှုကြောင့် ဆမ်ဆောင်းအမျိုးအစား အဲကွန်းတစ်လုံး၊ TV ပစ္စည်းအဟောင်းများနှင့် စက္ကူကတ်ထူပုံးများ မီးလောင်သွားကြောင်း သိရသည်။



မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ကွပ်ကဲမှုယာဉ်သုံးစီး၊ အထောက်အကူပြုယာဉ် သုံးစီးဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၉၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၁၃ မိနစ်တွင် မီးငြိမ်းသတ်နိုင် ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဆိုင်မန်နေဂျာ သီဟအောင်အား အရေးယူထားကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ-စောသိန်းဝင်း**

# မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားတွင် တရားမဝင်သယ်ဆောင်လာသော နိုင်ငံခြားငွေများ သိမ်းဆည်းရမိ

**မြဝတီ မေ ၁၆**
မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတားတွင် တရားမဝင်သယ်ဆောင်လာသော နိုင်ငံခြားငွေများအား နယ်မြေခံရဲတပ်ဖွဲ့မှ ယနေ့နံနက် ၉ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားကြီးတွင် တံတားလုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀)သတင်းတပ်ဖွဲ့စုမှ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၃၂)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် နံနက် ၉ နာရီခွဲက သတင်းအရ မြဝတီမှ မဲဆောက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီး(၈)ရပ်ကွက်နေ အောင်မျိုး ၄၀ နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ် 9K/---- ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏အင်ဂျင်ခန်းအတွင်း၌ သတင်းစာစက္ကူနှင့်ထုပ်ထားသော အထုပ်နှစ်ထုပ်အား တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ အမေရိကန်ဒေါ်လာ ၁၆၁၂၉၀၊ ယူရိုငွေ ၄၃၅၀၊ ဂျပန်ယန်းငွေ ၁၃၁၇၀၀၀ တို့အား စစ်ဆေးတွေ့ရှိရသည့်အတွက် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မျိုးအား မြဝတီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လှိုင်ဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသူများအား ဖမ်းဆီး

**ကော့ကရိတ် မေ ၁၆**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝ စစ်ဆေးရေးဂိတ်တွင် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသူ ငါးဦးအား ဖမ်းဆီးရမိသဖြင့် ကော့ကရိတ်မြို့မရဲစခန်း၌ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃ (၂) ၁၃(၁) ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်ဝစစ်ဆေးရေးဂိတ်၌ နံနက် ၃ နာရီခန့်တွင် မြဝတီမှ ကော့ကရိတ်ဘက်သို့ ထွက်ခွာလာသည့် ယာဉ်တစ်စီးအား စစ်ဆေးရာ အထောက်အထား လက်မှတ်များကိုင်ဆောင်ထားခြင်းမရှိသည့် စစ်တွေနှင့် မင်းပြားမြို့နယ်နေ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့အား ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့အား စစ်ဆေးချက်အရ လွန်ခဲ့သည့် လေးနှစ်ကျော်က စစ်တွေမြို့မှ သုံးဘီးဆိုင်ကယ်တက္ကစီဖြင့် မင်းဘူးမြို့သို့ ရောက်ရှိပြီး မင်းဘူး-ရန်ကုန်-မော်လမြိုင်မှတစ်ဆင့် မြဝတီမြို့သို့ ရောက်ရှိကာ ထိုင်းနိုင်ငံ မဟာချိုင်တွင် လေးနှစ်ခန့်နေထိုင်ခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မဲဆောက်မြို့သို့ ရောက်ရှိပြီး မြဝတီမြို့မှတစ်ဆင့် ရန်ကုန်သို့ ထွက်ခွာလာစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**
မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် နံနက် ၆ နာရီခွဲက ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာနေ မဆိုင်မွန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ နှင့် ဘိန်းဖြူဆပ်ပြာခွက် လေးခွက်(ဘိန်းဖြူ အလေး ချိန် သုည ဒသမ ၀၄၄ ကီလို)တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများမှာ တစ်ရွာတည်းနေ ခဲအိုဖြစ်သူ ဆန်းမွန်းက အပ်နှံထားကြောင်းသိရသဖြင့် ဆန်းမွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ငွေကျပ် ၅၉၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားလမ်းတွင် ခရီးသည်တင်ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မမြင့်ကြည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ဆန်းမွန်းနှင့် မဆိုင်မွန်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**၁၇-၅-၂၀၁၈ ( ကြာသပတေးနေ့)**

**နံနက်ပိုင်း**
- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ Breakfast News
- ၈:၃၅ "လူထုအခြေပြုမှုသည် ပျော်ရွှင်ခြင်း ခရီးစဉ်များသို့ရည်"
- ၈:၄၅ "၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသား စီမံကိန်းဥပဒေ"
- ၉:၃၅ လှပစုံလင် အာဆီယံတစ်ခွင်
- ၉:၄၅ ASEAN Spotlight (Part-27)
- ၁၀:၃၀ အလုပ်သမားရေးရာ အစီအစဉ်
- ၁၁:၀၀ "သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း"
- ၁၁:၄၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ "အချစ်စမ်းချင်စမ်း၊ မစမ်းချင်နေ" (ဝါးခယ်မရဲအောင်၊ ဒေါ်ခင်ခင်ကြီး၊ ပန်သူမြင့်မိုရ်၊ မာမာကြည်၊ မိရာဇာ၊ ယွန်းဆက်၊ ဥမ္မာ၊ ကတုံး) (ဒါရိုက်တာ-သိမ်းစိုး သီဟရတနာ)
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၀)(မင်းဦး၊ ဖိုးသောကြာ၊ ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၁၃:၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၁) (မန္တလေးမြို့) ဒုတိယပိုင်း
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ' (အပိုင်း-၂၁)

**ညပိုင်း**
- ၁၆:၃၅ "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (မြန်မာစာဘာသာရပ်)
- ၁၇:၁၅ NHK အစီအစဉ် "Mathematica" (ဘယ်ဟာကပိုသာလဲ)
- ၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၁)(မင်းဦး၊ ဖိုးသောကြာ၊ ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ "ကချင်ပြည်နယ်အတွင်း လတ်တလော ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်သည့် အခြေအနေ"
  - -America's Got talent
  - - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇာဝင်" (အပိုင်း-၃၃)
  - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)
  - - အစီအစဉ်ပြီး၏။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၄၇ စီး၊ သွင်းကုန် ၉၆၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၇၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၅၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၅ ရက်တွင် မူဆယ်နှင့်မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် CANTER မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မီးစက်(အသေး) ၂၅ လုံး၊ Bell Machinery ၂၅ ခု၊ Chain Saw ၁၂ ခုနှင့် ခေါက်ဆွဲဖာ ၁၉၀ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၄ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သစ် ၄၈၆၈၁ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**
တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း၌ ကျွန်းသစ် ၁၁၀၅၆ ဒသမ ၅၀၈ တန်၊ သစ်မာ ၁၃၃၄၀ ဒသမ ၉၈၆ တန်၊ အခြားသား ၂၄၂၈၃ ဒသမ ၆၂၁ တန် စုစုပေါင်း ၄၈၆၈၁ ဒသမ ၁၁၆ တန် သိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။

ထို့အပြင် သစ်တောထွက်ပစ္စည်းဖြစ်သည့် မီးသွေး ၉၄၃၃ ဒသမ ၈၅၆ တန်၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူရာတွင် အသုံးပြုသည့် မော်တော်ယာဉ် ၂၄၃၈ စီး၊ မြေတူး၊ မြေကော် ကရိန်း ၁၀ စီး၊ ထော်လာဂျီ၊ ဒိန်းဒေါင်း၊ ထွန်စက် ၁၄၃ စီး၊ ဆိုင်ကယ်၊ ဆိုက်တွဲယာဉ် ၆၅၆ စီး၊ စက်လှေ၊ ပဲ့ထောင်ရေယာဉ် ၂၃၃ စင်းကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ကမ္ဘာ့ဖလားဝင်ခွင့်ရအသင်းအချို့ ကစားသမားစာရင်းများ ထုတ်ပြန်

**ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ လာမယ့် ဇွန် ၁၅ ရက်မှာ စတင်တော့မှာဖြစ်ပြီး အဲဒီပြိုင်ပွဲအတွက် ဝင်ခွင့်ရထားတဲ့ အသင်းတွေဟာ ပြိုင်ပွဲမစတင်မီ ဇွန် ၄ ရက် နောက်ဆုံးထားပြီး တရားဝင်ထုတ်ပြန်ကြေညာပေးရမှာဖြစ်ကာ အသင်းအချို့ကတော့ သူတို့ရဲ့ကစားသမားစာရင်းကို တရားဝင်ထုတ်ပြန်ပေးခဲ့ကြပါပြီ။**





### ပေါ်တူဂီအသင်း

ပေါ်တူဂီအသင်းဟာ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဆုဖလားကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့တဲ့ အသင်းတစ်သင်းဖြစ်ပြီး ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း ဝင်ခွင့်ရရှိထားတဲ့အသင်း ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရွေးချယ်ထားတဲ့ ကစားသမားတွေကတော့ ဂိုးသမားတွေအဖြစ် အန်တိုနီလိုပက်၊ ဘီတို၊ ပက်ထရီစီယို၊ နောက်တန်းမှာ အန်တူနက်စ်၊ ဘရူနိုအဲလ်ဗက်၊ စီဒရစ်ဆိုးရီ၊ ကန်ဆယ်လို၊ ဖွန်တီ၊ လူးဝစ်နီတိုး၊ မာရီယိုရူး၊ ဆီမီဒို၊ ပီပီ၊ ဂွာရီရို၊ ပီရိန်ရာ၊ ရိုလန်ဒို၊ ရူဘင်ဒိုင်ရက်စ်၊ ကွင်းလယ်ပိုင်းမှာ အန်ဒရီယန်၊ အန်ဒရီဂိုမက်စ်၊ ဘရူနိုဖာနန်ဒက်စ်၊ ရူဘင်နီဗက်စ်၊ အိုလီဗီရာ၊ ကာဗယ်ဟို၊ တိုက်စစ်ပိုင်းမှာ အန်ဒရီဆေးလ်ဗား၊ ဘာနာဒိုဆေးလ်ဗား၊ စီရိုနယ်လ်ဒို၊ အက်ဒါ၊ ဂျယ်ဆန်မာတင်၊ ဂွန်ကာလိုဂူဒက်စ်၊ နာနီ၊ ပေါ်လင်ဟို၊ ရီကာဒိုကွာရက်စမာ၊ ရွန်နီလိုပက်စ်တို့ပဲ ဖြစ်ကြပါတယ်။ ပေါ်တူဂီအသင်းရဲ့ အားထားရတဲ့ ဗဟိုခံစစ်မှူး ဖာဘီယိုကိုအန်ထရာအိုကတော့ ဇွန်လမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သူ့ကိုမရွေးဖို့ တောင်းဆိုခဲ့တာကြောင့် အခုထုတ်ပြန်ထားတဲ့ ကစားသမားစာရင်းမှာ ပါဝင်လာခြင်းမရှိတာဖြစ်ပါတယ်။

### အာဂျင်တီးနားအသင်း

အာဂျင်တီးနားအသင်းမှာတော့ မက်ဆီ၊ ဒိုင်ဘာလာနဲ့ အိုင်ကာဒီတို့က အဓိကပါဝင်လာတာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ လက်ရှိမှာ ၃၅ ဦးစာရင်းကို ထုတ်ပြန်ထားပါတယ်။

ဂိုးသမားတွေအဖြစ် ရိုမီရို၊ ကာဘယ်လီရို၊ နာဟူရယ်ဂတ်ဇ်မန်း၊ ဖရန်ကိုအာမာနီ၊ နောက်တန်းမှာ ဆယ်လ်ဗီယို၊ မာကာဒို၊ အော့တမန်ဒီ၊ မာရှေယာနို၊ ဖာဇီယို၊ ရိုဂျို၊ အက်ကူနာ၊ တာဂလီယာဖီကို၊ အူးနက်စ်မိုရီ၊ ပက်ဇယ်လာ၊ အန်ဆယ်လ်ဒီ၊ ကွင်းလယ်ပိုင်းမှာ ဘီဂလီယာ၊ ဘာနီဂါ၊ လိုဆယ်လ်ဆို၊ လန်ဇီနီ၊ အန်ဇိုပီရက်ဇ်၊ ပါဘလိုပီရက်ဇ်၊ ပါရီဒက်စ်၊ ပီဇာရို၊ ရီကာဒိုစင်တူရီယွန်၊ ဘတ်တာဂလီယာ၊ ဒီမာရီယာ၊ ပီရော့တီ၊ မီဇာ၊ ခရစ္စတီယန်ပါဗွန်း၊ တိုက်စစ်ပိုင်းမှာ ဒိုင်ဘာလာ၊ အဂူရို၊ ဟီဂူအင်၊ မက်ဆီ၊ အိုင်ကာဒီနဲ့ မာတီနက်ဇ်တို့ပဲ ဖြစ်ကြပါတယ်။

### ဘရာဇီးအသင်း

ဘရာဇီးအသင်းမှာဆိုရင် တိုက်စစ်မှူး နေမာ ဦးဆောင်လာမှုနဲ့အတူ ဂိုးသမားနေရာမှာ အဲလစ်ဆင်၊ အီဒါဆန်၊ ကက်စီရို၊ နောက်တန်းမှာ မာဆယ်လို၊ ဒန်နီလို၊ ဖိလစ်ပီလူးဝစ်၊ ဖာဂ်နာ၊ မာကွင်ဟို၊ သီယာဂိုဆေးလ်ဗား၊ မီရန်ဒါ၊ ဂျီယိုမဲလ်၊ ကွင်းလယ်ပိုင်းမှာ ဝီလီယံ၊ ဖာနန်ဒင်ဟို၊ ပေါ်လင်ဟို၊ ကက်စမီရို၊ ကော်တင်ဟို၊ အော်ဂတ်စတို၊ ဖရက်ဒ်၊ တိုက်စစ်ပိုင်းမှာ ဂတ်ဘရီးလ်ဂျီးဆပ်၊ ဖာမီနို၊ ဒေါက်ဂလပ် ကော်စတာ၊ တိုင်ဆန်နဲ့ နေမာတို့ ပါဝင်လာခဲ့ကြတာဖြစ်ပါတယ်။

အဲဒီမှာ ဘရာဇီးအသင်းရဲ့ ညာနောက်ခံကစားသမား ဒန်နီအဲလ်ဗက် ပြင်းထန်တဲ့ ဒူးဒဏ်ရာရရှိထားတာကြောင့် ဒန်နီလိုကို အစားထိုးထားရတာဖြစ်ပြီး ဗဟိုခံစစ်မှာတော့ အားထားစိတ်ချရတဲ့ ကစားသမားကောင်းတွေဖြစ်တဲ့ မာကွင်ဟို၊ သီယာဂို ဆေးလ်ဗားနဲ့ မီရန်ဒါတို့ ရှိနေတာဖြစ်ပါတယ်။ အဲဒီကစားသမားတွေဟာ ဖရက်ဒ်၊ ဒေါက်ဂလပ် ကော်စတာတို့နဲ့ အချိတ်အဆက်မိမိ ကစားနိုင်တဲ့ကစားသမားတွေဖြစ်ပြီး ကစားသမားစုဖွဲ့မှု အကောင်းဆုံးအသင်းအဖြစ်လည်း ရပ်တည်နေပါတယ်။ ဘရာဇီးအသင်းဟာ ဇွန် ၁၇ ရက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ပထမဆုံးပွဲစဉ်အဖြစ် ဆွစ်ဇာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ဇွန် ၁၁ ရက်မှာ ရုရှားနိုင်ငံအရောက်သွားမယ်လို့လည်း သိရပါတယ်။

လက်ရှိမှာ ကမ္ဘာ့ဖလားဝင်ခွင့်ရအသင်းတွေထဲက အိမ်ရှင်ရုရှားအသင်းအပါအဝင် အီဂျစ်အသင်း၊ ပေါ်တူဂီအသင်း၊ အီရန်အသင်း၊ ဩစတြေးလျအသင်း၊ ဒိန်းမတ်အသင်း၊ အာဂျင်တီးနားအသင်း၊ အိုက်စလန်အသင်း၊ ခရိုအေးရှားအသင်း၊ နိုင်ဂျီးရီးယားအသင်း၊ ဘရာဇီးအသင်း၊ ကော်စတာရီကာအသင်း၊ မက္ကဆီကိုအသင်း၊ တောင်ကိုရီးယားအသင်း၊ ပနားမားအသင်း၊ တူနီရှားအသင်း၊ ပိုလန်အသင်း၊ ကိုလံဘီယာအသင်းစတဲ့အသင်းတွေဟာ သူတို့ရဲ့ ကစားသမားစာရင်းကို တရားဝင်ထုတ်ပြန်ကြေညာထားပြီး စပိန်အသင်းက မေ ၂၁ ရက်၊ ပြင်သစ်အသင်းက မေ ၁၇ ရက်၊ ဂျာမနီအသင်းက မေ ၁၆ ရက်၊ ဘယ်လ်ဂျီယံအသင်းက မေ ၂၁ ရက်၊ အင်္ဂလန်အသင်းက မေ ၁၆ ရက်တို့ အသီးသီးထုတ်ပြန်သွားဖို့လည်း ရှိနေပါတယ်။

ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၅ ရက်အထိ ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး အုပ်စု ရှစ်ခုခွဲကာ ကျင်းပမှာဖြစ်ပါတယ်။

ငွေကြယ် – ရေးသားသည်

# နောက်ဆုံးပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရယူမယ့် ဘာစီလိုနာ

ရှိုင်းမင်းမင်း

### ၂၀၁၇-၂၀၁၈ လာလီဂါရင်ခုန်သံ - ၃၈

**လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၃၈ ကို လာမယ့် မေ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ နောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် အားစိုက်ကစားလာကြမှာဖြစ်လို့ တစ်မျိုးစိတ်ဝင်စားဖို့ကောင်းပါတယ်။**

### ဆဲလ်တာဗီဂို - လီဗန်တေး ညနေ ၅း၃၀ (၁၉-၅-၁၈)

လီဗန်တေးက တန်းဆင်းဇုန်က လွတ်မြောက်ခဲ့ပြီဖြစ်ပေမယ့် ခြေစွမ်းပိုင်း ကောင်းမွန်နေဆဲဖြစ်သလို ဘာစီလိုနာကိုတောင် အနိုင်ကစားနိုင်ခဲ့တယ်။ ဆဲလ်တာဗီဂိုကတော့ အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းက သာမန်သာရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လီဗန်တေးတို့ အနိမ့်ဆုံးသရေလောက် ကစားသွားနိုင်ခြေရှိပါတယ်။

### လီဂါနက်စ် - ဘက်တစ် ည ၈း၄၅ (၁၉-၅-၁၈)

ဘက်တစ်က လက်ရှိအချိန်မှာ ယူရိုပါလိဂ်ကို အုပ်စုအဆင့်ကနေတောင် ပါဝင်ခွင့်ရဖို့ သေချာနေတဲ့အသင်းဖြစ်ပါတယ်။ လီဂါနက်စ်ကလည်း တန်းတင်ကျန်ရစ်ဖို့ သေချာနေပြီဖြစ်ပါတယ်။ ဒါပေမယ့် နောက်ဆုံးပွဲစဉ်ဖြစ်နေတာကြောင့် နှစ်သင်းစလုံး အားစိုက်ကစားဖို့ရှိနေကာ ခြေစွမ်းပိုကောင်းတဲ့ ဘက်တစ်တို့ အဝေးကွင်းမှာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဆီဗီလာ - အလာဗက်စ် ည ၁၁း၀၀ (၁၉-၅-၁၈)

လက်ရှိအချိန်မှာ ဆီဗီလာအနေနဲ့ အဆင့် ၇ နေရာမှာ ရပ်တည်နေကာ အဆင့် ၈ နေရာက ဂီတာဖေးထက် သုံးမှတ်သာ အသာရထားပေမယ့်လည်း ထိပ်တိုက်ဆုံတွေ့မှုမှာ ဆီဗီလာတို့ အသာရထားခဲ့တာကြောင့် ယူရိုပါလိဂ် ဝင်ခွင့်သေချာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် နောက်ဆုံးပွဲစဉ်ဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဆီဗီလာတို့ အားစိုက်ကစားလာမှာလည်းဖြစ်ကာ အလာဗက်စ်ကလည်း တန်းမဆင်းရဖို့ သေချာနေတဲ့အသင်းဖြစ်ပြီး ခြေစွမ်းပိုင်းလည်း သာမန်သာရှိပါတယ်။ ဆီဗီလာသာ အနိုင်ရမယ်။

### မာလာဂါ - ဂီတာဖေး ည ၁၁း၀၀ (၁၉-၅-၁၈)

ဂီတာဖေးက အဆင့် ၇ နေရာက ဆီဗီလာထက် သုံးမှတ်သာ လျော့နည်းပေမယ့်လည်း ထိပ်တိုက်ဆုံတွေ့မှုမှာ ဂီတာဖေးတို့ ရှုံးနိမ့်ထားခဲ့တာကြောင့် ဒီပွဲအနိုင်ရရင်တောင်မှ ယူရိုပါလိဂ်ဝင်ခွင့်ရရှိတော့မှာ မဟုတ်ပါဘူး။ မာလာဂါကလည်း တန်းဆင်းရဖို့သေချာနေတဲ့ အသင်းဖြစ်ပေမယ့် အိမ်ကွင်း နောက်ဆုံးပွဲမှာ အားစိုက်ကစားလာမှာပါ။ ဂီတာဖေး သရေလောက်ပဲရမယ်။

### လက်ပါးမက်စ် - ဂျီရိုနာ ည ၁၁း၀၀ (၁၉-၅-၁၈)

လက်ပါးမက်စ်က တန်းဆင်းရဖို့ သေချာနေတဲ့အသင်းဖြစ်ပေမယ့် အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဂျီရိုနာကတော့ တန်းမဆင်းရဖို့ သေချာနေတဲ့အသင်းဖြစ်သလို အခြားမျှော်လင့်ချက်လည်း မရှိတော့ပါဘူး။ ဒါကြောင့် အားစိုက်ကစားမှုလျော့ကျလာနိုင်ပြီး အိမ်ကွင်းမှာ နိုင်ပွဲနဲ့ နှုတ်ဆက်မယ့် လက်ပါးမက်စ်သာ အနိုင်ရမယ်။

### ဗီလာရီးယဲလ် - ရီးယဲလ် နံနက် ၁း၁၅ (၂၀-၅-၁၈)

ဗီလာရီးယဲလ်က ယူရိုပါလိဂ်ပြိုင်ပွဲကို အုပ်စုအဆင့်ကနေ ဝင်ခွင့်ရဖို့ သေချာနေတဲ့အသင်းဖြစ်ပေမယ့် အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ ရလဒ်ကောင်းဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ ရီးယဲလ်ကတော့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားရဖို့ ရှိနေသေးတာကြောင့် လူစုံအသုံးပြုလာနိုင်ဖို့ခက်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ အားစိုက်ကစားလာမယ့် ဗီလာရီးယဲလ်တို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ ရှိနေပါတယ်။

### ဗလင်စီယာ - ဒီပိုတီဗို ညနေ ၄း၃၀ (၂၀-၅-၁၈)

ဗလင်စီယာက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ သေချာနေတဲ့အချိန်ကစလို့ ရှန်းကန်ကစားအားကျဆင်းနေကာ ရလဒ်တွေလည်း မတည်ငြိမ်ခဲ့ပါဘူး။ ဒါပေမယ့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်သလို နောက်ဆုံးပွဲစဉ်လည်းဖြစ်တာကြောင့် ဗလင်စီယာတို့ အားစိုက်ကစားလာဖို့တော့ ရှိပါတယ်။ ဒီပိုတီဗိုကလည်း တန်းဆင်းရဖို့သေချာနေတဲ့အသင်းဖြစ်ပြီး ခြေစွမ်းပိုင်းလည်း သာမန်သာ ရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဗလင်စီယာသာ အနိုင်ရမယ်။

### ဘီလ်ဘို - အက်စ်ပန်ညို ည ၈း၄၅ (၂၀-၅-၁၈)

ဘီလ်ဘိုက တန်းတင်ကျန်ရစ်ဖို့ သေချာနေပြီဖြစ်ပါတယ်။ ဒါပေမယ့် ဘီလ်ဘိုအနေနဲ့ အိမ်ကွင်းမှာ နောက်ဆုံးပွဲကစားခဲ့ရမှာဖြစ်တာကြောင့် ဂရုတစိုက်ကစားရမှာဖြစ်ပါတယ်။ အက်စ်ပန်ညိုကလည်း ခြေစွမ်းပိုင်း သာမန်သာရှိတာကြောင့် ဘီလ်ဘိုတို့ အသာရနိုင်ပါတယ်။ အိမ်ကွင်းမှာ ဘီလ်ဘို ကပ်ပြီးသာနိုင်မယ်။

### အက်သလက်တီကို - အီဘား ည ၁၁း၀၀ (၂၀-၅-၁၈)

အက်သလက်တီကိုအနေနဲ့ လက်ရှိအချိန်မှာ အမှတ်မလိုတော့သလို ယူရိုပါလိဂ်ဗိုလ်လုပွဲလည်း ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် အက်သလက်တီကိုအနေနဲ့ အိမ်ကွင်းမှာ နောက်ဆုံးပွဲကစားခဲ့ရမှာဖြစ်တာကြောင့် ဂရုတစိုက်ကစားရမှာဖြစ်ပါတယ်။ အီဘားကလည်း ခြေစွမ်းပိုင်း သာမန်သာရှိတာကြောင့် အက်သလက်တီကိုတို့ အသာရနိုင်ပါတယ်။ အက်သလက်တီကို ကပ်ပြီးသာနိုင်မယ်။ သွင်းဂိုးလည်း နည်းမယ့်ပွဲဖြစ်လာနိုင်ပါတယ်။

### ဘာစီလိုနာ - ဆိုစီဒက်စ် နံနက် ၁း၁၅ (၂၁-၅-၁၈)

ဘာစီလိုနာအနေနဲ့ ရှုံးပွဲမရှိစံချိန်ကျိုးပျက်ခဲ့ရပေမယ့် အိမ်ကွင်းမှာ ကစားရမယ့် နောက်ဆုံးပွဲစဉ်မှာတော့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆိုစီဒက်စ်ကလည်း ခြေစွမ်းပိုင်း သာမန်သာရှိတာကြောင့် ဘာစီလိုနာတို့ အခွင့်အရေးရနိုင်ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာတို့ ဂိုးပြတ်နိုင်ပွဲ ရယူသွားနိုင်ပါတယ်။

# အခြေခံပညာကျောင်းများနှင့် ငလျင်ဘေးအန္တရာယ်

**ခင်မောင်ဌေး(ပညာရေး)**

ပညာရှင်အချို့က သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ မကြာခဏ ကြိုတင်သတိပေးတတ်ရာ ငလျင်နှင့် ပတ်သက်၍ အထူးအသိပေးမှုများ ထွက်ပေါ်လာပြီးနောက် မကြာမီအတောအတွင်း ထူးခြားဖွယ်ငလျင်များ လှုပ်ခတ်လာသည်ကိုတွေ့ရ၏။

မြန်မာနိုင်ငံတွင် ငလျင်ဖြစ်နိုင်သည့် ပြတ်ရွေ့ကြောကြီးများရှိရာ အကြီးမားဆုံးနှင့် အပြင်းထန်ဆုံး ဖြစ်နိုင်မည့် စစ်ကိုင်းပြတ်ရွေ့သည်ပင် မြန်မာနိုင်ငံတောင်ဘက် အက်ဒမန်ပင်လယ်မှ ပူတာအိုမြို့ပတ်ဝန်းကျင်အထိ ကီလိုမီတာ ၁၂၀၀ ရှည်လျားသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၄ ရက်အထိ ငလျင် ၁၉ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သွား၏။ ဟုမ္မလင်းမြို့အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ၅ ဒသမ ၈ အဆင့်အထိ မြေငလျင်လှုပ်ခတ်သွားရာ ဟုမ္မလင်းပတ်ဝန်းကျင်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် အင်အားအပြင်းဆုံးဖြစ်သည်။ ထို့နောက် လှုပ်ခတ်ခဲ့သည့် ငလျင်များတွင် ဖြူးမြို့အနောက်တောင်ဘက် ၂၅ မိုင် ဝန်းကျင်တွင် မိနစ်ပိုင်းသာခြား၍ အင်အား ၆ ဒသမ သုည မှ ၄ ဒသမ ၃ ရစ်ချ်တာစကေးရှိ ငလျင်များ ဆက်တိုက်လှုပ်ခဲ့သည်။

**ငလျင်သမိုင်း**

ငလျင်များနှင့် ပတ်သက်လျှင် ၁၈၉၉ ခုနှစ်တွင် အင်းဝငလျင်၊ ၁၉၃၀ ပြည့်နှစ်တွင် ပဲခူးငလျင်(၇ ဒသမ ၅)၊ ၁၉၃၁ ခုနှစ်တွင် မြစ်ကြီးနားငလျင် (၇ ဒသမ ၆)၊ ၁၉၄၇ ခုနှစ်တွင် မော်လိုက်ငလျင် (၈ ဒသမ သုည) ၁၉၅၆ ခုနှစ်တွင် စစ်ကိုင်းငလျင်၊ ၁၉၇၅ ခုနှစ်တွင် ပုဂံငလျင် (၆ ဒသမ ၅)၊ ၁၉၉၀ ပြည့်နှစ်တွင် တာလေငလျင်နှင့် ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင်များ အသီးသီး လှုပ်ခတ်ခဲ့သည်။ သဘာဝဘေးများနှင့် ပတ်သက်လျှင် ကြိုတင်မှန်းဆနိုင်မှုအချို့ ရှိသော်လည်း ငလျင်နှင့် ပတ်သက်၍ တိတိကျကျ ကြိုတင်မှန်းဆနိုင်မှု မရှိသေးပေ။

**ကြိုတင်အသိပေး**

နှစ်ပေါင်း ၈၀-၁၀၀ ကြာလျှင် ငလျင်ကြီး တစ်ကြိမ် လှုပ်ခတ်ခြင်းရှိရာ ယခုအခါ ငလျင်ကြီးကြီးမားမား မလှုပ်သည်မှာ နှစ်ပေါင်း ၉၀ ကျော်သွားပြီဖြစ်၏။ ၁၉၃၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ပဲခူးငလျင် လှုပ်ပြီးသည့် နှစ်ပေါင်း ၈၇ နှစ် ကျော်ပြီဖြစ်၍ စစ်ကိုင်းပြတ်ရွေ့တွင်ရှိသော မြို့များမှာ အထူးသတိထားရမည်ဖြစ်၏။ စစ်ကိုင်းပြတ်ရွေ့ပေါ်တွင်ရှိသည့် ရန်ကုန်မြို့ အပါအဝင် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ တောင်ငူ၊ ဖြူး၊ ပဲခူး စသည့် မြို့များတွင် ငလျင်ဒဏ်ခံ အဆောက်အအုံများ ပြုပြင်ရန်နှင့် ဘေးကင်းရာနေရာများ သတ်မှတ်၍ ပြည်သူများသို့ အသိပေးထားရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက အသိပေးခဲ့ဖူးလေသည်။

> ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍အသိပေးနှိုးဆော်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထုတ်ပြန် . . .
> ဝန်ကြီးဌာန၏ အသိပညာပေးထားမှုများကို ပြည်သူလူထုအတွင်းနှင့် ကလေးငယ်များစုဝေးရာ အခြေခံပညာကျောင်းများသို့ အချိန်တိုအတွင်း ထိရောက်စွာပညာပေးနိုင်မည့် အစီအစဉ်များကို ဆောလျင်စွာ စီမံဆောင်ရွက်ထားရန် တိုက်တွန်း . . .

ငလျင်လှုပ်ခြင်းသည် ပြတ်ရွေ့ဖြစ်နေသည့် မြေထပ်အလွှာများ ဆုံတွေ့ခြင်းကြောင့် ဖြစ်သည်။ နေရာတိုင်းတွင် ငလျင်လှုပ်နိုင်သည့်အနေအထားမျိုးမဟုတ်ဘဲ ငလျင်ရပ်ဝန်းအဖြစ် သတ်မှတ်ခံရသည့်နေရာများတွင်သာ စဉ်ဆက်မပြတ် လှုပ်ခတ်လေ့ရှိခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ငလျင်ရပ်ဝန်းအဖြစ် သတ်မှတ်ခံထားရသည့် နေရာများမှာ တောင်အမေရိကနှင့် မြောက်အမေရိက အနောက်ဘက်ကမ်းရိုးတန်း၊ မြေထဲပင်လယ်ဒေသနှင့် ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်ဖြစ်သည်။ ယင်းဒေသများသည် နေ့စဉ်နှင့်အမျှ ငလျင်အန္တရာယ်ကို မျှော်လင့်ထားရသည့် ဒေသများဖြစ်၏။ မြန်မာနိုင်ငံသည် ကြီးမားသော ငလျင်ရပ်ဝန်းတွင် မပါစေကာမူ ကြီးမားသော စစ်ကိုင်းပြတ်ရွေ့နှင့် ပြတ်ရွေ့ငယ်များပေါ်တွင် တည်ရှိလျက်ရှိရာ ငလျင်ကို မေ့ပျောက်ထား၍ မရပေ။ သို့သော်လည်း ငလျင်ကို များစွာ မျှော်လင့်မထားမှုများ၊ ကြိုတင်ပြင်ဆင်မှုမရှိသည်များကို အတွေ့များလေသည်။

မကြာသေးမီကပင် ငလျင်အကြိမ်ရေများများ လှုပ်ခတ်ခြင်းကြောင့် ရန်ကုန်မြို့ နေပြည်သူများ စိုးရိမ်သောကများ ဖြစ်ကြရ၏။ ညဥ့်အချိန်လှုပ်ခတ်ရာ အချို့ဆိုလျှင် အထပ်မြင့်တိုက်များမှ ပြေးဆင်းကြရသည်။ စင်စစ် ငလျင်လှုပ်ခြင်းသည် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းမျှသာ လှုပ်ခတ်ခြင်းဖြစ်ရာ ငလျင်အန္တရာယ်ကို ကြိုတင်မှန်းဆ၍ ပြင်ဆင်ထားရန်သာ လိုပါသည်။ ကြိုတင်မှန်းဆနိုင်ခြင်းမရှိဘဲ ထိခိုက်ပျက်စီးဆုံးရှုံးမှု ကြီးမားသည့် ဘေးအန္တရာယ်ဖြစ်သော ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပေး နှိုးဆော်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရာ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် လိုအပ်လှပါသည်။

**ကြိုတင်ပြင်ဆင်**

ဂျပန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကဲ့သို့ ငလျင်ရပ်ဝန်းအတွင်း ကျရောက်နေသည့်နိုင်ငံများသည် နေ့တိုင်းပင် ငလျင်ကို မျှော်လင့်ထားရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် မီးတောင်အလှုပ်ရှားဆုံးနိုင်ငံဖြစ်သကဲ့သို့ ငလျင်ရပ်ဝန်းကျရောက်သည့် နိုင်ငံများရှိ ကျောင်းများ၊ တက္ကသိုလ်၊ကောလိပ်များတွင် ငလျင်ဘေးကျရောက်လျှင် လိုက်နာဆောင်ရွက်ဖွယ်ရာများကို အစဉ်အမြဲ လေ့ကျင့်ပြင်ဆင်ထားရလေသည်။ ဤသို့ကြိုတင်ပြင်ဆင်ထားသောကြောင့် အမှန်တကယ် ငလျင်ဘေးကြုံသည့်အခါတွင် ငလျင်ပြင်းထန်၍ အပျက်အစီးရှိသည့်တိုင် အသေအပျောက်နည်းပါးသည်ကို တွေ့ရသည်ဖြစ်၏။ သို့ဖြစ်၍ ငလျင်နှင့်ဝေးတတ်သည့် မြန်မာနိုင်ငံရှိ စာသင်ကျောင်းများတွင် ဤသို့ပြင်ဆင်ထားခြင်း၊ လေ့ကျင့်ထားခြင်းမရှိရာ လက်တွေ့ငလျင်အန္တရာယ်နှင့် ကြုံတွေ့လျှင် အခြေခံဗဟုသုတနည်းပါး၍ မပြုလုပ်သင့်သည့် အမှားများကြောင့် ဆုံးရှုံးမှုဖြစ်နိုင်သည်။ ၂၀၀၄ ခုနှစ်တွင် ဖြစ်ခဲ့သည့် ဆူနာမီလှိုင်း၊ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတို့တွင် လူပေါင်းများစွာ အသက်ဆုံးရှုံးရသကဲ့သို့ မဖြစ်ရန် ကြိုတင်အသိပေးပြင်ဆင်ကြဖို့ လိုပါသည်။ မြန်မာနိုင်ငံရှိ အဆောက်အအုံအများစုမှာ ငလျင်ဒဏ်ကို ခံနိုင်ရန် ရည်ရွယ်၍ ဆောက်ခဲ့သည့် အဆောက်အအုံနည်းပါးလှသည်။

**တိုင်းတာခြင်း**

လက်ရှိအနေအထားတွင် အန္တရာယ်ရှိသည့် စစ်ကိုင်းပြတ်ရွေ့၏ လှုပ်ရှားမှုများကို သိနိုင်ရန် ကောင်းကင်ဓာတ်ပုံရိုက်ကူးရန် စီစဉ်လျက်ရှိကြောင်း သိရ၏။ မူလဂြိုဟ်တုဓာတ်ပုံများမှာ ဓာတ်ပုံအရည်အသွေး ကျဆင်းခြင်းနှင့် အချက်အလက်တိကျမှန်ကန်မှု မရှိခြင်းတို့နှင့် ကြုံတွေ့နေရသည်သာ ဖြစ်ကြောင်း သိရသည်။ ဤသို့လေ့လာခြင်းဖြင့် မည်မျှရွေ့သည်၊ အကြိမ်မည်မျှရွေ့သည်၊ တစ်ကြိမ်လျှင် မည်မျှကြာသည်ကို သိနိုင်မည်ဖြစ်သည်။ ယင်းမှ ဘူမိဆိုင်ရာ အသိပညာများစွာ ရနိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ မကြာသေးမီက အကြိမ်ကြိမ်လှုပ်ခတ်ခဲ့သည့် ငလျင်များသည် ပြည်သူလူထုအား အကြိမ်ကြိမ် သတိပေး ခေါင်းလောင်းထိုးပေးနေခြင်းသာဖြစ်သည်။ ယခုငလျင်မှာ ၆ ဒသမ သုည အထိသာ လှုပ်ခတ်ခဲ့သေးသည်။ ယခုလအတွင်း ငလျင်များ ဆက်တိုက်လှုပ်ခတ်လျက်ရှိသည်။ ဤကဲ့သို့ ငလျင်များ ဆက်တိုက်လှုပ်နေလျှင် ငလျင်ကြီးများလှုပ်နိုင်ခြေ နည်းပါးသည်ဟု ဆိုနိုင်သော်လည်း စံနှုန်းသတ်မှတ်ချက်အရ ရစ်ချ်တာစကေး ၆ ဒသမ ၅ နှင့်အထက်ကို အပျက်အစီးအများဆုံးအဖြစ် သတ်မှတ်ထားရာ မျှော်လင့်ထားကြရမည်သာ ဖြစ်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အသိပညာပေးထားမှုများကို ပြည်သူလူထုအတွင်းနှင့် ကလေးငယ်များစုဝေးရာအခြေခံပညာကျောင်းများသို့ အချိန်တိုအတွင်း ထိရောက်စွာ ပညာပေးနိုင်မည့် အစီအစဉ်များကို ဆောလျင်စွာ စီမံဆောင်ရွက်ထားရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အသုံးစရိတ် တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲပေးနေ

**ရန်ကုန် မေ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဘတ်ဂျက်ပမာဏများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲပေးလျက်ရှိကြောင်း ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က ပြောသည်။

"မြန်မာနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အသုံးစရိတ်က တစ်နှစ်ထက်တစ်နှစ် တိုးတက်သုံးစွဲခဲ့ပါတယ်၊ ၂၀၁၇ ခုနှစ် ဘတ်ဂျက်စာရင်းတွေအရ တစ်မျိုးသားလုံးဝင်ငွေ GDP ရဲ့ ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ တစ်နှစ်ပြီးတစ်နှစ် ဘတ်ဂျက်ပမာဏ များစွာသုံးလာခဲ့ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ဆွီဒင်နိုင်ငံမှ ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှု Astrazeneca ကုမ္ပဏီနှင့် မြန်မာ့ထိပ်တန်း ဆေးဝါးဖြန့်ဖြူးရောင်းချမှုကုမ္ပဏီ Hemas Mandalar တို့ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးအတွက် ထိရောက်သော ကုထုံးများနှင့် ဆေးဝါးများ၊ ဝန်ဆောင်မှုများပေးနိုင်ရန် မေ ၁၃ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ Lotte အသက်ရှူလမ်းကြောင်းရောဂါနှင့် ကင်ဆာရောဂါ ဆေးဝါးများဖြန့်ဖြူးနိုင်ရေး မိတ်ဆက်ပွဲအခမ်းအနားတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ကလေးငယ်များ အာဟာရမပြည့်ဝမှုကြောင့်




သေဆုံးမှု ၃၀ ရာခိုင်နှုန်း၊ နှလုံးရောဂါဝေဒနာဖြင့် သေဆုံးမှု ၂၅ ရာခိုင်နှုန်း၊ ကင်ဆာရောဂါဖြင့် သေဆုံးမှု ၁၁ ရာခိုင်နှုန်း၊ မတော်တဆထိခိုက် သေဆုံးမှုမှာ ၁၁ ရာခိုင်နှုန်း၊ အသက်ရှူလမ်းကြောင်းဝေဒနာဖြင့် သေဆုံးမှု ကိုးရာခိုင်နှုန်း၊ ဆီးချိုရောဂါဖြင့် သေဆုံးမှု သုံးရာခိုင်နှုန်းရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်နှင့် တာဝန်ရှိသူများ၊ ဆေးပညာနယ်ပယ်အသီးသီးမှ ပါမောက္ခကြီးများ၊ ဆွီဒင်နိုင်ငံသံရုံး ကောင်စစ်ဝန် Mr.Johan Hallenborg နှင့် ဆွီဒင်စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံရေးကောင်စီမှ တာဝန်ရှိသူများ၊ ဆွီဒင်နိုင်ငံ၏ နာမည်ကျော် ဆေးဝါးသုတေသနကုမ္ပဏီ Astrazeneca ၏ အာရှရေးရာ အကြီးအကဲ Mr.Nitin Kapoor နှင့် Hemas Mandalar မှ အုပ်ချုပ်မှုဒါရိုက်တာ Mr.Ashwamri Bagga တို့ တက်ရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းနှင့်ဓာတ်ပုံ - ဇာနည်မောင်၊ အေးမင်းသူ**

## လူထုအခြေပြု ရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ

**လွယ်ဂျယ် မေ ၁၆**

မေတ္တာမွန် နာရေးကူညီမှုအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် လူထုအခြေပြု ရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပွဲကို ကချင်ပြည်နယ် လွယ်ဂျယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်နှင့် မိုးမောက်မြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ဝေတို့က အဖွင့်အမှာစကားပြောကြားပြီး မေတ္တာမွန် နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးပြည်စိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်ဘိလိယက်နှင့်စနူကာပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၆**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲ ပွဲစဉ်များကို မေ ၁၆ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဘိလိယက်နှင့်စနူကာအားကစားနည်းသည် အခြားအားကစားနည်းများကဲ့သို့ အရပ်အမောင်းနှင့် ခန္ဓာကိုယ်ဖွဲ့စည်းမှုအဓိကမကျဘဲ စိတ်တည်ငြိမ်မှု အလေ့အကျင့်နှင့် ခံနိုင်ရည်ရှိမှု၊ မိမိကိုယ်မိမိ ယုံယုံကြည်ကြည် ဆုံးဖြတ်တတ်မှုများသည် အခြေခံလိုအပ်ချက်များဖြစ်သည်နှင့်အညီ ပင်ကိုဉာဏ်ရည် ဉာဏ်သွေးထက်မြက်သည့် မြန်မာလူမျိုးများနှင့် အလွန် လိုက်ဖက်ညီသည့် အားကစားနည်းဖြစ်ပါကြောင်း ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာမင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အားကစားသမား စုစုပေါင်း ၁၃၄ ဦးတို့သည် မေ ၁၆ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံတွင် နေ့စဉ်နံနက် ၁၀ နာရီ မှစ၍ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**





# မိတ္ထီလာတွင် ဒေသခံတောင်သူများအား ကူဘိုတာထွန်စက် မောင်းနှင်အသုံးပြုပုံ သရုပ်ပြ

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာတွင် Good Brothers Co.,ltd. နှင့် Kubota Myanmar Co.,ltd. တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသခံတောင်သူများအား ကူဘိုတာထွန်စက်များ မောင်းနှင်အသုံးပြုပုံ သရုပ်ပြပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီက ကံသာကျေးရွာအုပ်စု ရိုးကန်ကျေးရွာအနီးတွင် ကျင်းပကြောင်း သိရသည်။

အဆိုပါ ကူဘိုတာ ထွန်စက်များ မောင်းနှင်အသုံးပြုပုံ သရုပ်ပြပွဲသို့ မိတ္ထီလာခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝင်းဇော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်ဇော်လတ်နှင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်စု ၅၈ အုပ်စုမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

ယင်းသရုပ်ပြပွဲတွင် ကူဘိုတာ ထွန်စက်အမျိုးမျိုးကို မိတ်ဆက်ပြသပြီး လက်တွေ့မောင်းနှင်ပြသခြင်းကို ကူဘိုတာ-မြန်မာကုမ္ပဏီမှ တာဝန်ခံကိုအယ်မူးက ဆောင်ရွက်ပြီး ဂွတ်ဘရားသားကုမ္ပဏီမှ မခိုင်သူဇာထွန်းက ဒေသခံတောင်သူများအနေဖြင့် ကူဘိုတာထွန်စက်များ၊ ကောက်စိုက်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို အရစ်ကျဝယ်ယူနိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သရုပ်ပြပွဲသို့ တက်ရောက်လာသူများနှင့် ဒေသခံတောင်သူများက ကူဘိုတာထွန်စက်များနှင့် ပတ်သက်၍သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျောက်မဲမြို့တွင် တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူတို့၏အခန်းကဏ္ဍ ပြည်သူ့စကားဝိုင်းကျင်းပ

**ကျောက်မဲ မေ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူတို့၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကို မေ ၁၅ ရက် နံနက် ၉ နာရီခွဲက ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုဦးက ယခုလို ပြည်သူ့စကားဝိုင်း (Public Talk)များကို ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူများအကြား ဆွေးနွေးတိုင်ပင်ရန် ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စရပ်များ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် ပြည်သူများအနေဖြင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အကျင့်ကောင်းများရှိလာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းများ ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်က ယနေ့ပြုလုပ်သည့် "တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏အခန်းကဏ္ဍ" ဆွေးနွေးပွဲတွင် တက်ရောက်လာကြသော ပြည်သူများအနေဖြင့် ပွင့်လင်းမြင်သာစွာ ပါဝင်ဆွေးနွေးစေလိုကြောင်းပြောကြားသည်။

ခရိုင်တရားသူကြီး ဒေါ်မေမီဝင်းရွှေက တရားရုံးမှ ပြည်သူများကို ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များနှင့် သက်ငယ်မုဒိမ်းမှု အကြောင်းအရာများကို လည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ကေသီထွေးက ပြည်သူများနှင့် အနီးစပ်ဆုံးဖြစ်သည့် ရာဇသတ်ကြီးပုဒ်မများနှင့် တရားစီရင်ရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးက မီးအသုံးပြုမှုနှင့် ပတ်သက်၍ အများပြည်သူသိသင့်သိထိုက်သော ဆောင်ရန်ရှောင်ရန်များကို လည်းကောင်း၊ စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးက စည်ပင်သာယာရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဋ္ဌာန်းထားသော စည်ပင်ဥပဒေ အကြောင်းအရာများကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့တွင် လူငယ်ထုကိုပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ကျောက်ဆည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ မေ ၁၅ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်းပြီး "လူငယ်ထုကိုပိုမို ခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့ဗဟိုပြု စကားဝိုင်းများ ပြုလုပ်ရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးမြို့ ယုံကြည်ရာ စာကြည့်တိုက်အဖွဲ့မှ ဒေါက်တာတေဇာဆန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက မူးယစ်ဆေးဝါးသုံးစွဲသူများ၏ နောက်ဆက်တွဲမိသားစု ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မန္တလေးတောင်ပိုင်းမူးယစ်အဖွဲ့မှ ဒုတိယရဲမှူးရန်နိုင်ထွန်းက မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ တိုင်းကျန်းမာရေးအထူးကုဆရာဝန်ကြီး ဒေါက်တာနွယ်ဦးမွန်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အကြောင်းကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးရဲမြင့်အောင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုလုပ်ငန်းများကို လည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

တက်ရောက်လာကြသည့် အလွှာအသီးသီးမှ ပြည်သူများက သိရှိလိုသည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန် ရှိသူများက အသေးစိတ်ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# Lenovo နှင့် Motorola စမတ်ဖုန်းများကို တရုတ်နိုင်ငံ လူမှုကွန်ရက်တွင် ထုတ်လွှင့်ပြသ မြန်မာနိုင်ငံတွင် မြို့နယ်အလိုက် ဝန်ဆောင်မှုပေးသွားမည်

မကြာမီရက်ပိုင်းအတွင်းက Lenovo မှ ၎င်း၏နောက်ဆုံးထွက်ရှိလာနိုင်ဖွယ်ရှိသော စမတ်ဖုန်းတစ်မျိုးအား ဒီဇိုင်းပုံကြမ်း တစ်ခုအနေဖြင့် မိတ်ဆက်ပေးခဲ့သည့် ရုပ်သံဗီဒီယိုတစ်ခုကို တရုတ်နိုင်ငံ အွန်လိုင်းမီဒီယာတစ်ခုတွင် လွှင့်တင်ပြသခဲ့ကြောင်းသိရသည်။ အဆိုပါ ရုပ်သံအရ Lenovo မှ နောက်ဆုံးထွက်ရှိလာနိုင်သောစမတ်ဖုန်းမှာ Lenovo Z5 ဟု အမည်ရနိုင်ဖွယ်ရှိကာ ဒီဇိုင်းပုံကြမ်းအရ ၉၅ ရာခိုင်နှုန်းမှန်သားမျက်နှာပြင်ပြည့်ဖြစ်လာနိုင်ပြီး အခြားနောက်ဆုံးထွက် စမတ်ဖုန်းများကဲ့သော Notch ပါဝင်လာဖွယ်မရှိနိုင်သည့် ဒီဇိုင်းပုံကြမ်းပြသသည့်ရုပ်သံကို Lenovo ၏ ဒုတိယအရာရှိချုပ်ဖြစ်သူ Chang Cheng က တရုတ်အွန်လိုင်း မီဒီယာတစ်ခုပေါ်တွင် လွှင့်တင်ပြသခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထို့အပြင် Motorola နှင့် Lenovo အမှတ်တံဆိပ် စမတ်ဖုန်းများကို မြန်မာပြည်တွင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရောင်းချပေးလျက်ရှိသော KMD မှ ဝယ်ယူအားပေးသုံးစွဲခဲ့ကြသူများအတွက် မော်တော်ဆိုင်ကယ်အပါအဝင် အခြားလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ပေးအပ်ပွဲကို မြန်မာပလာဇာဒုတိယထပ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကံထူးရှင် ၂၃၈ ဦး ရွေးချယ်ပေးခဲ့ကာ ကံထူးရှင်များအားသတင်းစာ၊ ဂျာနယ်နှင့် မီဒီယာများတွင်းဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆုလက်ဆောင်များကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး အစရှိ သည့်မြို့ကြီးများရှိ KMD အရောင်းဆိုင်များတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်ဝေးမှရရှိသည့် သုံးစွဲသူများအား သက်ဆိုင်ရာမြို့နယ်များအလိုက် စီစဉ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဇာဏီ**



# ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်မှရရှိလာသော ရလဒ်များနှင့် အမျိုးသား ရေဥပဒေမူကြမ်းအကြောင်း ဆွေးနွေးပွဲကျင်းပ

**ပဲခူး မေ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း၏ ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်မှရရှိလာသော ရလဒ်များနှင့် အမျိုးသား ရေဥပဒေမူကြမ်းအကြောင်း ဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပါမောက္ခ ဒေါက်တာ ခင်နီနီသိန်းက အမျိုးသား ရေဥပဒေမူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ဧရာဝတီမြစ်ဝှမ်း အခြေအနေ ဆန်းစစ်လေ့လာမှုရလဒ်နှင့်ပတ်သက်၍ National Environmental Scientist ဦးအောင်နိုင်မျိုးက ဆွေးနွေးတင်ပြပြီး ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဌေးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ဧရာဝတီမြစ်ဝှမ်း ဆန်းစစ်လေ့လာသူများနှင့် အမျိုးသား ရေဥပဒေမူကြမ်းရေးဆွဲသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားခဲ့ကြသည်။

**သီသီမင်း**

# ဝေါမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဝေါ မေ ၁၆**

ဝေါမြို့နယ် ဒလန္တမ်းကျေးရွာအုပ်စု ပန်းညိုစုကျေးရွာဓမ္မာရုံ၌ မေ ၁၅ ရက် နံနက် ၉ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကျင်းပသည်။

အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးကျော်သက်ဦးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကိုအမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စု၊ မြို့နယ်မြေစာရင်း ဒုတိယဦးစီးမှူး ဦးသန်းမြတ်စိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဒေါက်တာခင်မာဝင်းတို့က ဦးဆောင်ပြီး ‘ကျေးလက်ဒေသ ဖွံ့ဖြိုးရေး’ ခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လွှတ်တော်နှင့် ပတ်သက်သည့် အခြေအနေများ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မြေယာကိစ္စရပ်နှင့် ပတ်သက်သောကြောင်းအရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာစေရန် ကျေးရွာနေပြည်သူများ ဗဟုသုတများ တိုးတက်စေရေးအတွက် အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတ တိုးတက်စေရေး၊ မိမိတို့ရပ်ရွာမှာ ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ကျေးရွာနေပြည်သူများ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဒဂုံမြို့သစ်(မြောက်ပိုင်း) မေ ၁၆**

ရန်ကုန် အရှေ့ပိုင်းခရိုင် ရထားရဲတပ်ဖွဲ့အမှတ် (၁၂) တပ်ခွဲ၊ တပ်စု(၂) တိုးကြောင်ကလေး တပ်စုမှူး ဒုရဲအုပ်သန်းအေးဦးစီးသောအဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၁ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သွားလာပို့ဆောင်ဂိတ်အမှတ်(၁)တွင် ရထားနှင့် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားပေါ်မှ ပြုတ်ကျမှုများ၊ ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ရထားပို့ဆောင်ရေးဥပဒေ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**၁၁၈**

# အုတ်တွင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးပြီး သစ်ပင်များပြိုလဲ

**အုတ်တွင်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် မေ ၁၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် ကျွဲပွဲမြို့နှင့် ညောင်ခြေထောက်မြို့ဝန်းကျင်ကျေးရွာများ နေအိမ်အချို့ အမိုးလန်ပျက်စီးပြီး သစ်ပင်များပြိုလဲခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျွဲပွဲမြို့ အမှတ်(၅) ရပ်ကွက် အုတ်ဖိုကျေးရွာအုပ်စု တံတားပေါက်ကျေးရွာတွင် နေအိမ်သုံးလုံး၊ အလယ်ရွာတွင် နေအိမ် ၉၃ လုံး အမိုးများလန်ခဲ့ပြီး နေအိမ်ခြောက်လုံး ပျက်စီးခဲ့သည်။ အလားတူ ငွေးတောက်ခင်ရွာတွင် နေအိမ် နှစ်လုံး၊ ရေလျှံကျေးရွာတွင် နေအိမ် ငါးလုံး အမိုးလန်ခဲ့ကာ လူနေအိမ် ခုနစ်လုံးပျက်စီးခဲ့သည်။

ထို့အတူ ရေအိုးစဉ်ကျေးရွာအုပ်စု ကြက်လည်စစ်ရွာ၌ နေအိမ်တစ်လုံး အမိုးလန်ခဲ့ပြီး သရက်တောရွာ၌ နေအိမ်နှစ်လုံး အမိုးလန်၍ အိမ်သုံးလုံးပျက်စီးပြီး မြေစီးကျေးရွာအုပ်စု မြေစီးကျေးရွာ၌ နေအိမ် နှစ်လုံး အမိုးလန်ခဲ့ပြီး နေအိမ်လေးလုံးပြိုပျက်ခဲ့ကြောင်း၊ တင်းကုတ္တာန်းကျေးရွာ၌ နေအိမ် ၁၀ လုံးအမိုးလန်ခဲ့ကြောင်း၊ ကျွဲပွဲမြို့ အမှတ်(၁)ရပ်ကွက်တွင် နေအိမ်ခုနစ်လုံး၊ ညောင်ခြေထောက်မြို့ ဂုံမင်းဒါးကျေးရွာတွင် နေအိမ်နှစ်လုံး၊ ဆိတ်ဖူးကုန်းကျေးရွာတွင် နေအိမ် တစ်လုံး၊ ခင်ကြီးကျေးရွာတွင် နေအိမ်သုံးလုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကာ လေပြင်းတိုက်ခတ်မှုကြောင့် နေရာအနှံ့အပြား၌သစ်ပင်များပြိုလဲမှုဖြစ်ပေါ်ခဲ့ကြောင်းသိရ၍ မြို့နယ် သဘာဝဘေးနှင့်ကူညီကယ်ဆယ်ရေးအဖွဲ့က ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဝေါလေမြိုင်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မြဝတီ မေ ၁၆**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ရပ်ကွက်ပြန်ကြားရေးခန်းမဆောင်၌ ‘ကျေးလက်ဒေသဖွံ့ဖြိုးရေး’ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကို မေ ၁၅ ရက် နံနက် ၉ နာရီခွဲက ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးက ယခုလို ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စရပ်များ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်စသော ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးရွာပြည်သူများအနေဖြင့် စကားဝိုင်းမှာ ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိန်းသန်းဌေးက ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးငွေစိုးက ကျေးလက်ဒေသများတွင် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားနှင့် အခြားဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အခြေအနေများကို လည်းကောင်း၊ အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးလှထွေးက ကျေးလက်ဒေသများတွင် မူးယစ်ဆေးဝါး ကင်းစင်မှုရှိစေရေးနှင့် မူးယစ်ဆေးဝါး၏ အန္တရာယ်များကို လည်းကောင်း၊ အမှတ်(၇၃)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး စိုးမြင့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် အသက်သေဆုံးမှု ဖြစ်စဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးလာမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ ဝေါလေမြိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ရဲနိုင်က သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေ ဒေသခံပြည်သူများမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ကျောက်တံတားမြို့နယ် အမှတ်(၄) ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ ပညာအလင်းရောင်စာကြည့်တိုက်၌ မေ ၁၄ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျော်ရွှင်ကျန်းမာကူညီရေးအသင်းနှင့် Women Club တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲတွင် တရားလွှတ်တော်ရှေ့နေ ဦးရှိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသက်၊ ရပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြမြသိန်းတို့က ပညာပေးဆွေးနွေးခဲ့ရာ ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းရေးဆွဲနိုင်ရေး ဖရူဆိုမြို့နယ်တွင် အလုပ်ရုံဆွေးနွေး

**ဖရူဆို မေ ၁၆**

ဖရူဆိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအရ မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက ဖရူဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ကယားပြည်နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယတာဝန်ခံဒုညွှန်ကြားရေးမှူး ဒေါ်နော်ချောစုနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းတို့ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးမောင်ပိုက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းအုပ်စုဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO,INGO,CSOအဖွဲ့အစည်းများက ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကြုံတွေ့ရမည့်အခက်အခဲများ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို အုပ်စုအလိုက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများ၊ NGO,INGO, CSOအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝတ်ရည်(မယ်စဲ့)**




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အရှေ့တိုင်းလူ့ယဉ်ကျေးမှုသမိုင်း(အကျဉ်း)





ယဉ်ကျေးမှုများ တိုးတက်ထွန်းကားလာခြင်းကြောင့် သမိုင်းမှတ်တမ်းများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း စာရေးဆရာ ဦးမင်းထက်ဘာသာပြန်ဆိုထားသည့် အရှေ့တိုင်းလူ့ယဉ်ကျေးမှုသမိုင်း(အကျဉ်း)စာအုပ် ထွက်ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုအစောဆုံး ထွန်းကားသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ သမိုင်းသုတေသီများ၏ ကြိုးပမ်းမှုအရ ဘီစီ၆၀၀၀မှစ၍ ယဉ်ကျေးမှုစတင်ထွန်းကားခဲ့သည်။ ရွှံ့စေးဖြင့်ပြုလုပ်သော မြေအိုး၊ မြေခွက်များ၊ ပုတီးများနှင့် ရှေးခေတ်လူများနေထိုင်ရာ ဂူနံရံများပေါ်တွင် ရေးဆွဲထားသောပန်းချီကားများအရ သီးခြားယဉ်ကျေးမှုများသည် နှစ်ပေါင်း ရှစ်ထောင် ကျော်ကတည်းက စတင်ခဲ့ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ထာဝရဘုရားထွန်းကားခြင်းမရှိမီ လူပုဂ္ဂိုလ်များမှပွင့်သော ဟိန္ဒူနတ်ဘုရားများနှင့် ဗုဒ္ဓနှင့် ကွန်ဖျူးရှပ် ကိုးကွယ်မှုများ ထွန်းကားခဲ့ပြီး ယနေ့အချိန်အထိ နေရာအတော်များများတွင် အမြစ်တွယ်နေဆဲဖြစ်သည်။

**စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ် - ၂၇၄ B၊ လမ်း - ၄၀(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၂၀၁၅၈၆နှင့် ၀၉ - ၇၉၅၂၆၇၈၃၄တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## တစ်ကိုယ်တော်နှင့် အခြားဝတ္ထုတိုများစုစည်းမှု




စာရေးဆရာဝိုင်အနီ မြန်မာပြန်ဆိုထားသည့် တစ်ကိုယ်တော်နှင့် အခြားဝတ္ထုတိုများစာအုပ်ထွက်ရှိလာသည်။

အရှေ့တိုင်းလူ့အဖွဲ့အစည်းတစ်ခု၏ လူနေမှုစရိုက်၊ အလေ့အကျင့်များကို ဇာတ်ကောင်မျိုးစုံ၊ အဖြစ်အပျက်မျိုးစုံအနေဖြင့် စာဖတ်သူများ သိမြင်ခံစားရမည်ဖြစ်သည်။ ပိုထူးခြားသောအချက်မှာ အဆိုပါစာအုပ်တွင် တရုတ်ဇာတ်ကောင်များအပြင် မြန်မာနိုင်ငံသားပြည်သူများ အကျင့်အကြံ၊ အတွေးအခေါ်၊ အပြုအမူများ ဆင်တူသောနေရာအများအပြားရှိနေခြင်းဖြစ်သည်။ ထိုရသများအပြင် လိုမာ၏ဝတ္ထုတိုများတွင် သူ့တိုင်းပြည်ခေတ်၊ စနစ်၊ လူနေမှုပုံစံများအပေါ် ခံစားချက်များကို ဖွဲ့နွဲ့ရေးသားထားသည်။

**စာအုပ်ကို ကျားချောင်းစာအုပ်တိုက်၊ အမှတ် - ၂၇၈/ခ၊ မေယုလမ်း၊ ၉၃ - ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၄၂၂၃၂၂၆၁က တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။**

## လက်တွေ့သုံး ကိုရီးယား–မြန်မာ စကားပြောနှင့် ဝေါဟာရများ




ကိုရီးယားဘာသာစကား လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ ဟဲအောန်စီစဉ်ရေးသားသည့် လက်တွေ့သုံး ကိုရီးယား-မြန်မာ စကားပြောနှင့် ဝေါဟာရ များ စာအုပ်ထွက်ရှိလာသည်။

ကိုရီးယားဘာသာစကားကိုလေ့လာချင်လို့ပဲဖြစ်ဖြစ်၊ ကိုရီးယားနိုင်ငံသို့ပညာတော်သင်သွားလို့ပဲဖြစ်ဖြစ်၊ အလုပ်သွားရောက်လုပ်ကိုင်လိုလို့ပဲဖြစ်ဖြစ် ကိုရီးယားဘာသာစကားကိုမဖြစ်မနေသိရှိထားဖို့လိုအပ်ပြီး ကိုရီးယားစကားအားလုံးကို ပြည့်စုံအောင်မဖော်ပြနိုင်သော်လည်း အဆိုပါစာအုပ်ကို ဖတ်ရှုခြင်းဖြင့် သင့်တင့်သောအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကိုရီးယားစကားဖြင့် နှုတ်ဆက်စကား၊ လေဆိပ်၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ဈေးဝယ်ခြင်း၊ ကျောင်း၊ စာတိုက်၊ အိမ်ငှား၊ မိတ်ဆက်ခြင်း၊ ခရီးသွားခြင်း စသည့်အကြောင်းအရာများကို လွယ်ကူစွာလေ့လာနိုင်စေရန် ယင်းစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇ (ပထမထပ် - ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅ နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ယင်းကျား




ယင်းကျားလူမျိုးများ၏ နေထိုင်စားသောက်မှုဓလေ့များကို သိရှိနိုင်စေရန် စာရေးသူ ဇော်လွင်ဦး(ဟသ်ာတ) စီစဉ်သည့် ယင်းကျား စာအုပ် ထွက်ရှိလာသည်။

ယင်းကျားတိုင်းရင်းသားများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင်တစုတဝေးတည်း နေထိုင်ကြပြီး အခြားသောတိုင်းရင်းသားများ ဖြစ်သည့် ဗမာ၊ ရှမ်း၊ ပအိုဝ်းစသော တိုင်းရင်းသားများနှင့် ရောနှောကာ အနည်းငယ်မျှသာ နေထိုင်ကြသည်။ နမ့်စန်ဈေး၊ ကျီအစ်ဈေးနှင့် ဟိုင်းဖတ်ဈေးနေ့များတွင် ယင်းကျားတိုင်းရင်းသားများသည် ရိုးရာဝတ်စုံများနှင့် ဈေးရောင်းဈေးဝယ်ပြုလုပ်နေသည်ကိုတွေ့နိုင်သည်။ ယင်းကျားတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားများနှင့် ကွဲပြားသည်က ဝတ်စားဆင်ယင်ပုံ၊ ပြောဆိုပုံများက ပကာသနမရှိ၊ ရိုးသားကြသူများ ဖြစ်သည်။ ကိုယ်ပိုင်စာပေမရှိ၊ ပကာသနကင်းကာ ဟန်ဆောင်မှုနည်းပါးသည့် ယင်းကျားတိုင်းရင်းသားများအကြောင်းကို သိရှိနိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် - ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၉၈၁၈၉၁၄၈က တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## သစ်ရွက်ပေါ်ကပျားရည်စက်များရသအက်ဆေးစုစည်းမှု





လူ့ဘဝ၏ရခဲလှသောအချိန်ကို တန်ဖိုးရှိစွာအသုံးချတတ်စေရန် စာရေးဆရာ မင်းချမ်းမွန် စီစဉ်ရေးသားသည့် သစ်ရွက်ပေါ်က ပျားရည်စက်များ ရသအက်ဆေးစုစည်းမှု စာအုပ်ထွက်ရှိလာသည်။

ကမ္ဘာကျော် War and Peace ဆရာကြီး တော်လ်စတွိုင်းအဆိုအရ ဘဝဆိုတာကန္တာရထဲ ခရီးသွားသူတစ်ဦးနှင့် ပမာတူသည်ဟုဆိုထားသည်။ အဆိုပါခရီးသည်သည် တရိပ်ရိပ်ထနေသည့်ပူလောင်သောကန္တာရထဲ ခရီးသွားရင်း နောက်ကသားရဲတိရစ္ဆာန်ကြီးတစ်ကောင် လိုက်လာနေသည်ကို မြင်ရသည်။ ထိုအခါ သေရေးရှင်ရေးဆိုသောကြောင့် ခွေးပြေး၊ ဝက်ပြေးပြေးရရှာသည်။ လမ်းတစ်ဝက်တွင် ရေတွင်းပျက်ကြီး တစ်ခုတွေ့ပြီး နွယ်ဖြင့်ခုန်ဆင်းရာ အောက်ခြေမရောက်မီတွင် အပေါ်သို့မော့ကြည့်ရာ သားရဲတစ်ကောင်ကသူတက်လာမည်ကို စောင့်နေသည်၊ အောက်သို့ ငုံ့ကြည့်လိုက်ရာ မြွေနဂါးကိုတွေ့ပြီးကျဉ်းထဲကျပ်ထဲဖြစ်နေချိန်တွင် သစ်နွယ်ခက်၏သစ်ရွက် ပေါ်ရှိပျားအုံမှ ပျားရည်စက်များကျလာသည်ကို မြင်သောအခါ ခရီးသည်သည် သေဘေးကိုမေ့ကာပျားရည်ကိုလျက်နေသည်ကို ပမာနှိုင်းဖွဲ့နွဲ့ထားသည်။

**စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် - ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၉၈၁၈၉၁၄၈ က တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## ထူးချွန်လက်ဆောင် ဂုဏ်ထူးရ စာစီစာကုံးများ




အခြေခံပညာကျောင်းသား ကျောင်းသူများ မြန်မာစာတွင် ထူးချွန်ထက်မြက်သူများဖြစ်ပေါ်လာစေရန် စာရေးသူ မသင်းသဇင်စိုးစီစဉ်ရေးသားသည့် ထူးချွန်လက်ဆောင် ဂုဏ်ထူးရ စာစီစာကုံးများ စာအုပ်ထွက်ရှိလာသည်။

မြန်မာစာဘာသာရပ်သည် အခြားသောဘာသာရပ်နှင့်မတူဘဲ ဂုဏ်ထူးရရှိရန်ခက်ခဲသောကြောင့် အခြေခံပညာကျောင်းသား ကျောင်းသူများ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတများကိုပါလေ့လာနိုင်စေရန် ‘ခါနွေဦး၊ ရွှေလသာသောည၊ နေထွက်ချိန်၊ သာယာဝေစည် မြန်မာပြည်၊ မိုးရာသီအလှ၊ ညနေဆည်းဆာချိန် ရှုခင်းများ၊ အပျော်ဆုံးနေ့၊ ငွေနှင်းမှုန်မှုန်၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ မေ့မရသော သူငယ်ချင်းတစ်ဦး၊ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်၊ မိဘကျေးဇူး၊ စာကြည့်တိုက်မှာပညာရှာ၊ စည်းလုံးညီညာအောင်ကြောင်းဖြာ၊ မြန်မာ့ဆယ်နှစ်လရာသီပွဲတော်များ’စသည့် စာစီစာကုံးအပုဒ်ရေပေါင်း ၃၀ ကျော်ကို ဖော်ပြထားသဖြင့် အခြေခံပညာကျောင်းသား ကျောင်းသူများလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇ (ပထမထပ် - ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## သမိုင်းလေ့လာသင်ခန်းစာနှင့် သမိုင်းဆိုင်ရာစာပဒေသာ





ယနေ့ခေတ်လူငယ်များသည် မြန်မာနိုင်ငံသမိုင်းကြောင်းကို သိရှိလေ့လာနိုင်စေရန် စာရေးဆရာမောင်ကျေးဇူးစီစဉ်ရေးသားသည့် သမိုင်းလေ့လာသင်ခန်းစာနှင့် သမိုင်းဆိုင်ရာစာပဒေသာ စာအုပ်ထွက်ရှိလာသည်။

မြန်မာ့သမိုင်းတွင် တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်စသည်ဖြင့် ခေတ်များပိုင်းခြားထားပြီး ခေတ်တစ်ခေတ်နှင့် တစ်ခေတ်တူသည်မဟုတ်၊ အရာရာတိုင်းသည် အချိန်နှင့်အမျှ ပြောင်းလဲနေသော နိယာမသဘောအတိုင်း သမိုင်းခေတ်ကြီးများသည် ကွဲပြားခြားနားကာ ပြောင်းလဲတိုးတက်လျက်ရှိသည်။ ခေတ်တစ်ခေတ်၏ လူနေမှုအဆင့်အတန်း၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာသိရှိခြင်းဖြင့် သမိုင်းသင်ကြားခြင်း၏ အကျိုးကျေးဇူးများကိုရရှိနိုင်မည်ဖြစ်ပြီး သမိုင်းလေ့လာလိုသူများ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ.က.က(၁)ရန်ကင်းကျောင်းရှေ့၊ ၁၂ - လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ်၁၀၀၀ဖြင့် ဖြန့်ချိသည်။**

## Microsoft Power Point 2016




ကွန်ပျူတာ လေ့လာလိုသူများအတွက် စာရေးသူ အောင်မြင့် (M.E., Australia) ရေးသားသည့် Microsoft Power Point 2016 စာအုပ် ထွက်ရှိလာသည်။

Microsoft Power Point 2016 သည် Microsoft ကနေ စဉ်ဆက်မပြတ်ထုတ်လုပ်လာသည့် slide show presentation ပရိုဂရမ်တစ်ခုဖြစ်ကာ slide-based format အသုံးပြုသည့် presentation မျိုးတွေကို create လုပ်မည်ဆိုလျှင် Power Point သည်အသုံးဝင်သည်။ ယခုချိန်အထိ လူသုံးအများဆုံး presentation ပရိုဂရမ်တွေထဲတွင် Power Point က တစ်ခုအပါအဝင်ဖြစ်သည်။ စာဖတ်သူလုပ်ချင်သည့် presentation အတွက် Power Point 2016 မှာ ရွေးချယ်စရာများ များစွာရှိပြီး templates၊ themes၊ blank presentation၊ recent presentation တစ်ခုခုကို အခြေခံပြီး presentation တွေကို လုပ်ကြည့်လို့ရသည်။ အဆိုပါစာအုပ်တွင် Power Point presentation အမျိုးမျိုးကို shape၊ text၊ picture၊ audio အသုံးပြုနိုင်ရန် ဖော်ပြထားသည်။

**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၁၇၄၅နှင့် ၀၁ - ၅၅၂၁၀၃တို့မှ ဖြန့်ချိသည်။**

# ကန်းစ်ရုပ်ရှင်ပွဲတော်မှာ ဖျော်ဖြေမယ့်အစီအစဉ်ကို ပစ်ထ်ပူးလ် ဖျက်သိမ်း



နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ပစ်ထ်ပူးလ်ရဲ့ အများက မျှော်လင့်စောင့်စားနေတဲ့ ကန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာ ပါဝင်ဖျော်ဖြေသွားမယ့်အစီအစဉ်တွေ ကိုတော့ လတ်တလောမှ ဖျက်သိမ်းခဲ့ပြီဖြစ်ပါတယ်။ ဒီလို ဖျက်ခဲ့ရတာဟာ ပစ်ထ်ပူးလ်မှာ အသံပိုင်းဆိုင်ရာ ကျန်းမာ ရေးပြဿနာတွေ ရှိနေတာကြောင့် ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၅ ရက်မှာ ဖျော်ဖြေဖို့ စီစဉ်ထားတဲ့ပွဲကို ဖျက်သိမ်းကြောင်း ပစ်ထ်ပူးလ်ရဲ့ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ရက်ပ်တေးသံရှင် ပစ်ထ်ပူးလ်နေရာမှာ တေးသံရှင် ဖစ်ဖတီစန့်က အစားထိုး ဖျော်ဖြေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီဖျော်ဖြေပွဲဟာ မင်းသားကြီး ဂျွန်ထရာဗိုတာအတွက် ရည်ရွယ်ပြုလုပ်ပေးတဲ့ပွဲလည်း ဖြစ်ပါတယ်။ မင်းသားဟာ ယခုနှစ်ရဲ့ ပွဲတော်မှာ ရုပ်ရှင်စံပြဂုဏ်ပြုဆုကို ချီးမြှင့်ခံခဲ့ ရတာဖြစ်ပြီး မင်းသားကြီးအတွက် ဂုဏ်ပြုဖျော်ဖြေတဲ့ ပွဲလည်း ဖြစ်ပါတယ်။ ဒုစရိုက်လုပ်ငန်းတွေနဲ့ ကြီးပွား ချမ်းသာလာသူ သူဌေးကြီး ဂျွန်ဂေါ်တီအကြောင်း ပုံဖော် ထားတဲ့ အတ္ထုပ္ပတ္တိရုပ်ရှင် “Gotti”မှာ အဓိကဇာတ်ကောင် ဖြစ်တဲ့ ဂျွန်ဂေါ်တီအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒီရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးကိုတော့ ပစ်ထ်ပူးလ်က သီဆို ထားတာဖြစ်တာကြောင့် ရုပ်ရှင်ရဲ့အဖွင့်ကို ပစ်ထ်ပူးလ်ရဲ့ ဖျော်ဖြေမှုနဲ့အတူ စတင်ဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ကျန်းမာရေးပြဿနာကြောင့် ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ တာကြောင့် ပစ်ထ်ပူးလ်နဲ့ အတူဆင်နွှဲလိုတဲ့ မင်းသားရဲ့ အိပ်မက်တွေကတော့ ပျက်ခဲ့ရပါတယ်။

ဒါပေမယ့် မေ ၁၅ ရက် ဖျော်ဖြေပွဲမှာတော့ တေးသံရှင် ဖစ်ဖတီစန့်နဲ့ ရုပ်ရှင်ကို အောင်မြင်စွာ ဖွင့်လှစ် နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ဂျွန်ထရာဗိုတာ ဟာ ဖစ်ဖတီစန့်နဲ့ တွဲဖက်ကာ စင်မြင့်ထက်မှာ ကခုန်ခဲ့တာ ကိုလည်း တွေ့ရပါတယ်။



# ကန်းစ်ရုပ်ရှင်ပွဲတော်မှာ ခြေဗလာနဲ့ ကော်ဇောနီပေါ်လျှောက်လှမ်းခဲ့တဲ့ ခရစ်စတင်းစတူးဝပ်ဒ်

ဟောလိဝုဒ်ကြယ်ပွင့် ခရစ်စတင်းစတူးဝပ်ဒ်ကိုတော့ ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ သွေးစုပ်ဖုတ်ကောင်တွေ အကြောင်း ပုံဖော်ထားတဲ့ “Twilight” ဇာတ်လမ်းတွဲနဲ့ စတင်ရင်းနှီးကြမှာ ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာ အဓိကဇာတ်ဆောင် ဘယ်လာဆွမ်း အဖြစ်ပါဝင်ခဲ့တဲ့ ခရစ်စတင်းဟာ လတ်တလော ကျင်းပခဲ့တဲ့ ကန်းစ်နိုင်ငံ တကာရုပ်ရှင်ပွဲတော်ရဲ့ ကော်ဇောနီပေါ်လျှောက်လှမ်းရာ မှာတော့ ဖိနပ်မစီးထားဘဲ ခြေဗလာနဲ့ တက်ရောက်လာခဲ့ တာကို တွေ့ခဲ့ရကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ခရစ်စတင်းစတူးဝပ်ဒ်ဟာ ပြီးခဲ့တဲ့ တနင်္လာနေ့က ကန်းစ် နိုင်ငံတကာရုပ်ရှင်ပွဲတော်ရဲ့ အခမ်းအနားတစ်ခုကို တက်ရောက်ခဲ့ရာမှာတော့ ကော်ဇောနီပေါ်မှာ ဖိနပ်မပါဘဲ လျှောက်ခဲ့တာပါ။ မိုးတဖွဲဖွဲမှာ ထီးတော်မိုးတွေလိုက်ပါလျက် ငွေရောင်ဝတ်စုံကိုဝတ်ဆင်ပြီး ဒေါက်ဖိနပ်စီးကာ အခမ်း အနားတက်ရောက်လာခဲ့တဲ့ ခရစ်စတင်းစတူးဝပ်ဒ်ဟာ လှေကားတက်ခါနီးမှာတော့ ဖိနပ်တွေကို ချွတ်ပစ်ခဲ့တာ ဖြစ်ပါတယ်။ ဖိနပ်နှစ်ဖက်စလုံးချွတ်ကာ လက်မှာကိုင်ပြီး ကော်ဇောနီပေါ် ဆက်လက်လျှောက်လှမ်းသွားတဲ့ ခရစ်စတင်းရဲ့နောက်ကို သူ့ရဲ့ သက်တော်စောင့်တွေက အပြေးလေးလိုက်ပါကာ ထီးမိုးပေးခဲ့တာကိုလည်း တွေ့ရပါ တယ်။ မီဒီယာတွေရဲ့ရှေ့မှာ ဒီလိုမျိုးလုပ်ဆောင်ခဲ့တာ ဖြစ်တာကြောင့် မီဒီယာတွေက ခရစ်စတင်းရဲ့ ပုံရိပ်တွေကို အမိအရမှတ်တမ်းယူခဲ့ပြီး လတ်တလောမှာတော့ သူ့ရဲ့ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာလည်း ပျံ့နှံ့နေတာတွေ့ရပါတယ်။

များစွာသောနာမည်ကျော်တွေဟာ နှစ်စဉ်ကျင်းပမြဲ ဖြစ်တဲ့ ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အလှဆုံး ပြင်ဆင်ကာ တက်ရောက်ခဲ့ကြပါတယ်။ သူတို့တွေဟာ ဒီလှေကားတွေကို တက်ရောက်ခဲ့ကြရပေမယ့် ခရစ်စတင်း ကတော့ ဒေါက်ဖိနပ်နဲ့ လှေကားတက်ဖို့ရာ အခက်အခဲ ရှိနေတာပါ။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ အခမ်းအနားတက်ရောက်ခဲ့ကြတဲ့ ကြယ်ပွင့်တွေက အဆိုပါလှေကားရဲ့ခြေရင်းကို ဒေါက်ဖိနပ်ဂိတ်လို့ တင်စား ခေါ်ဝေါ်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီလှေကားတွေ ပေါ်ကို တက်လှမ်းဖို့ရာ ဒေါက်ဖိနပ်ချွတ်ပစ်ခဲ့တဲ့ ခရစ်စတင်းစတူးဝပ်ဒ်က မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာတော့ “ဒီပွဲမှာ အမျိုးသားတွေကို ပွဲတက်ဂါဝန်နဲ့ ဒေါက်ဖိနပ်တွေ ဝတ်ဆင်လာဖို့ မတောင်းဆိုထားရင် ကျွန်မတို့ကိုလည်း ဒီလို မတောင်းဆိုသင့်ပါဘူး”လို့ ပြောကြားခဲ့ပါတယ်။

ခရစ်စတင်းစတူးဝပ်ဒ်ဟာ ယခုနှစ်ရဲ့ ကန်းစ်နိုင်ငံ တကာရုပ်ရှင်ပွဲတော်ရက်တွေအတွင်း အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးရရေး ကြိုးပမ်းမှုတွေကို လုပ်ဆောင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဖက်ရှင်အမြင် ဘက်က ကြည့်ကြသူတွေကလည်း ခရစ်စတင်းစတူးဝပ်ဒ် အနေနဲ့ ဒီလိုဝတ်စုံနဲ့လိုက်ဖက်တဲ့ ဖိနပ်ချွတ်ကာ ပွဲတက်ခဲ့ ခြင်းက ဖက်ရှင်စည်းမျဉ်းကို ချိုးဖောက်ရာ ရောက်တယ်လို့လည်း ပြောကြားကြတာကို တွေ့ရပါတယ်။

# ဝိုင်ဂျီနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ Psy

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psy ဟာ လတ်တလောမှာတော့ နှစ်ပေါင်းများစွာ လက်တွဲလာခဲ့တဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ ဒီလိုလမ်းခွဲ လိုက်ပြီဖြစ်ကြောင်းကိုတော့ ဝိုင်ဂျီအန်တာတိန်းမန့်ဘက်က တရားဝင်အတည်ပြုပေးခဲ့တာဖြစ်ကြောင်း အောကေ ပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Psy ဟာ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း စာချုပ်ချုပ်ဆို လက်တွဲခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် စာချုပ်သက်တမ်းပြည့်သွားချိန်မှာတော့ နောက်ထပ်စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့ပါတယ်။ ယင်းစာချုပ် သက်တမ်းပြည့်မြောက်ခဲ့ချိန်မှာတော့ ဖျော်ဖြေရေးအေဂျင်စီနဲ့ ဆွေးနွေးမှုတွေ အကြိမ်ကြိမ်ပြု ခဲ့ကြပြီးတဲ့နောက် လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဝိုင်ဂျီအန်တာတိန်းမန့်ကတော့ Psy နဲ့ လမ်းခွဲလိုက်တာဟာ ပေ့ါပ်ကြယ်ပွင့်အတွက် ကောင်းမွန်တဲ့ အပြောင်းအလဲတွေဖြစ်စေဖို့ရာ ရည်ရွယ်တာဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ Psy ရဲ့ အေဂျင်စီ သစ်အကြောင်းနဲ့ အနုပညာအစီအစဉ်သစ်တွေကိုတော့ ထုတ်ဖော်ပြောကြားခဲ့တာ မတွေ့ရသေးပါဘူး။

အေးပြည့် စုစည်းသည်

# ၂၄ နာရီအတွင်း မဲအရေအတွက် ၄၅ သန်းကျော်ပေးကာ စံချိန်သစ်တင်လိုက်တဲ့ BTS ပရိသတ်များ


တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS”ဟာ ယခုနှစ်ရဲ့ “Billboard Music Awards” ဆုပေးပွဲမှာ “Top Social Artist”ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်း ခံထားရတာဖြစ်ပါတယ်။ ယင်းဆုအတွက် ပရိသတ် တွေက မဲပေးခဲ့ရာမှာတော့ စတင်မဲပေးခွင့်ရခဲ့တဲ့ ၂၄ နာရီအတွင်း ကမ္ဘာတစ်ဝန်းက “BTS”ရဲ့ ပရိသတ်တွေက မဲအရေအတွက် စုစုပေါင်း ၄၅ သန်းကျော်ပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒါဟာ ၂၄ နာရီအတွင်း မဲရရှိမှုအများဆုံး အဖြစ် မနှစ်က စံချိန်တင်ထားခဲ့တဲ့ အဖွဲ့ရဲ့ စံချိန်ကို ကျော်လွန်ကာ အသစ်ထပ်မံချိုးထားနိုင်ခဲ့တာ ဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ နိုင်ငံတကာတေးဂီတ ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ “Billboard Music Awards”မှာလည်း “BTS”ဟာ “Top Social Artist award”ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။ ဆုပေးပွဲညမှာလည်း မဲအရေအတွက် အများဆုံးရရှိကာ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ ယခင်နှစ်ကလည်း အဆိုပါတေးဂီတအဖွဲ့ရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ “ARMYs”တွေဟာ အဖွဲ့ကို ၂၄ နာရီအတွင်း မဲအရေ အတွက် ၃၂ သန်းကျော်ပေးခဲ့ကာ မဲအများဆုံးရရှိခဲ့တဲ့ တေးသံရှင်တွေအဖြစ် မှတ်တမ်းဝင်စေခဲ့ပါတယ်။ ဒီနှစ် ဆုပေးပွဲမှာလည်း “BTS”ဟာ ဆန်ခါတင်စာရင်းဝင်ခဲ့ပြီး မဲစတင်ပေးနိုင်တဲ့အချိန်မှစလို့ ၂၄ နာရီအတွင်း မဲအရေအတွက် ၄၅ သန်းကျော်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာလည်း မဲအများဆုံးရရှိခဲ့တဲ့ တေးသံရှင် တွေဖြစ်ကြပြီး ယခင်နှစ်ကတင်ထားတဲ့ စံချိန်ကိုပင် ကျော်လွန်ကာ အသစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို အောင်မြင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် “BTS”ဟာ ကမ္ဘာတစ်ဝန်းမှာ ပရိသတ်တွေ အခိုင်အမာရရှိထားပြီ ဖြစ်တယ်လို့ ဆိုရမှာပါ။



ပြီးခဲ့တဲ့နှစ်က ဆုပေးပွဲမှာတော့ “BTS”ဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်းဒ်နဲ့ ဆွမ်မန်းဒပ်စ် တို့နဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ကာ စုစုပေါင်းမဲအရေ အတွက် သန်း ၃၀၀ နဲ့ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ ဒီမဲအရေအတွက်ဟာ ဆုပေးပွဲသမိုင်းတစ်လျှောက် မဲအရေအတွက် အများဆုံးရရှိခဲ့တဲ့ စံချိန်တင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပထမ ၂၄ နာရီအတွင်းမှာ ယခင်နှစ်က စံချိန်ထက် ကျော်လွန်နေတာတွေ့ရပါတယ်။ ဒီနှစ်မှာ တော့ “BTS”ဟာ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဒေမီလိုဗားတိုးနဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့အပြိုင် အမည် စာရင်းတင်သွင်း ဖော်ပြခြင်းခံထားရတာဖြစ်ပြီး ဒီနှစ် မှာလည်း ထူးချွန်ဆုကို ဆွတ်ခူးနိုင်မှာလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ယခုနှစ်ရဲ့ “Billboard Music Awards”ဆုပေးပွဲ ကိုတော့ လာမယ့် မေ ၂၀ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဒီဆုပေးပွဲမှာ “BTS”က အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် “Love Yourself: Tear”မှ ခေါင်းစီးတေး “Fake Love”နဲ့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ “Love Yourself: Tear” တေးအယ်လ်ဘမ်ကိုတော့ မေ ၁၈ ရက်မှာမှ စတင်ထုတ်လွှင့်မှာဖြစ်တာကြောင့် ယင်းဆုပေး ပွဲမှာ ဖျော်ဖြေခြင်းဟာ တေးအယ်လ်ဘမ်သစ်အတွက် ပထမဆုံးသော ဖျော်ဖြေမှုဖြစ်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။



# နယသာဂရ ပဋ္ဌာန်းတရားတော်

ပဋ္ဌာန်းဒေသနာကို ရှင်းလင်းလွယ်ကူစွာ နားလည်ပြီး
ပြည်တွင်းပြည်ပမှာ အစဉ်ထွန်းလင်း ပြန့်ပွားစေဖို့
ရည်ရွယ် ရေးသားထားပါတယ်...

**စိန်လင်း**
ခွဲစိတ်နှင့်ကင်ဆာပါရဂူ
(အငြိမ်းစား)

☎ 09 425022069,
09 5010904

ထွက်ပြီ

ရှင်းသန့်လင်းစာပေ

---

## တက်လူ

အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်။
09-261111549
09-257962225

---

## မန္တလာသား

အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

---

## သူရ(၆)သင်တန်း ဖောင်ကြီး

သူရ(၆) ဖောင်ကြီးသင်တန်းဆင်းအရာရှိများ (ရဲ+အကျဉ်းဦးစီး) ရွှေရတုအကြို တွေ့ဆုံပွဲကို ၆-၆-၂၀၁၈ရက်တွင် အောက်ပါ အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ် (၁) သံဃာတော်(၅)ပါးအား လှူဖွယ်ဝတ္ထု လှူဒါန်းခြင်း။
နံနက် ၁၀ နာရီ၊ အောင်ပန်းကျောင်းတိုက်၊ ဗဟန်း(၃)လမ်း၊ ဗဟန်းမြို့နယ်။

အစီအစဉ် (၂) မိတ်ဆုံထမင်းစားပွဲ၊ မွန်းတည့် ၁၂ နာရီ
ရွှေဘဲ (Golden Duck) စားတော်ဆက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်
နယ်ဧည့်သည်များ တည်းခိုရေးစီစဉ်ထားပြီး၊

**ဖုန်း-၀၉-၂၅၀၀၆၁၃၁၆၊ ၀၉-၇၈၀၁၅၁၅၁၈၊ ၀၉-၇၉၅၆၁၄၆၉၉၊ ၀၉-၅၂၂၂၁၄၆**

**လုပ်ငန်းကော်မတီ**

---

## ပျောက်ဆုံးကြောင်း

ဦးကျော်လှစိန် [၁၁/စတန(နိုင်)၀၆၁၈၉၅]၏ CDC 76035 သင်္ဘောသား လုပ်သက်စာအုပ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၀၂၃၅၈၅**

---

## အမည်ပြောင်း

မှော်ဘီမြို့၊ အထက၊ တပ်ကြီးကုန်း၊ နဝမတန်း A (၂၀၁၇-၁၈) မှ (အဖ) ဦးတင်မောင်ဝင်း [၈/စတရ(နိုင်)၀၀၃၆၈၅]၏သမီး နော်ဂရေ(စ်)ကိုမဂရေ(စ်)ဟု ခေါ်ပါရန်။

---

## ပျောက်ဆုံးကြောင်း

Ally Services Co., Ltd. ၏ ပြည်တွင်း၌ အခွန်ဆောင်ရန် သွင်းကုန်ကြေညာလွှာ (၈၈)စောင်မှာ လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၂၃၄၉၃
၀၉-၂၅၀၀၂၄၈၂၅**

---

## ဖခင်အမည်မှန်

ယုဇနဥယျာဉ်မြို့တော် အထက(၂) နဝမတန်း(G)မှ မောင်လာလ်ရှင်မုန်၏ဖခင်အမည်မှန်မှာ ဦးအွန်ဇလားလ် [၅/ကလထ(နိုင်)၀၂၆၂၀၇] ဖြစ်ပါကြောင်း။ **ဦးအွန်ဇလားလ်**

---

## ဖခင်အမည်မှန်

ဗိုလ်တထောင်မြို့နယ် အထက(၂) သတ္တမတန်း(B)မှ မောင်မင်းဆက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် [၁၂/ပဇတ(နိုင်)၀၃၀၅၉၀] ဖြစ်ပါကြောင်း။ **ဦးမျိုးခိုင်**

---

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မောင်ကျော်မျိုးထက်[၁၂/အစန(နိုင်)၂၂၅၉၀၅]သည် မိဘဆွေမျိုးများ သိက္ခာကျအောင် လုပ်ဆောင်သွားသဖြင့် သားအဖြစ်မှအပြီးအပိုင် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။

**ဦးမျိုးညွန့်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၉၂)၊ ငမိုးရိပ် ၇လမ်း၊ အပိုင်း(၁)၊ ငမိုးရိပ်ရပ်ကွက်ရှိ ပေ(၁၂ ပေခွဲ×၅၀) ရှိ (မြေညီ-ဘီ) တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညိုညိုစိုး[၆/ပလန(နိုင်)၀၀၅၀၅၇]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နှင်းထွဋ်[၁၀/မဒန(နိုင်)၁၇၃၆၃၆]
ဖုန်း-၀၉-၉၇၄၉၇၆၃၂၇၊ ၀၉-၅၁၆၉၇၁၆**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၀) (ကံ့ကော်တိုက်)၊ ၄-ခန်းတွဲ၊ (၆)ထပ်တိုက်၏ တိုက် (B)၊ အခန်း (6-B)၊ အကျယ်အဝန်း (၁၄၂၇)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စောသန္တာအောင် [၁၃/လလန(နိုင်)၀၄၂၂၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေအချို့ကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်ရန်မရှိလျှင် အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ကိုကိုဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)
တိုက်(၁၀)၊ အခန်း (B-6)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၁၆၉၄၆၀၊ ၀၉-၈၆၃၀၂၁၀**

---

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း

**Plastic HDPE Bottle(၅)မျိုးနှင့် Plastic PET Bottle(၄)မျိုး၊
စုစုပေါင်း(၉)မျိုး အဝယ်တင်ဒါ**

၁။ ဝယ်ယူမည့် ပစ္စည်းအမည်နှင့် အရေအတွက်

| ပစ္စည်းအမည် | အရေအတွက် |
|---|---|
| (က) 1oz Plastic Bottle with Cap & Aluminium Top Seal | ၄၃၀၀၀၀၀စုံ |
| (ခ) 2oz Plastic Bottle with Cap | ၃၈၀၀၀၀၀စုံ |
| (ဂ) 3oz Plastic Bottle with Cap & Aluminium Top Seal | ၁၂၀၀၀၀၀စုံ |
| (ဃ) 4oz Plastic Bottle with Cap & Aluminium Top Seal | ၃၀၀၀၀၀စုံ |
| (င) 1/2oz Plastic Bottle with Cap | ၅၀၀၀၀၀စုံ |
| (စ) 500ml PET Bottle with Cap(White) (31g) | ၄၅၀၀၀၀စုံ |
| (ဆ) 500ml PET Bottle with Cap(Amber) (31g) | ၂၅၀၀၀၀စုံ |
| (ဇ) 100ml PET Bottle with Cap(White) | ၉၀၀၀၀၀စုံ |
| (ဈ) 100ml PET Bottle with Cap(Amber) | ၁၃၀၀၀၀၀စုံ |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၄-၆-၂၀၁၈ရက် ညနေ(၄း၀၀)နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်။**

**တယ်လီဖုန်းအမှတ်-
၀၆၇-၄၀၈၃၈၈**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူသော လူနာများအတွက် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါး/ဆေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်သွင်းရောင်းချလိုသည့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။
(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံးဓာတ်ဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumables)နှင့် အောက်စီဂျင်
၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်- ၁၅-၅-၂၀၁၈ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) (၁၆း၀၀) နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ
ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ပိတ်လေလံခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပြည်တော်သစ်အိမ်ရာရှိ (၆)ခန်းတွဲ (၄)ထပ် အဆောက်အဦဟောင်း(၁)လုံးအား ဖြိုဖျက်ရှင်းလင်းနိုင်ရေးအတွက် လေလံတင်ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ပိတ်လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) လေလံလျှောက်လွှာရောင်းချမည့်ရက် - ၁၆-၅-၂၀၁၈ရက်မှ ၂၉-၅-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)
(ခ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်
(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်ရက် - ၃၀-၅-၂၀၁၈ရက်(ရုံးချိန်အတွင်း)
၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၃၇၅၀၃၇၊ ၀၁-၃၈၇၂၆၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အဆောက်အဦဟောင်းဖျက်သိမ်းရှင်းလင်းရေးကော်မတီ**

---

## လုံခြုံရေးဝန်ထမ်း(၃၀)ဦး၊ မ(၁၀)ဦး အလိုရှိသည်

- အသက်(၁၈)နှစ်မှ (၅၀)နှစ်ကြား၊ ကျန်းမာသန်စွမ်းသူ အမျိုးသား။
- နယ်မှလာသူ နေစရိတ်ငြိမ်း၊ ရက်မှန်ကြေး/OTကြေး/နှစ်တိုးခံစားခွင့်ရှိ။
- အလယ်တန်း၊ အထက်တန်းအဆင့်၊ ဘွဲ့ရအဆင့် လျှောက်ထားနိုင်သည်။

**Ever Safe Security Co.,Ltd
ဖုန်း-၀၉-၇၈၅၅၀၂၁၅၅၊ ၀၉-၉၇၇၈၁၅၁၀၆
အမှတ်(၁၇၁)၊ အနောက်ရွှေဂုံတိုင်လမ်း၊ (ရေဝတီဘဏ်ဘေးလမ်းကြား)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

---

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၁ (သာခုကန်စက်မှုဇုန်)၊ မြေကွက်အမှတ်(၉၁)ဟု ခေါ်တွင်သော အလျားပေ(၂၂၅/၂၂၆)× အနံပေ(၄၅၀/၄၅၁)၊ ဧရိယာ(၂. ၃၃၂၈ဧက)နှင့် မြေကွက်အမှတ်(၉၂)ဟုခေါ်တွင်သော အလျားပေ(၂၄၀/၂၄၁)×အနံပေ(၄၅၁/၄၅၂)၊ ဧရိယာ(၂. ၄၉၃၈ဧက)ရှိသော နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်အား အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသည့် (၁) ဒေါ်ခင်ခင်အေး [၉/မကန(နိုင်)၁၁၃၂၂၅]နှင့် (၂) ဦးမင်းသက်ထွေး [၉/မကန(နိုင်)၁၂၃၄၄၁]တို့မှ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်ရှိပိုင်ဆိုင်ထားပြီး ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်းထားခြင်းအစရှိသည်တို့မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၁၀)
ဖုန်း-၀၉-၅၀၅၂၉၆၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၉၀။ မြေကွက်တည်နေရာအမှတ်(၉၀)၊ ခတ္တာလမ်း၊ (၁)ရပ်ကွက်၊ (ဒေါ်ကျင်လှ ISN- ၁၈၂၁၆၄) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်လှ (မိခင်) ဖြစ်သူသည် (၃၁-၁၂-၁၅)ရက်တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးနွဲ့စိန်သည် (၁၉၉၅) ခုနှစ်တွင်လည်းကောင်း ကွယ်လွန်၍ ဒေါ်မြင့်မြင့်သန်း[၁၂/ဥကမ(နိုင်)၁၂၁၉၂၂]၊ ဒေါ်ခင်ဆွေဝင်း[၁၂/ဥကမ(နိုင်)၀၇၁၃၂၀]၊ ဒေါ်ဝင်းမာ[၁၂/ဥကမ(နိုင်)၀၃၄၆၇၀]၊ ဒေါ်နိုင်နိုင်ဝင်း[၁၂/မရက(နိုင်)၀၇၄၀၂၃]၊ ဦးဝင်းထွဋ်[၁၂/ဥကမ(နိုင်)၀၃၄၆၆၅]၊ ဒေါ်ခင်မြတ်ထွေး[၁၂/ဥကမ(နိုင်)၀၃၇၀၈၉]တို့မှ သားသမီးများနှင့် ချွေးမတော်စပ်ကြောင်းနှင့် ဦးဇော်လွင်သည် (၁၅-၈-၁၅)ရက်တွင် ကွယ်လွန်၍ ၎င်း၏အစုအတွက် ဒေါ်ခင်မြတ်ထွေးမှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၃/၁၉၆၆ (၂၂-၃-၁၈) ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဂရန်မူရင်း၊ ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ ၂/၂၁၂၁ (၂၆-၂-၁၈)တို့ တင်ပြ၍ဒေါ်ဝင်းမာမှ ၎င်းကိုယ်တိုင်နှင့် ကျန်(၅)ဦးတို့၏ G.P No. ၈၈၃၇/၁၇ (၂၁-၉-၁၇) ဖြင့် ရရှိပြီး ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ်သွပ်မိုးပျဉ်ထောင် အဆောက်အအုံဟောင်း (လူမနေ) ရှိပြီး လျှောက်ထားသူ G.P ဒေါ်ဝင်းမာမှ သော့ဖွင့်ပြပြီး တာဝန်ယူပါကြောင်း ဝန်ခံကတိပြုချက်တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက် (ပညာရေးရပ်ကွက်)၊ ပီမိုးနင်း(၂)လမ်း၊ အမှတ်-၅၆၉ တွင် နေထိုင်သူ ဒေါ်ယွန်းအိန္ဒြာအောင် (ဘ-ဦးဇော်ဝင်းအောင်) [၁၂/အစန(နိုင်)၁၉၅၈၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ယွန်းအိန္ဒြာအောင်သည် ၎င်း၏မိတ်ဆွေအပေါင်းအသင်းများအကြားတွင် ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်နေထိုင်လျက်ရှိပါသည်။ ထို့ပြင် ၎င်းသည် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် ကျိုးနွံစွာရပ်တည်၍ မှန်ကန်သောနည်းလမ်းဖြင့် လုပ်ငန်းဆောင်တာများကို ကြိုးစားလုပ်ကိုင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

သို့သော် ယခုအချိန်၌ ကျွန်ုပ်တို့မိတ်ဆွေ၏ ကိုယ်ကျင့်တရား၊ ဂုဏ်အသရေကို ထိခိုက်၊ နိမ့်ကျစေမည့် ရေးသားမှုများနှင့် ၎င်း၏ရုပ်ပုံ၊ ဓာတ်ပုံမှတ်တမ်းများကို ပြင်ဆင်တည်းဖြတ်၍လည်းကောင်း၊ မူလအတိုင်းအသုံးပြု၍လည်းကောင်း၊ ၎င်း၏အမည်အပြည့်အစုံ၊ ၎င်း၏အမည်အတိုကောက် (အချို့အဝက်ကို)တို့ကို အင်တာနက်(အွန်လိုင်း)စနစ် အသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာ (Facebook Account) များဖွင့်လျက် အခြားသူများက ရေးသားဖော်ပြနေကြောင်း အထောက်အထားများအရ သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေကို ကိုယ်ရောစိတ်ပါထိခိုက်နစ်နာစေမည့်၊ ဂုဏ်အသရေပျက်စေမည့်၊ စိတ်ငြိုငြင်စေမည့်၊ စိတ်သောကရောက်စေမည့်၊ စိတ်အနှောင့်အယှက်ဖြစ်စေမည့် ဆောင်ရွက်ချက်၊ ရေးသားချက်၊ ပုံရိပ်ဖော်ပြချက်များ ဆက်လက်မပြုလုပ်ပါရန် လေးစားစွာ အသိပေးသတိပေးအပ်ပါသည်။ အဆိုပါလူမှုကွန်ရက်စာမျက်နှာ (Facebook Account)များကို အသုံးပြုသူများသည် မိမိတို့အစီအစဉ်ဖြင့် ပိတ်သိမ်း(ဖျက်သိမ်း)ပါရန် သတိပေးအပ်ပါသည်။ ဤကြော်ငြာပါရှိပြီး နောက်ပိုင်းတွင် အထက်ဖော်ပြပါအတိုင်း ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်အသရေကို ထိခိုက်စေမှုများ ဆက်လက်ပြုလုပ်နေမည်ဆိုပါက အဆိုပါလူမှုကွန်ရက်စာမျက်နှာ (Facebook Account)များ အသုံးပြုသူတို့ကို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ကျော်ထိုက်(LL.B,D.B.L,D.I.R)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၈)**

**ဦးသန့်ဇင်ဦး(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၅၈၈၇)**

**Justice and Independent Track Law Firm (The track of Justice and Independence)
အမှတ်-၃၃/၄၉၊ အခန်း-၃၆ (ပထမထပ်)၊ ရှိုင်းကွန်ဒို(Strand Condo Office)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၇၀၅၆၄၊ ၀၉-၄၂၅၀၃၉၅၂၂**

---

**ထာ ဝ ရ ကု သိုလ် ရ ယူ ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့**

## MINGALAR CINEMAS

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၃၅၅၆ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၇၈၄၂၀၀၀ ၀၉၄၅၇၈၄၂၀၀၁ | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉ ၂၆၁၃၉၀၁၁၅၅ ၀၉ ၂၆၁၃၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်မြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉-၂ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၁ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃ | မင်္ဂလာ ရွှေဟသာ (ပဲခူး) ၀၉၄၂၈၀၃၆၆၉၄ ၀၉၄၂၈၀၃၆၆၉၅-၆ | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၁ ၀၉၄၄၁၁၂၂၈၈၂-၃ | မင်္ဂလာ မြစန္ဒာ(မုံရွာ) ၀၉၇၆၆၆၆၂၅၈၁၂၃ / မင်္ဂလာ Ocean ၀၉၇၆၆၆၆၂၅၈၅ ၀၉၇၆၆၆၆၂၅၈၆-၇ |

### ဖိုးရိုက်
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Roy၊ မင်္ဂလာ(ဂမုန်းပွင့်)၊
မန္တလေး - ဝင်းလိုက်၊ မန်းနေပြည်တော်၊ မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ  မကွေး - မင်္ဂလာစံပြ
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟသာ
တောင်ငူ - NEW 3D CINEMA  မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

### ဒုဗ္ဗဝတီကိုလွမ်း၍ ၁
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)

### ဝုန်းပစ်လိုပ်မယ်
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မြို့မ၊ မင်္ဂလာ ဒိုင်းမွန်း  ပဲခူး - မင်္ဂလာ Icon
ပြည် - မင်္ဂလာထွန်းသီရိ  မုံရွာ - မင်္ဂလာ Ocean

### DEADPOOL 2
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(၂)ဒဂုံစင်တာ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း  မကွေး - မင်္ဂလာစံပြ
ပြည် - မင်္ဂလာထွန်းသီရိ  မော်လမြိုင် - မင်္ဂလာဘုရင့်
ပဲခူး - မင်္ဂလာ Icon  မုံရွာ - မင်္ဂလာ Ocean

### A QUIT PLACE
ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်၊
တောင်ငူ - NEW 3D CINEMA

### AVENGERS INFINITY WAR(3D)
ရန်ကုန် - နေပြည်တော်

### ဥပါဒါန်
ပြည် - မင်္ဂလာထွန်းသီရိ  ပဲခူး - မင်္ဂလာ Icon
မုံရွာ - မင်္ဂလာ Ocean

## ၁၈ . ၅ . ၂၀၁၈ နေ့မှ ပြသမည့်ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ




## PARAMI — PARAMI GENERAL HOSPITAL - YANGON

ပါရမီအထွေထွေရောဂါကုဆေးရုံ ရန်ကုန်၏ အထူးအစီအစဉ်

# မိုးရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း

နေ့စဉ်နံနက် (၈) နာရီ မှ ည (၇) နာရီ အထိ ၂၀၁၈ ခုနှစ် မေလ( ၁၅ )ရက်နေ့ မှစတင်ထိုးနှံနိုင်ပြီ (၁၀)လွှာ အထူးပြင်ပလူနာဌာန

တမေးတည်း မေးနေကြသော မိတ်ဟောင်းမိတ်သစ်များအတွက် တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ပါရမီအထွေထွေရောဂါကုဆေးရုံ ရန်ကုန်တွင် ပြုလုပ်နေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်...

**ကလေး / လူကြီး** အရွယ်မရွေးအတွက် မိုးရာသီတုပ်ကွေးကာကွယ်ဆေးအပြင် အခြားသော အောက်ပါကာကွယ်ဆေးများကို ထိုးနှံပေးနေပါသည်။

**ကာကွယ်ဆေးများ**
- ဂျပန်ဦးနှောက်ရောင် ရောဂါ ကာကွယ်ဆေး
- အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး
- ဝက်သက်၊ ဂျိုက်သိုး၊ ပါးချိတ်ရောင်ရောဂါ ကာကွယ်ဆေး ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာ၊ ပိုလီယို၊ ဦးနှောက်အမြှေးရောင် ရောဂါကာကွယ်ဆေးနှင့် အခြားသော ရောဂါ ကာကွယ်ဆေးမျိုးစုံတို့ကို ထိုးနှံပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးလိုသူများအနေဖြင့် တချင်းပေးသွင်းနိုင်ပါသည်

ပထမဆုံး တုပ်ကွေးကာကွယ်ဆေး လာရောက်ထိုးနှံမည့်သူ **အယောက်(၁၀၀)** အား **အထူးလက်ဆောင်** ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်(၆၀)၊(ဂျီ-၁)၊ ပါရမီလမ်းသစ် (ချော်တွင်းကုန်းမီးပွိုင့်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(95-1) 651674, 657228, 657230, 657232 (Ext: 1013)

## Winner Super Diamond Pile Co., Ltd.
## W.S.D Group

ISO 9001:2015 Cert. No. 734649



# W.S.D Pile



YCDC Licence No.PL-12, MCDC Licence No.PI-006

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd


ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ







**Aung's College (Tu Tu - Su Su)**
**နိုင်ငံခြားရေးဝန်ကြီးဌာန–အငယ်တန်းစာရေး**
**ရာထူး(၃၀)နေရာ၊ ကျား(၁၅)၊ မ(၁၅)အတွက်**
(အထူးသီးသန့်သင်တန်းများစတော့မည်အမြန်ဆက်သွယ်ပါ)
၁၀၆၊စဥ့်အိုးတန်းလမ်း၊လသာ။ ဖုန်း– 250727,09-5163884

## အမည်ပြောင်း

ဒဂုံမြို့သစ်တောင်ပိုင်း အမက(၂၀) ပထမတန်းမှ ဦးမောင်မောင်သိန်း [၇/ညလပ(နိုင်)၁၁၈၆၄၅]၏ သားဖြစ်သူ မောင်ရဲရင့်ဟိဏ်းအား မောင်ထက်အောင်ရှိုင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## Taxi ငှားမည်

Nissan AD Van
တစ်နေ့လျှင် (၁၁၀၀၀)ကျပ် အိမ်ပေးငှားမည်။
Ph:09-5120402, 09-972041260

## တိုက်ခန်းငှားမည်

မုဒိတာအိမ်ရာ (၁)၊ အခန်း(B) ငှားရမ်းမည် ဖြစ်ပါသည်။
Ph:09-259696864

## ပျောက်ဆုံးကြောင်း

ဦးမင်းဇင်သန့်[၁၂/စခန(နိုင်)၀၆၆၆၈၉]၏ CDC 75794နှင့် နိုင်ငံကူးလက်မှတ်အမှတ် MB 196728မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၀၇၇၆၁၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ မြင်သာ(၉)လမ်း၊ အမှတ် (၁၀၆/၁)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်မှ ဒုတိယထပ် (B)ခန်း၊ ဧရိယာ(၇၅၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးထွန်းမြတ်ဦး [၁၂/ သလန(နိုင်)၀၃၄၅၇၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးစောချမ်းသာဦး-ဒေါ်ဖြူဖြူဇင်ဦး တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**Ph- 09765603599, 09-450023651**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)**
**Ph-01-9345266, 09254508917**
**Level-7, Office Tower 2, HAGL Myanmar Centre Tower,**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အမည်ပြောင်း

ဦးစန်းယုထွန်း [၁၂/လမန(နိုင်)၀၀၅၁၇၉]၏ သားဖြစ်သူ ဖျာပုံမြို့ ထ(ခွဲ) အလက (၁) အဋ္ဌမတန်းမှ မောင်ဖြိုးသူရကျော်အား မောင်ဖြိုးသူရဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဖြိုးသူရ**

## ပျောက်ဆုံးခြင်း

ကျွန်တော်များ Shwe Me Co., Ltd. ၏ သွင်းကုန်လိုင်စင်အမှတ် IL4 16_17 6377 22/11/2016 နှင့် ပို့ကုန်လိုင်စင်အမှတ် MQEL 6 16_17 0677 25/11/20 တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၁ - ၂၃၀ ၁၇၈၇
၀၉ - ၂၆၂၀၀၀၀၃၀

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုပန်းခြံ(MIP)၊ အမှတ်(၁၂-အေ)ရှိ MacDo Co.,LTD (ဆံပင်တုစက်ရုံ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

MacDo Co.,LTD (ဆံပင်တုစက်ရုံ)သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ကုမ္ပဏီတည်ထောင်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိကာ ကုမ္ပဏီအလုပ်သမားရေးရာ ကိစ္စများအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် Facebook လူမှုကွန်ရက်များပေါ်တွင် မှန်ကန်ပြည့်စုံမှုမရှိသည့် အကြောင်းအရာများကို ရေးသားဖော်ပြခြင်း၊ မျှဝေခြင်း၊ ထောက်ခံဆွေးနွေးခြင်းများကို လူမှုကွန်ရက်အသုံးပြုသူ အချို့က ဆက်တိုက်ပြုလုပ်လာသည်ကိုတွေ့ရပြီး သတင်းမီဒီယာအချို့တွင်လည်း ကုမ္ပဏီ၏တာဝန်ရှိသူများအား မေးမြန်းခြင်းမရှိဘဲ တစ်ဖက်သတ်ရေးသားဖော်ပြခြင်းများ ပြုလုပ်လာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် ထိခိုက်နစ်နာမှုများ ပေါ်ပေါက်နေရပြီး ဈေးကွက်အတွင်း ထုတ်ကုန်များကျဆင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ထုတ်ကုန်များ ကျဆင်းလာစေရန် ရည်ရွယ်၍ ဆက်လက်ဆောင်ရွက်သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် လေးစားစွာ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဟိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၈၁)**
**အမှတ်(၁၄)၊ နွယ်နီလမ်း၊ ၆-ရပ်ကွက်၊ တပ်မြေ၊ ပုဇွန်တောင်မြို့နယ်၊**
**ဖုန်း-၀၉-၄၃၀၁၈၆၈၂**

## ဝင်ငွေကောင်းလည်ပတ်ဆဲ ၅ထပ်တိုက်သစ်တည်းခိုခန်းရောင်းမည်

မြောက်ဥက္ကလာ၊ သုဓမ္မာလမ်း မယ်လမုဘုရားမီးပွိုင့်မှ ဓါတ်တိုင် ၅တိုင်အကွာရှိ ဘုန်းကြီးလမ်း (အာသာဝတီလမ်းမ)ပေါ် တည်းခိုခန်း ရောင်းမည်၊ ၂၀ပေ×၅၀ပေ၊ RC ၅ထပ်တိုက် အခန်း၁၈ခန်း၊ အခန်းတိုင်းအဲကွန်း၊ ရေခဲသေတ္တာ၊ ဘိုထိုင်၊ ကြွေပြားကပ်ပါရှိသည်။ ကိုယ်ပိုင်မီးစက်၊ ကိုယ်ပိုင်ထရန်စဖော်မာရှိသည်။

သိန်း ၄၇၀၀(ညှိနှိုင်း) ဆက်သွယ်ရန် ၀၉၂၅၁၀၃၅၃၂၉

## ရွှေမဟာ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09 -5106146
09 -775106146

## Lucky Brothers

အိမ်၊ ခြံ၊ မြေ –ရောင်းဝယ်ရေး
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များ
ဈေးမှန်ပေးဝယ်သည်။
Ph:09 5109285, 09 5173511, 09 5044836

# တော တောင် ပျက် ပြုန်း မြေ ဆီ သုဉ်း ၏


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့်MAB Bank မှပေးသော Discount နှင့်အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches








## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ

| | |
|---|---|
| စတင်ရောင်းချမည့်ရက် | - ၁၄-၅-၂၀၁၈ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၁၃-၆-၂၀၁၈ရက်(ညနေ ၄း၀၀ နာရီ) |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ၎င်းဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန်လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်း (Reagent and Consumable)များအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန် | - ၁၆-၅-၂၀၁၈ ရက် နံနက်(၁၀း၀၀)နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၁၃-၆-၂၀၁၈ရက်၊ ညနေ(၄း၀၀)နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကိုသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၈၄၁၄၉ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၅၇သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**




ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်သန်းရွှေ(မြို့မ)

(ကျောက်တန်း)

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၆၃၅)နေ (ဦးမောင်ခင်-ဒေါ်နှင်းမေ)တို့၏သမီး၊ (ဦးဘခင်-ဒေါ်လှရွှေ)တို့၏ သမီးချွေးမ၊ ဆရာကြီးဦးစိုးဝင်း (မြို့နယ်သတင်းထောက်)၏ဇနီး၊ ဦးမျိုးကြွယ်(ဦးစီးအရာရှိ-ငြိမ်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-(ဒေါ်ခင်စန်းစန်း)၊ ဦးအောင်သန်း(ကမ္ဘာ့ရတနာဘဏ်-သုံးခွ)-ဒေါ်ခင်ဝင်းရွှေ(အ. ထ. က-၁၊ သန်လျင်)၊ ဦးဌေးအောင် (Project Manager, T.N-21 Company Ltd)-ဒေါ်နီလာအောင် (T.N-21၊ မန္တလေးရုံးငွေစာရင်း)၊ (ဦးအောင်ကျော်စိုး)-ဒေါ်အေးအေးပြုံး၊ ဒေါ်မြင့်မြင့်မော်(ခေတ္တ-မလေးရှား)၊ ဦးဝင်းမော်(CB ဘဏ်)-ဒေါ်သစ်သစ်လွင်တို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၅-၂၀၁၈ ရက် နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်စိန် (၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ်(၁၂)၊ ချွန်း(၂)လမ်းနေ (ဦးစံမြ-ဒေါ်မြရင်)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးသက်အောင်-ဒေါ်မြင့်မြင့်အေး၊ (ဦးအောင်ထွန်းဝေ)-ဒေါ်စမ်းစမ်းအေး၊ ဦးခင်မောင်ရီ-ဒေါ်သင်းသင်းအေး၊ ဦးစိုးတင့်၊ ဦးသိန်းဌေး-ဒေါ်နှင်းနှင်းအေးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်တင်စိန်သည် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။ )

ကျန်ရစ်သူမိသားစု

## ဦးလေးမြင့် အသက်(၈၀)

**လ/ထညွှန်မှူး၊ စီမံဘဏ္ဍာ**

ရန်ကုန်မြို့နေ (Dr.ဦးဖိုးပုံ-ဒေါ်ခင်ရွှေ)တို့၏ သားကြီး၊ (ဦးအောင်မြင့်-ဒေါ်ခင်သန်း)၊ ဦးတင်ထွန်း-ဒေါ်တင်တင်မြင့်၊ (ဦးအုံးမာန်)-ဒေါ်ယဉ်ယဉ်မြင့်တို့၏မောင်၊ (ဦးမျိုးညွန့်)-Dr.ခင်မြတ်ဆွေ၊ ဦးကြည်ညွန့်-ဒေါ်ခင်တိုးလွင်၊ ဦးသိန်းမြင့်-ဒေါ်မိမိလွင်၊ Dr.သန်းအောင်-ဒေါ်နီနီ၊ (ဦးပြည်စိုး)တို့၏ အစ်ကို၊ တူ/တူမ ၂၃ယောက်တို့၏ဦးလေးသည် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပညိန္ဒာဘိဝံသ

## သိက္ခာတော် (၆၀)၊ သက်တော်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာကြီး၏ပဓာနနာယက၊ သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာဌာနချုပ်ကြီး၏ မဟာနာယက၊ ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ မဟာနာယက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ သိက္ခာတော်(၆၀)၊ သက်တော်(၈၀)သည် (၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၂ ရက်) ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၇ နာရီတွင် တစ်ဘဝခန္ဓာချုပ်ငြိမ်းသွားပြီဖြစ်ပါသဖြင့် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို (၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် စံကျောင်းတော်ချ၍ မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။

ဈာပနကော်မတီအဖွဲ့

လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာကျောင်း၊ မြန်အောင်မြို့

## ဒေါ်မြတ်မီမီအောင်

**အသက် (၄၃)နှစ်**

ရန်ကုန်မြို့၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၁၃)၊ ငါးလွှာ(A)နေ ဦးတင်အောင်-ဒေါ်ဝင်းမြင့်တို့၏ ချစ်လှစွာသောသမီးကြီး၊ မကွေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အမှတ်(၈၅/၈၇)၊ (၁၁)လမ်းနေ (ဦးစံမောင်)-ဒေါ်ကျင်စိန်တို့၏ သမီးချွေးမ၊ အမှတ်(၂၂-B)၊ ရတနာမွန်(၃)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးဝင်းကို(ဝင်းစံပြပွဲရုံ)၏ချစ်လှစွာသောဇနီး၊ မောင်ခန့်ဝင်းသူ၊ မောင်ပြည့်ဘုန်းမြတ်တို့၏ချစ်လှစွာသောမိခင်၊ ဦးမြင့်ကို၊ ဦးစောလှထွန်း-ဒေါ်ဆွေဆွေဝင်းတို့၏ချစ်လှစွာသောညီမ၊ ဦးသန့်ဇင်အောင်-ဒေါ်အေးစုယဉ်၊ ဦးဇော်သိန်းထိုက်-ဒေါ်မြတ်သန္တာအောင်တို့၏ ချစ်လှစွာသောအစ်မသည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရတနာမွန်(၃)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ရင် (၉၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကင်းတပ်မြို့နေ (ဦးဖိုးတုတ်-ဒေါ်မှိုင်း)တို့၏သမီး၊ (ဦးညွန့်သောင်း)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်နွဲ့နွဲ့ရီ၊ ဦးအောင်စိုး-ဒေါ်နွဲ့နွဲ့သန်း၊ ဦးလှိုင်ညွန့်-ဒေါ်ပိုပိုဆန်း၊ ဦးကျော်ကျော်လှ-ဒေါ်ခင်ဆွေညွန့်၊ ဦးစိန်ကြိုင်-ဒေါ်ခင်ဆွေသက်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ (ဒေါ်တင်တင်)၊ (ဦးစိန်ဉာဏ်-ဒေါ်ခင်ခင်)တို့၏ညီမ၊ (ဦးအောင်သိန်း)-ဒေါ်ညွန့်ညွန့်၊ ဦးကံအေး-ဒေါ်မြင့်မြင့်၊ ဦးမောင်မောင်ကြီး-(ဒေါ်ခင်တင့်)၊ (ဦးမောင်မောင်လေး)တို့၏ အစ်မကြီး၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး၊ တူ/တူမ ၂၁ ယောက်တို့၏အဒေါ် ဒေါ်ရင်ရင်သည် ၁၅-၅-၂၀၁၈ ရက် နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၁၃၊မြေညီ-အောမဟာဘောဂ-၁ လမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့် (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်၊ သုံးဆယ်မြို့နေ (ဦးအောင်သိန်း-ဒေါ်ရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (A/90)လမ်းသစ်လမ်းနေ (ဦးဘစိုး)၏ဇနီး၊ ဒေါက်တာဝင်းကိုရှိန်(မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း)-ဒေါ်တင်တင်ချို (အထက်တန်းပြဆရာမ-ငြိမ်း)၊ ဦးတင်လှိုင် (ခရိုင်ပညာရေးမှူး-မအူပင်)-ဒေါ်ဝင်းမာကျော်(ဦးစီးမှူး/သမ-ငြိမ်း)၊ ဦးထိန်လင်း(မျက်မှန်လုပ်ငန်း၊ မိတ္ထီလာ)-ဒေါ်နွဲ့ဝင်း(အလယ်တန်းပြဆရာမ)၊ ဦးစိုးသိန်း(ကုန်သည်)-ဒေါ်မော်မော်ခိုင်၊ ဦးဇော်လွင်ဦး-ဒေါ်မာမာအေး၊ (မောင်ဝင်းနိုင်)၊ ဒေါက်တာခင်ခင်ဝင်း (မျက်စိအထူးကုဆရာဝန်၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် က/၄ လမ်းထိပ် တို့မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောထွန်း (ပခုက္ကူ)

**အသက် (၈၇) နှစ်**

သူငယ်ချင်း ဦးမြင့်သိန်းထွန်း-ဒေါ်ခင်မို့မို့ကျော်တို့၏ ဖခင်ကြီး ဦးစောထွန်းသည် ၁၁-၅-၂၀၁၈ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS (97))မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဆရာမကြီးဒေါ်သန်းရွှေ(မြို့မ)

**အသက် (၈၃) နှစ်**

**ကျောက်တန်း**

ရွှေမှော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့၊ နာယကဆရာကြီး ဦးစိုးဝင်း၏ဇနီး ဆရာမကြီး ဒေါ်သန်းရွှေသည် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**ရွှေမှော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဇောထွန်း

**အသက် (၅၇) နှစ်**

R.C.I BCMT 3rd Batch မှသူငယ်ချင်း ကျော်ဇောထွန်း(အရိုင်း)သည် ၁၅-၅-၂၀၁၈ ရက် ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရတဲ့အတွက် သူငယ်ချင်းရဲ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**R.C.I BCMT 3rd Batch မှ**

**ဆရာမများနှင့် သူငယ်ချင်းများ**

## ဦးတိတ်ကြည်(ပုသိမ်)

**အသက် (၉၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉၄)၊ ခြောက်လွှာ(B)၊ မြောင်းကြီးလမ်းနေ (ဒေါ်စိန်စိန်)၏ခင်ပွန်း၊ ဦးသန်းစိုး-ဒေါ်မိမိခိုင်(အထက-၅၊ ဗိုလ်တထောင်)၊ (ဦးဝေနိုင်)-ဒေါ်တင်မေခိုင်တို့၏ဖခင်၊ မောင်လင်းအောင်ဇော်-မသီရိသက်ဝေ၊ မဇင်သူသူဝေ၊ မောင်ပိုင်သူဟိန်း၊ မသိမ့်နဒီစိုးတို့၏ ဘိုးဘိုးကြီးသည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သိန်းမြင့်(ပဲခူး)

**အသက် (၆၆) နှစ်**

အမှတ်(၄၉)၊(၁၆)လမ်း၊ ညောင်ဝိုင်းရပ်ကွက်နေ (ဦးအိပ်ချိန်း-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ဒေါ်ခင်မြင့်ကြီး၊ ဒေါ်ခင်ဝင်းရီတို့၏ချစ်လှစွာသောညီမ၊ ဒေါ်ခင်ဝင်းချို၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်မိုးလှိုင်တို့၏ချစ်လှစွာသောအစ်မ၊ ဦးဇော်မင်းသူ၏အဒေါ်၊ မမြတ်နိုးသက်ပိုင်၊ မဆုမြတ်အိမ်စည်တို့၏အဘွားလေး ဒေါ်ခင်သိန်းမြင့်သည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ည ၉း၂၀ နာရီတွင် ကမာရွတ်မြို့နယ်၊ ဂရင်းဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈ (တနင်္လာနေ့)တွင် ပဲခူးမြို့၊ အမှတ်(၄၉)၊ (၁၆)လမ်း၊ ညောင်ဝိုင်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမူ(ခ)ဒေါ်မူ(မြိတ်) (၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ Hiway Complex၊ တိုက်(B)၊ အခန်း(၁၀၄)နေ ဦးဝင်းဟို၏ချစ်လှစွာသောဇနီး၊ မြိတ်မြို့နေ (ဦးစွမ်-ဒေါ်ဘုတ်)တို့၏သမီး၊ (ဦးရှိန်-ဒေါ်သိန်းရှိ)တို့၏သမီးချွေးမ၊ Dr.ဖြိုးမြတ်ခိုင်(CEO, Grand Hantha International Hospital)၊ ကိုဆန်းလင်း (Business Development Manager, Telenor Myanmar Ltd.)၊ မနွယ်နီဖြိုးလှိုင်(General Manager, Yuzana Edible Oil Group)တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၈-၅-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမူ(ခ)ဒေါ်မူ(မြိတ်) (၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနလမ်း၊ Hiway Complex၊ တိုက်(B)၊ အခန်း(၁၀၄)နေ ဦးဝင်းဟို၏ချစ်လှစွာသောဇနီး၊ မြိတ်မြို့နေ (ဦးစွမ်-ဒေါ်ဘုတ်)တို့၏သမီး၊ (ဦးရှိန်-ဒေါ်သိန်းရှိ)တို့၏သမီးချွေးမ၊ (ဦးကျင်တိတ်)-ဒေါ်ဟုန်ကြည်၊ ဦးအင်ပို-(ဒေါ်ရှင်ဝေ)၊ ဦးပုကြည်-ဒေါ်သန်းနုတို့၏ညီမ၊ ဦးဝင်းမြင့်(Director, Yuzana Co., Ltd)-ဒေါ်ကြူကြူ၊ ဝဏ္ဏကျော်ထင်ဦးဌေးမြင့် (Founder, Grand Hantha International Hospital, Chairman, Yuzana Co, Ltd)-ဒေါ်အေးအေးမော်၊ (ဦးလေးမြင့်)-ဒေါ်ရတနာဟန်၊ ဦးကျင်တိုး(Director,Yuzana Co., Ltd)-ဒေါ်သန်းသန်းယု၊ ဦးစိုးဝင်း-ဒေါ်ယုရှင်တို့၏ချစ်လှစွာသောအစ်မသည် ၁၆-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်တင်အုန်း (မင်းပြား) (၆၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၈)လမ်းအထက်၊ အမှတ်(၁၇၁/၁၈၁)၊ အခန်း(၃၃) ၊ တတိယထပ်နှင့် ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၈)လမ်း(လယ်)၊ အမှတ်(၁၈၁)၊ မြေညီထပ်နေ (ဦးလှကျော်-ဒေါ်ဝင်းခင်)တို့၏သမီးကြီး၊ ဦးမျိုးလှ-(ဒေါ်သီတာလှိုင်)၊ ဦးမျိုးနောင်-ဒေါ်အိအိခိုင်၊ ဒေါ်တင်တင်စု (အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ ဦးမျိုးထွန်း၊ ဒေါ်တင်တင်ဝင်း၊ ကိုမျိုးအောင်၊ ကိုမျိုးနိုင်-မအေးအေးမိုး(ခေတ္တ-USA)၊ ကိုမျိုးကျော်(ခေတ္တ-Japan)တို့၏ကျေးဇူးရှင်အစ်မကြီး၊ မောင်မျိုးမင်းတာ-မဆုးစန္ဒာမောင် (ရွှေလမ်းညွှန်အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးသွားပို့ဆောင်)၊ မခိုင်မျိုးတာ၊ မပုံ့၊ မောင်သက်နောင်၊ မမေဘယ်လ်မိုးနိုင်တို့၏ ချစ်လှစွာသောအဒေါ်၊ မောင်ဝေယံမျိုးမင်း၊ မောင်နန္ဒမျိုးမင်းတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀ နာရီတွင် (၂၈)လမ်း(ထက်)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၂၈-လမ်းအထက်နေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မီမီကြိုင်(ခ)မီးငယ်(သုဝဏ္ဏ)

**အသက် (၅၇) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မီးဒုံး(၁)လမ်း၊ တိုက် (၁၄၀)၊ အခန်း (၇)နေ (ဦးလှကြိုင်-ဒေါ်ကျင်မွှေး)တို့၏ သမီးငယ်၊ (ဒေါ်ဘေဘီကြိုင်)၊ (ဒေါ်တင်တင်ကြိုင်)၊ (ဦးမောင်လှိုင်)-ဒေါ်မြင့်မြင့်ကြိုင်၊ ဦးအောင်မိုး-ဒေါ်သန်းမြင့်၊ ဒေါ်သန်းသန်းကြိုင်၊ ဦးမင်းနိုင်-ဒေါ်ခင်လှ၊ ဦးမြအောင်-ဒေါ်စန်းစန်းကြိုင်၊ ဦးစိန်ဝမ်း-ဒေါ်သီတာနွယ်၊ ဦးပြုံးချို(MPPE-ငြိမ်း)-ဒေါ်သန်းသန်းဌေး၊ ဦးထွန်းနိုင်-ဒေါ်မိုးမိုးအေးတို့၏ညီမ၊ တူ/တူမ ၂၂ယောက်တို့၏အဒေါ်သည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊**

**စာရင်းစစ်ချုပ်ရုံး**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၇၆)၊ သုံးလွှာ၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသန့်ဇင်၏ဇနီး၊ ကိုအောင်ဖြိုးမောင်မောင်၏မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်တင်စိန်(ဒေးဒရဲ)

**အသက် (၈၈)နှစ်**

ဒေးဒရဲမြို့နေ (ဦးကြွယ်-ဒေါ်အေးမြ)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၄၅-N-2)၊ (၇)မိုင်ခွဲ၊ တေးနုယဉ်လမ်းနေ [ဦးကျော်မြင့်(နာယက)]၏ဇနီး ဒေါ်တင်စိန် (အသင်းဝင်အမှတ်-၁၆၄၇) (သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)သည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်အေးမူ(မြိတ်) (၇၃)နှစ်

**အသင်းဝင်အမှတ်(၁၁၀၇)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် HighWay Complex၊ ယုဇနလမ်း၊ တိုက်(B)၊ အခန်း (၁၀၄)နေ ဦးဝင်းဟို၏ဇနီးသည် ၁၆-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးတေဇနိယ(ခ)ဦးတင်ရီ(တွံတေး-တက်သစ်)

## သိက္ခာတော်(၂၀)ဝါ၊ သက်တော် (၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၄၂)၊ ညောင်ပင်လမ်းနေ (ဦးအောင်ဖြိုး-ဒေါ်ကျင်မေ)တို့၏သား၊ ဒေါ်မြမူ၏ခင်ပွန်း၊ ဦးအောင်အောင်၊ ဦးညီညီဟန်-ဒေါ်အိအိမိုး၊ ဦးဝင်းမင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်-လှိုင်သာယာမြို့နယ်)-မမော်(ခ)ဒေါ်ခင်မော်မြင့်၊ ဒေါ်ဝေဝေသွင်တို့၏ဖခင်၊ မောင်ဟိန်းမင်းဒွေး(ခ)မောင်သီလ၊ မယမင်းအိ၊ မောင်ကိုဇေယျတို့၏ချစ်လှစွာသောအဘိုး ဦးတေဇနိယ(ခ)ဦးတင်ရီသည် (၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၂ ရက်) ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၁၈-၅-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်း(ခ)ဦးတာကြီး(သာယာဝတီ) (၈၅)နှစ်

**ရုံးအုပ်စာရေးကြီး၊ တရားရေးဌာန(ငြိမ်း)**

သာယာဝတီမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅)နေ (ဦးသိမ်းမောင်-ဒေါ်လေးရှင်)တို့၏သားကြီး၊ (ဦးမောင်မှင်-ဒေါ်ပန်းသင်)တို့၏ သားသမက်၊ (ဦးမျိုးသန့်)-ဒေါ်ခင်ဝင်းဝင်း၊ (ဦးထင်ကျော်)-ဒေါ်သန်းသန်းဝင်းတို့၏အစ်ကို၊ ဒေါ်လှဟန်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာနေဝင်းနိုင်)-ဒေါ်သန်းသန်းနွယ်၊ ဒေါ်မြမြခင်တို့၏ဖခင်၊ ဦးနိုင်သောင်းထိုက်(VUC)၊ ဒေါ်ဆွေနွယ်လတ်(VUC)၊ ဒေါ်မျိုးမျိုးသက်၊ ဦးမျိုးသွင်၊ ဦးသူနိုင်(VUC)၊ မအိအိသိန်း၊ မဝတီတာတို့၏အဘိုး၊ မြစ် ၁၀ ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၈(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါအရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်(ခ)ဦးဖိုးထောင်(မိုးကုတ်)

**အသက် (၆၈) နှစ်**

မန္တလေးမြို့၊ (၂၂)၊ စီလမ်း၊ ပုလဲငွေရောင်ရပ်နေ (ဦးအောင်မြ-ဒေါ်ချို)တို့၏သား၊ (ဦးအောင်မြင့်)-ဒေါ်ညွန့်ရီတို့၏သားသမက်၊ ဒေါ်တူးမာ၏ချစ်လှစွာသောခင်ပွန်း၊ကိုမောင်မောင်လွင်-မခင်မိုးအေး၊ မသူဇာ၊ ကိုကျော်သောင်း-မအေးသီတာဝင်း၊ မဇာခြည်ဝင်း၊ ကိုအောင်အောင်-မသီရိ၊ မောင်နောင်နောင်၊ မောင်ဘိုဘိုတို့၏မွေးသဖခင် ဦးဝင်းမောင်သည် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ (ခ/၃၆၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အန်ထော်နီမာ (၆၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဆရာစံရပ်ကွက်၊ အမှတ်(၃)၊ အနောက်မဟာဗောဂလမ်းနေ (ဆွာရီမူတူးဦးမောင်လှ-ဒေါ်ထရေစမ္မားလ်)တို့၏သမီး၊ ဦးမာရီယရှို့ချ်-ဒေါ်စန္တိမာ(ဘီးလင်း)၊ (ဒေါ်ရို့စ်မေရီ)-ဦးရာဂျူး(သန်လျင်)၊ ဘုန်းတော်ကြီး ဖာသာရ် ဆူးဆေး(မော်လမြိုင်)၊ (ဆရာဦးမောင်မောင်လွင်)-ဒေါ်အေးမိုးလှိုင်(ဘီးလင်း)တို့၏ညီမ၊ ဘုန်းတော်ကြီး ဖာသာရ်ဂျိုးဇက်မောင်ဝင်း(စိန်မေရီကာသီဒြယ်-ရန်ကုန်)၊ ဒေါက်တာဦးကျော်-ဒေါ်စန်းမြင့်ကြည်(တိုက်ကြီး)၊ ဒေါက်တာဒေါ်လှမြင့်(MLA-ရန်ကုန်)၊ ဆရာမဒေါ်ဌေးမြင့်-ဦးမောင်မောင်(ဘီးလင်း)၊ ဒေါက်တာဒေါ်ရီရီတင်(ဆေးဝါးတက္ကသိုလ်-မြောက်ဥက္ကလာပ)၊ ဒေါ်မေရီ(စာရင်းစစ်ဦးစီးဌာန-နေပြည်တော်)၊ ဆရာဦးနေထွန်း(ဘီးလင်း)၊ ဒေါ်မိုးမိုး-ဂျွန်ဘော်စကို(ဘီးလင်း)တို့၏အစ်မကြီး၊ တူ/တူမ ၂၀ ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်အန်ထော်နီမာသည် ၁၅-၅-၂၀၁၈ ရက် ညနေ ၆း၂၀ နာရီတွင် ဘီးလင်းမြို့ နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ဘီးလင်းမြို့၊ စိန့်ထရေးဇား ကက်သလစ်ဘုရားရှိခိုးကျောင်း၌ မစ္ဆားတရားတော်မြတ်ပူဇော်ပြီး ဘီးလင်းမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစုဝင်များ

## ဦးကျော်ဇောထွန်း (၅၇)နှစ်

**B.Sc(Geology-83), M.A (German/UFL)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၄၄)၊ သုံးလွှာနေ (ဦးစန်းထွန်း)-ဒေါ်သန်းသန်းလှတို့၏သားကြီး၊ (ဦးခင်မောင်မြင့်-Dr.ဒေါ်သိန်းဟန်)တို့၏သားသမက်၊ ဒေါ်ချယ်ရီမြင့်(မျက်ကပ်မှန်)၏ခင်ပွန်း၊ မောင်ဝေယံထွန်း(အလုပ်သင်ဆရာဝန်၊သွား/ဆေး)၏ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ပြေီအေးအေးမြင့်(လ/ထ စက်ရုံမှူး၊ BPI)၏မောင်၊ ဦးအောင်သိန်းထွန်း(TA Resources Myanmar)-ဒေါ်စန္ဒာလေးကို(MFTB)၊ ဦးသူရထွန်း-ဒေါ်လင်းလင်းတို့၏အစ်ကိုကြီး၊ မယွန်းဝတီအောင်(အထက-၂၊ ကမာရွတ်)၊ မောင်သူရလင်းထွန်း(အမက-၆၊ ကျောက်တံတား)၊ မောင်သူရမင်းထွန်းတို့၏ဘကြီး ဦးကျော်ဇောထွန်းသည် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေယာများ မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောင်သူ ၅၂၈ ဦးထံ စိုက်ပျိုးမြေ ၄၉၃၂ ဧက လွှဲပြောင်းပေးအပ်နိုင်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန့်ဘလူမြို့၌ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**ကလေး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သိမ်းဆည်းခံမြေယာများ မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ သုံးကြိမ် ကျင်းပနိုင်ခဲ့ပြီး တောင်သူ ၅၂၈ ဦးထံ စိုက်ပျိုးမြေ ၄၉၃၂ ဧက လွှဲပြောင်းပေးအပ်နိုင်ခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒုတိယအများဆုံး ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်ပွဲ အခမ်းအနား၌ အမှာစကား ပြောကြားရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက မိမိတို့နိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စာမျက်နှာ ၈ ကော်လံ ၁ သို့

# မိုးကောင်းမြို့နယ်၌ ရထားလမ်း မိုင်းပေါက်ကွဲမှုဖြစ်ပွား

## တာဝန်ရှိသူများက ခရီးသည်များ သွားလိုသည့်နေရာသို့ မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေး



**မိုးကောင်း မေ ၁၆**

မိုးကောင်းမြို့နယ် မရမ်းဘူတာနှင့် နမ္မတီးဘူတာကြား မိုင်တိုင်အမှတ် (၆၉၅/၂၄-၂၃) တံတားအမှတ်(၆၈၁) (တံတားညီနောင်)၌ မေ ၁၅ ရက် ည ၁၁ နာရီ ၂၅ မိနစ်ခန့်တွင် မြစ်ကြီးနား-ဟိုပင် တွဲငါးတွဲပါ APT မိုင်းရှင်းရထားသည် မိုင်းပေါက်ကွဲမှုဖြစ်ပွားသဖြင့် မိုင်းရှင်းရထား၏ သုံးတွဲမြောက် သံချပ်ကာတွဲနှင့် လေးတွဲမြောက်မိုင်းခံတွဲတို့မှာ ၄၅ ဒီဂရီစောင်းသွားခဲ့ပြီး သံလမ်း ပျက်စီးသွားကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယင်းနေ့ ည ၁၁ နာရီ မိနစ် ၅၀ တွင် မိုးကောင်းမြို့နယ် ထိုပူး-မိုးကောင်းဘူတာသွားရထားလမ်း မိုင်တိုင်(၆၈၂/၁-၂)ကြား တံတားအမှတ်(၆၆၂)သို့ မိုးညှင်းမှ မြစ်ကြီးနားသို့ မောင်းနှင်လာသော အမှတ်(၂၄၇) အဆန်ကုန်ရထား ရောက်ရှိဖြတ်သန်းစဉ် သံလမ်းတွန့်ခေါက်ပြီး တံတားအုတ်ခုံကွဲနေသည်ကို စက်ခေါင်းမောင်း ဦးမျိုးမြင့်က တွေ့ရှိသဖြင့် ရထားကို ထိန်း၍မောင်းနှင်လာခဲ့ကြောင်း၊ မိုးကောင်းဘူတာသို့ မေ ၁၆ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိရပ်နားခဲ့ပြီး မိုးကောင်းဘူတာ ဒုရုံပိုင် ဦးစံသိန်းထွန်းထံ သတင်းပို့ခဲ့ကြောင်းနှင့် အဆိုပါနေရာသို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့

# မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်း တရုတ်နိုင်ငံ၌ ခြေစမ်းမည်

**ရန်ကုန် မေ ၁၆**

တရုတ်ဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို မေ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်တွမ်နီပေး၏ ပထမဆုံး နိုင်ငံတကာပွဲဖြစ်လာမည်ဖြစ်ပြီး ပြင်ဆင်ချိန် အနည်းငယ်သာရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၁ ရက်မှသာ စခန်းဝင်လေ့ကျင့် စာမျက်နှာ ၈ ကော်လံ ၃ သို့


青岛商品丝路行（缅甸展）

Qingdao Silk Road Commodity (Myanmar) Exhibition

Date: May 17-19, 2018 Venue: Myanmar Event Park (MEP)

Qingdao ကုန်စည်ပြပွဲ (မြန်မာနိုင်ငံခရီးစဉ်) ဖွင့်ပွဲ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့ ကုန်သွယ်မှုဖွံ့ဖြိုးရေးရာဝန်ဆောင်မှုစင်တာမှ ဦးစီးကျင်းပသည့် Qingdao ကုန်စည်ပြပွဲ(မြန်မာနိုင်ငံခရီးစဉ်) ကို **မေလ (၁၇) ရက်နေ့ နံနက် ၁၁ နာရီ** မှ စတင်၍ **Myanmar Event Park** ၌ (၃) ရက်တာ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ယခုကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့ ကုန်သွယ်ရေးဌာန နှင့် မြန်မာနိုင်ငံစက်မှုလက်မှုကုန်သည်ကြီးများအသင်းတို့မှ ကူညီပံ့ပိုးပေးထားပါသည်။ တရုတ်နိုင်ငံ Qingdao မြို့ရှိ နာမည်ကျော်ကုမ္ပဏီကြီးများမှ ပါဝင်ပြသခြင်းဖြစ်ပြီး ပြပွဲဧရိယာမှာ စတုရန်းမီတာ (၁၀၀၀) ကျော် ကျယ်ဝန်းပါသည်။ ပြပွဲတွင် ဆောက်လုပ်ရေးကုန်မာပစ္စည်းများနှင့် မီးပန်းမီးဆိုင်းများ၊ စက်ယန္တရားများနှင့် လျှပ်စစ်ဓာတ်အားစက်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများနှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ လက်မှုပစ္စည်းများ အစရှိသည့် ပစ္စည်းအမျိုးပေါင်းများစွာကို ထည့်သွင်းပြသသွားမည် ဖြစ်ပါသည်။

ပြပွဲ၏ အဓိကအစီအစဉ်အနေဖြင့် နှစ်ဦးနှစ်ဖက်လုပ်ငန်းရှင်များအကြား နီးနှောဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်၍ **" နာမည်ကျော်လုပ်ငန်းများ၏ မြို့တော် Qingdao နှင့် ချိတ်ဆက်ကုန်သွယ်စို့ "** ခေါင်းစဉ်ဖြင့် တကမ္ဘာလုံးဆိုင်ရာ ကုန်စည်မိတ်ဆက် ဆွေးနွေးပွဲကြီးကိုလည်း ထိုနေ့ နေ့လည် ၁း၃၀ နာရီ ၌ Myanmar Event Park တွင် တပြိုင်တည်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ အဆိုပါဆွေးနွေးပွဲကြီးတွင် အဓိကအားဖြင့် Qingdao Corporate Identity System၊ Qing Dao Foreign Trade Corporate ၊ China (Qindao) Cross-Border E-Commerce Comprehensive Pilot Area ၊ Corporate Strategy promotes global sharing of Qingdao business opportunities စသည့် အကြောင်းအရာများစွာကို ဆွေးနွေးပြောကြားမည် ဖြစ်သည်။ အဓိကခေါင်းစဉ်အနေဖြင့် Qingdao မြို့၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် လုပ်ငန်းလည်ပတ်နိုင်ရေး တည်ဆောက်မှု အခြေအနေများကို မိတ်ဆက်ပြောကြားသွားမည် ဖြစ်ပြီး SINOTRUK QINGDAO HEAVY INDUSTRY CO.,LTD, QINGJIAN INTERNATIONAL TRADING CO.,LTD., AUCMA HOME APPLIANCE CO.,LTD တို့မှ အထူးထုတ်ကုန်များကို မိတ်ဆက်ပြောကြားကာ မြန်မာနိုင်ငံနှင့် ပတ်သတ်ပြီး ရေးဆွဲထားသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသွားမည် ဖြစ်သည်။

အရစ်ကျညှိနှိုင်းဝယ်ယူမှု အထူးဆွေးနွေးပွဲ ကိုတော့ အထက်ပါဆွေးနွေးပွဲအပြီးမှာ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။ ပါဝင်ဆွေးနွေးမည့် လုပ်ငန်းရှင်ကြီးများအနေဖြင့် မြန်မာနိုင်ငံ၏ ဈေးကွက်လိုအပ်ချက်ကို လိုက်၍ Qingdao ၏ ထူးခြားမှုများလည်း ပါဝင်ပြီး မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်စွမ်းအား၊ လူမှုဘဝလိုအပ်ချက်များနှင့်လည်း ကိုက်ညီစေမည့် လုပ်ငန်းကောင်းများကို မိတ်ဆက်ပြောကြားပြီး နှစ်ဦးနှစ်ဖက် ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းဆွေးနွေးနိုင်မည့် အခွင့်အလမ်းများ ဖြစ်ပေါ်စေရန် ဖန်တီးသွားမည်ဖြစ်ပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ရင်း နှစ်ဦးနှစ်ဖက်အကျိုးအမြတ်ရရှိစေမည့် ပုံစံမျိုးကို အကောင်အထည်ပေါ်ပေါက်လာစေရန် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။